# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday , 7 November 2016 (၈၇၃၈)


**ပညာရှိတို့အားချစ်မြတ်နိုး၏**

အကြင်ပညာရှိတို့သည် သမထစျာန်၌ လေ့ကျင့်အားထုတ်ကုန်၏။ ကာမမှ ထွက်မြောက်မှု ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးတရားကို ကောင်းစွာသိကုန်သော လွန်ကဲသော သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ပြဟ္မာတို့သည်လည်း ချစ်မြတ်နိုးကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ကြည်ညိုပြီး ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၆

၂၀၁၆ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ကြည်ညိုပြီး ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

# တိုက်ပွဲများဖြင့် ယမ်းငွေ့ဝေခဲ့သော ကရင်ပြည်နယ်သည် မကြာခင် စက်ရုံ၊ အလုပ်ရုံများဖြင့် စည်ပင်လာတော့မည်ဖြစ်ရာ အမှန်ပင်ဝမ်းမြောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံးပါဝင်နိုင်ရေး အထူးအရေးကြီး

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား-**

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယနေ့ချိန်ခါသည် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကရင်ပြည်နယ်နေ့ဖြစ်ပါသည်။ ဤနေ့ထူး နေ့မြတ်ဖြစ်သည့် ကရင်ပြည်နယ်နေ့တွင် ကရင်ပြည်နယ်၌ နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများ၊ နိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိသော ကရင်တိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်၊ တိုင်းများ ဖွဲ့စည်းတည်ထောင်ရာတွင် ကရင်လူမျိုးများနေထိုင်သော ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်



## ကထိန်လျာသင်္ကန်းဆက်ကပ်

**မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



## လှူဖွယ်ပစ္စည်းဆက်ကပ်

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

❖ ပြည်ထောင်စုသမ္မတမှ

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

### မြသပိတ်ဆွမ်းဆက်ကပ်

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

### အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ကထိန်အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ငွေကျပ် ၃၁၆၃၄၈၅၀ တန်ဖိုးရှိ ပဒေသာပင်များနှင့် နဝကမ္မလှူဒါန်းငွေကျပ် ၂၇၂၉၅၃၀၀ လှူဒါန်းခဲ့ကြသည့်အတွက် စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေကျပ် ၅၈၉၃၀၁၅၀ ဖြစ်ကြောင်း သိရသည်။

### နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



## နေ့ဆွမ်းဆက်ကပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

# သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်

**လားရှိုး နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ အမှန်တကယ်သီတင်းသုံးနေထိုင်ကြသော မြို့ပေါ်ရှိ ကျောင်းတိုက်ငါးတိုက်မှ ရဟန်း၊ သာမဏေများအား သာသနာဝင်ကတ်ပြားများ ပေးအပ်ဆက်ကပ်ခြင်းကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ရပ်ကွက်(၁) ရန်အောင်မြင်ကျောင်းတိုက်၌ ကျင်းပသည်။

ယင်းသို့ဆက်ကပ်ပေးအပ်ရာတွင် ဒုတိယပြည်နယ်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းရဲထွန်း၊ လားရှိုးခရိုင် ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးလှိုင်၊ လားရှိုးမြို့နယ်ဦးစီးမှူး (ဦးစီးအရာရှိ) ဦးကျော်ကျော်လင်းနှင့် ဝန်ထမ်းများတက်ရောက်ပြီး သာသနာဝင်စိစစ်ရေးကတ်ပြားများအား သံဃာတော်များထံ ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

# အမေရိကန်ပြည်သူများ သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်မဲများပေးလျက်ရှိ




**အိုဟိုင်းယိုး နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင် အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့်သမ္မတရွေးကောက်ပွဲမတိုင်မီ နောက်ဆုံးရက်သတ္တပတ်အတွင်း အမေရိကန်ပြည်သူ မဲဆန္ဒရှင်များက သက်ဆိုင်ရာမဲရုံများတွင် ၎င်းတို့၏ဆန္ဒမဲများကိုစတင်ပေးနေပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

နိုဝင်ဘာ ၆ ရက်တွင် အိုဟိုင်းယိုးပြည်နယ်မြို့တော် ကိုလံဘတ်စ်ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ဖွင့်လှစ်ထားရှိသောမဲရုံသို့ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကာ ၎င်းတို့၏ ဆန္ဒမဲများကို အသီးသီးပေးခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက်ထိတိုင် ကြိုတင်မဲပေးပြီးသူအရေအတွက်သည် နိုင်ငံ၏ မဲပေးခွင့်ရှိသူအရေအတွက်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ပုဂ္ဂလိက အမေရိကန် အဖွဲ့အစည်းတစ်ရပ်ကဆိုသည်။ လွန်ခဲ့သောလေးနှစ်အကြာက မဲပေးသူအရေအတွက်သည် ၄၀ ရာခိုင်နှုန်းထက်ပင် နည်းပါးကြောင်း တွေ့ရှိရသည်။

ထိုသို့နိုင်ငံအဝန်း ကြိုတင်မဲများပေးနေချိန်တွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်း ဟီလာရီကလင်တန်က နိုဝင်ဘာ ၅ ရက်တွင် နိုင်ငံ၏အဓိကကျသော ပြည်နယ်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဖလော်ရီဒါပြည်နယ်၌ မဲဆွယ်စည်းရုံးရေးများ လုပ်ဆောင်လျက်ရှိသည်။ ရွေးကောက်ပွဲရလဒ်သည် မည်သို့ထွက်ပေါ်လာမလဲဆိုသည်ကိုမူ ပြည်သူတိုင်းသိပြီးဖြစ်သည်ဟု ဆန္ဒမဲပေးသူများအား ကလင်တန်က စည်းရုံးပြောကြားခဲ့ကြောင်းသိရသည်။

အလားတူ ဟီလာရီပြိုင်ဘက် ဒေါ်နယ်ထရမ့်ကလည်း ဖလော်ရီဒါပြည်နယ်တွင် မဲဆွယ်စည်းရုံးရေးဆင်းခဲ့သည်။ ပြည်သူများအနေဖြင့် မဲမပေးရသေးသူများရှိပါက မဲရုံများသို့ အမြန်ဆုံးသွားရောက်ကာ ဆန္ဒမဲပေးရန် ဒေါ်နယ်ထရမ့်က တိုက်တွန်းပြောကြားခဲ့သည်။

နိုဝင်ဘာ ၅ ရက်မှစပြီး ယခုအချိန်ထိ အရေးပါသည့်မဲရုံများ၏ ကြိုတင်မဲရလဒ်ထွက်ပေါ်မှုသည် ဟီလာရီကလင်တန်က ၄၆ ဒသမ ၆ ရာခိုင်နှုန်းရရှိပြီး ဒေါ်နယ်ထရမ့်သည် ၄၄ ဒသမ ၉ ရာခိုင်နှုန်းသာရရှိသည့်အတွက် လက်ရှိအချိန်တွင် ဟီလာရီက ၁ ဒသမ ၇ ရာခိုင်နှုန်းအသာစီးရလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## သမ္မတလောင်း ဒေါ်နယ်ထရမ့်မိန့်ခွန်းပြောနေစဉ် လုံခြုံရေးကျိုးပေါက်မှုကြောင့် စတိတ်စင်နောက်သို့ ခေါ်ဆောင်ခြင်းခံရ

**နီဗားဒါး နိုဝင်ဘာ ၆**

နိုဝင်ဘာ ၆ ရက်တွင် အမေရိကန်ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်သည် မဲဆွယ်စည်းရုံးရေး မိန့်ခွန်းပြောနေစဉ် သူ၏လုံခြုံရေး တာဝန်ရှိသူများက လုံခြုံရေးအရဟုဆိုကာ ၎င်းအား စတိတ်စင်နောက်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။ ပရိသတ်များထဲမှ ပြည်သူတစ်ဦးအား လုံခြုံရေးတာဝန်ရှိသူများက ဆွဲထုတ်ခေါ်ဆောင်သွားပြီးနောက် ထရမ့်သည် မိန့်ခွန်းပြန်လည်ပြောကြားခဲ့သည်။

ထရမ့်သည် နီဗားဒါးပြည်နယ်တွင် မဲဆွယ်စည်းရုံးရေး မိန့်ခွန်းပြောကြားနေစဉ် လုံခြုံရေးတာဝန်ရှိသူများက ထရမ့်အား စတိတ်စင်အနောက်ဘက်သို့ အလျင်အမြန်ခေါ်ဆောင်သွားခဲ့သည်။

ရဲအရာရှိများနှင့် လုံခြုံရေးတာဝန်ရှိသူများသည် ပရိသတ်ထဲမှ ပြည်သူတစ်ဦးအား မိန့်ခွန်းပြောကြားနေသည့် အဆောက်အအုံအတွင်းမှအပြင်သို့ ဆွဲထုတ်ခေါ်ဆောင်သွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အသေးစိတ်ကို စုံစမ်းလျက်ရှိသည်။

ထရန့်သည် ၎င်း၏မိန့်ခွန်းပြောကြားမှုကို ခေတ္တရပ်တန့်ခဲ့ပြီး ပြန်လည် ပြောကြားရာတွင် 'ကျွန်တော်တို့အတွက် လွယ်ကူတယ်လို့ဘယ်သူကမှ မပြောခဲ့ပါဘူး။ ပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို ဘယ်အရာကမှ ရပ်တန့်ပစ်လို့မရပါဘူး' ဟု ပြောကြားခဲ့သည်။

အမေရိကန်မီဒီယာများကလည်း ဒေါ်နယ်ထရမ့်၏ ယခုဖြစ်ပေါ်ခဲ့သော ကိစ္စရပ်နှင့် ပတ်သက်ပြီးသတင်းများ ကျယ်ပြန့်စွာ ဖော်ပြလျက်ရှိကြသည်။**အင်န်အိတ်ချ်ကေ။**







## ဆင်ဟွာသတင်းဌာနထူထောင်မှု (၈၅)နှစ်ပြည့်

**ပေကျင်း နိုဝင်ဘာ ၆**

တရုတ်နိုင်ငံ၌ ဆင်ဟွာသတင်းဌာနထူထောင်မှု (၈၅) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် သမ္မတ ရှီကျင့်ဖျင်က ဝမ်းမြောက်သဝဏ်လွှာပေးပို့လိုက်သည်။

ဆင်ဟွာသတင်းဌာန ထူထောင်မှု (၈၅) နှစ်ပြည့် နှစ်ပတ်လည်အခါသမယအထိမ်းအမှတ် အခမ်းအနားကို မြို့တော်ပေကျင်း၌ နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ရာ သမ္မတရှီက ဆင်ဟွာသတင်းဌာန၏ ဥက္ကဋ္ဌ ကိုင်မင်းကျိုထံသို့ ဝမ်းမြောက်သဝဏ်လွှာပေးပို့ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီက ထူထောင်ခဲ့သော ဆင်ဟွာသတင်းဌာနသည် ပါတီ၏ သတင်းဖြန့်ချိရေး လုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း၊ ပါတီ၏ လမ်းညွှန်မှုနှင့်အတူ ဆင်ဟွာသတင်းဌာနသည် ပြည်သူတို့နှင့် တစ်သားတည်းရပ်တည်ကာ သတင်းများကို ဖြန့်ချိပေးနေကြောင်း ပါတီ၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သူ သမ္မတရှီ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**

## ဂျာမနီတပ်မတော်အတွင်း စစ်သွေးကြွများထိုးဖောက်ဝင်ရောက်မှုမရှိစေရေး လုံခြုံရေးစိစစ်မည်

**ဘွန်း နိုဝင်ဘာ ၆**

ဂျာမနီနိုင်ငံ၏ တပ်မတော်အတွင်းသို့ ဘာသာရေးအစွန်းရောက်များ ထိုးဖောက်ဝင်ရောက်မှု မရှိစေရေးအတွက် တပ်သားသစ်များအဖြစ် ဝင်ရောက်လာသူအားလုံး၏ ကိုယ်ရေးအချက်အလက်များကို လုံခြုံရေးအရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီတပ်မတော်အတွင်း အစ္စလာမ္မစ်ဝါဒီ ၂၀ ရာခိုင်နှုန်း စိမ့်ဝင်နေသည်ဟု စစ်ထောက်လှမ်းရေးဌာနက ရှာဖွေဖော်ထုတ် တွေ့ရှိခဲ့ရပြီးနောက် တပ်သားသစ်များအားလုံး၏ နောက်ကြောင်း ကိုယ်ရေးအချက်အလက်များကို စုံစမ်း စစ်ဆေးသွားရန် အစီအစဉ် ပြုလုပ်လျက်ရှိကြောင်း ဖန်ကေးမီဒီယာအုပ်စုက သတင်းထုတ်ပြန်သည်။

တပ်သားသစ်များအဖြစ် အရေခြုံထားဖွယ်ရှိသူ နောက်ထပ် လူပေါင်း ၆၀ နှင့် ပတ်သက်၍လည်း စုံစမ်းစစ်ဆေးသွားမည်ဟု ဆိုသည်။

လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ ဘာသာရေးအစွန်းရောက်များ စိမ့်ဝင်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်သည့် ဥပဒေသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲရန် သင့်၊ မသင့် ပါလီမန်တွင် လာမည့်ရက်သတ္တပတ်များအတွင်း စဉ်းစားသုံးသပ်သွားရန်လည်း ရှိနေသည်။

အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)သည် စစ်ရေးလေ့ကျင့်မှု သင်တန်းတက်ရောက်ပြီးသူများကို အဖွဲ့ဝင်သစ်များအဖြစ် ဖိတ်ခေါ်ကြောင်း ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အင်တာနက် လူမှုကွန်ရက်မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျာမနီနိုင်ငံ၏ လက်ရှိဥပဒေအရ တပ်သားသစ်များသည် ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများကို ရဲတပ်ဖွဲ့ထံ ပေးအပ်ရပြီး ဗဟိုအစိုးရက ပြုစုထားသော မှတ်တမ်းများကို တာဝန်ရှိသူများအား လေ့လာခွင့်ပေးရန် ခွင့်ပြုထားသည်။


ဂျာမနီနိုင်ငံသို့ လွန်ခဲ့သည့်နှစ်က ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူ ၉၀၀၀၀၀ ခန့် ရောက်ရှိလာခဲ့ပြီးနောက် ပြည်တွင်းလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများမြင့်တက်လာခဲ့သည်။

**ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်






အမေရိကန်နိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲဟာ နိုဝင်ဘာ ၈ ရက်နေ့မှာ ကျင်းပမှာမို့လို့ ဘာမှ မလိုတော့ပါဘူး။ အမေရိကန်နိုင်ငံမှာ ဟီလာရီကလင်တန်ကို ထောက်ခံတဲ့ပြည်သူတွေနဲ့ ဒေါ်နယ်ထရမ့်ကို ထောက်ခံတဲ့ ပြည်သူတွေကြား အကြိတ်အနယ်ယှဉ်ပြိုင်နေကြပါတယ်။ ပြည်သူလူထုဆန္ဒသဘောထားကို ကောက်ယူတဲ့ စစ်တမ်းအများစုမှာ ဟီလာရီက သိပ်မများလှတဲ့ ခုဂဏန်း (Single Digit) နဲ့အသာရနေပါတယ်။ ကမ္ဘာ့ပြည်သူအများစုကြီးကတော့ ဒေါ်နယ်ထရမ့်သာ သမ္မတဖြစ်ရင်တော့ ဒုက္ခပါပဲဆိုတဲ့အတွေးနဲ့ အမေရိကန်သမ္မတ ရွေးကောက်ပွဲကို စိတ်ပူပန်မှုအပြည့်နဲ့ စောင့်ကြည့်နေကြပါတယ်။

ဖက်ဒရယ်ထောက်လှမ်းရေး (FBI) က ဟီလာရီကလင်တန်ရဲ့ အီးမေးလ်ကိစ္စကို ပြန်ကိုင်ခဲ့တဲ့အတွက် လူထုထောက်ခံမှုနှုန်းထား တက်လာတဲ့အပေါ် အားတက်နေတဲ့ ဒေါ်နယ်ထရမ့်ဟာ အမေရိကန်တစ်ခွင်တစ်ပြင်ပြုပြစ်ဆိုသလို ပြည်နယ်တစ်ခုပြီးတစ်ခု တက်သုတ်နှင်သွားနေပါတယ်။ ဒေါ်နယ်ထရမ့်က ဖလော်ရီဒါ၊ မြောက်ကယ်ရိုလိုင်းနား၊ နီဗားဒါး၊ ကိုလိုရာဒို၊ အိုင်အိုဝါ၊ မစ်ချီဂန်၊ဝစ်ကွန်ဆင်၊ ပင်ဆယ်လ်ဗေးနီးယား၊ နယူးဟမ့်ရှိုင်းယားနဲ့ မင်နီဆိုတားပြည်နယ်တွေကို သွားမှာပါ။ နိုင်ငံရေးသုံးသပ်သူတွေကတော့ ဒေါ်နယ်ထရမ့်ဟာ ဘယ်ပြည်နယ်တွေမှာ သူအနိုင်ရနိုင်တယ်ဆိုတာကို မခန့်မှန်းနိုင်တော့ စိတ်ကူးပေါက်သလို သွားနေတယ်ဆိုတဲ့ သဘောဝေဖန်ကြပါတယ်။

ရွေးကောက်ပွဲမှာ မဲပေးခဲ့တဲ့အစဉ်အလာကို ပြန်ကြည့်လိုက်ရင် မင်နီဆိုတားပြည်နယ်ဟာ ၁၉၇၂ ခုနှစ် နောက်ပိုင်း ရီပတ်ဘလီကန် သမ္မတလောင်းကို မဲမပေးခဲ့ပါဘူး။ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်နဲ့ မစ်ချီဂန်ပြည်နယ် ဆိုရင်လည်းပဲ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ရီပတ်ဘလီ ကန်သမ္မတလောင်းကို ထောက်ခံခဲ့တာမဟုတ်ပါဘူး။ မစ်ချီဂန်ပြည်နယ်အခြေအနေကိုကြည့်ရင် ၁၉၈၈ခုနှစ် နောက်ပိုင်း ရီပတ်ဘလီကန်သမ္မတလောင်းကို မဲမပေးခဲ့သလို ၂၀၁၆ ခုနှစ်တစ်နှစ်လုံးထောက်ခံခဲ့တဲ့ လူထုစစ်တမ်းတွေမှာလည်း ဒေါ်နယ်ထရမ့်က ဟီလာရီရဲ့ နောက်ကနေ လိုက်ခဲ့ရတာပါ။ ဒီရက်ပိုင်းအတွင်း အီးမေးလ်ကိစ္စကြောင့် အခြေအနေဟာ သူမသာကိုယ်မသာ အခြေအနေမျိုး ဖြစ်နေပါတယ်။ နယူးဟမ့်ရှိုင်းယားပြည်နယ်မှာတော့ ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရမ့်ဟာ သူတင်ကိုယ်တင်ဖြစ်နေပြီး အခြေအနေက ခန့်မှန်းဖို့မလွယ်တဲ့အနေအထားမျိုးဖြစ်နေပါတယ်။ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ဟာ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတွေမှာ ဒီမိုကရက်တစ်ပါတီသမ္မတလောင်းကို မဲပေးခဲ့ပေမယ့် ဒီနှစ် ရွေးကောက်ပွဲမှာတော့ ဒေါ်နယ်ထရမ့်ဘက်ကို ယိမ်းချင်သလိုလို အနေအထားမျိုးဖြစ်နေခဲ့တာပါ။ ဒါပေမယ့် အခုနောက်ဆုံးကောက်ယူခဲ့တဲ့ လူထုစစ်တမ်းတွေအရ ဟီလာရီက ဒေါ်နယ်ထရမ့်အပေါ် လေးရာခိုင်နှုန်းကနေ ခြောက်ရာခိုင်နှုန်းအထိ အသာရနေတာပါ။

ပြောရရင် ကိုလိုရာဒို ပြည်နယ်ဟာ ဒေါ်နယ်ထရမ့်အတွက် အခြေအနေမကောင်းတဲ့ ပြည်နယ်ပါ။ ကိုလိုရာဒိုပြည်နယ်ဟာ အမေရိကန်ပြည်ထောင်စုမှာ ပညာတတ်အများဆုံးပြည်နယ်တွေထဲက တစ်ခုဖြစ်သလို လက်တီနိုလူမျိုးတွေ အင်အားတောင့်တောင့်တင်းတင်း အခြေချနေထိုင်ရာ ပြည်နယ်တစ်ခုပါ။ ဒေါ်နယ်ထရမ့်ရဲ့ လူဝင်မှုကြီးကြပ်ရေးမူဝါဒတွေကြောင့် လက်တီနိုလူမျိုးအများစုက ဒေါ်နယ်ထရမ့်ကို မထောက်ခံကြပါဘူး။ ဒါကြောင့် ကိုလိုရာဒိုပြည်နယ်မှာ ဟီလာရီက ဒေါ်နယ်ထရမ့်အပေါ် အသာစီးရနေတာက အံ့ဩစရာမရှိပါဘူး။ ဖလော်ရီဒါပြည်နယ်ဟာ ဒေါ်နယ်ထရမ့်အတွက် အရေးကြီးတဲ့ပြည်နယ်ပါ။ သမ္မတရွေးကောက်ပွဲမှာ အနိုင်ရဖို့ဆိုရင် ဒေါ်နယ်ထရမ့်ဟာ ဖလော်ရီဒါပြည်နယ်မှာ နိုင်ကိုနိုင်မှဖြစ်မှာပါ။ ဖလော်ရီဒါပြည်နယ်မှာလည်း သမ္မတလောင်းနှစ်ဦးဟာ တန်းတူယှဉ်ပြေးနေတဲ့ပုံစံမျိုးဖြစ်နေပါတယ်။ ဖလော်ရီဒါပြည်နယ်မှာ ကောက်ခံခဲ့တဲ့ Real Clear Politics ရဲ့ စစ်တမ်းတွေအရ ဟီလာရီက အသာရနေပေမယ့် Five Thirty Eight အင်တာနက်စာမျက်နှာမှာ ကောက်ခံခဲ့တဲ့ လူထုစစ်တမ်းမှာတော့ ဒေါ်နယ်ထရမ့်က ၅၂ ဒသမ ၆ ရာခိုင်နှုန်းနဲ့ အသာရနေပါတယ်။ အရီဇိုးနားပြည်နယ်ဟာ အစဉ်အလာအရ ရီပတ်ဘလီကန် ပြည်နယ်လို့ ပြောရမှာပါ။ ၁၉၉၆ ခုနှစ် သမ္မတရွေးကောက်ပွဲမှာပဲ အရီဇိုးနားပြည်နယ်က ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘီလ်ကလင်တန်ကို မဲပေးခဲ့ကြတာပါ။ ဒါဟာ အရီဇိုးနားပြည်နယ်က နှစ်ပေါင်း ၄၀ အတွင်း ဒီမိုကရက်တစ်ပါတီသမ္မတလောင်းကို ပထမဦးဆုံးအကြိမ် မဲပေးခဲ့တာပါ။ လက်ရှိမှာတော့ အရီဇိုးနားပြည်နယ်ရဲ့ ရလဒ်ဟာ ခေါင်းပန်းလှန်ရမယ့်ကိန်းမျိုးဖြစ်နေပါတယ်။

နိုဝင်ဘာ ၅ ရက်နေ့အထိ အမေရိကန်ပြည်သူ ၃၇ သန်းက ကြိုတင်ဆန္ဒမဲတွေပေးပြီးသွားပါပြီ။ ဖလော်ရီဒါ၊ အရီဇိုးနားနဲ့ နီဗားဒါးပြည်နယ်တွေ အပါအဝင် အရေးကြီးတဲ့ ပြည်နယ်တွေမှာ ပြီးခဲ့တဲ့ သမ္မတရွေးကောက်ပွဲတွေနဲ့ နှိုင်းယှဉ်လိုက်ရင် လက်တီနိုမျိုးနွယ်နိုင်ငံသားတွေက ပိုပြီးတက်တက်ကြွကြွ မဲပေးခဲ့တဲ့အတွက် ဟီလာရီဟာ အခြေအနေကောင်းနေပါတယ်။ နီဗားဒါးပြည်နယ်ရဲ့ နိုင်ငံရေးသုံးသပ်သူဆရာကြီးတစ်ဦးဖြစ်တဲ့ ဂျွန်ရော်စတန် ကတော့ "အခြေအနေကိုကြည့်လိုက်ရင် နီဗားဒါးပြည်နယ်မှာ ဒေါ်နယ်ထရမ့် ရှုံးသွားပြီဆိုတာက ပုံပေါ်နေပါပြီ"လို့ ဝေဖန်ချက်ပေးခဲ့ပါတယ်။

ဗာဂျီးနီးယားပြည်နယ်မှာတော့ ဟီလာရီကလင်တန်က ဒေါ်နယ်ထရမ့်အပေါ် သိသိသာသာ အသာရနေတာပါ။

သမ္မတရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုတွေသိမ်းခါနီး အပြီးသတ်လှုပ်ရှားမှုတွေကို ကြည့်မယ်ဆိုရင် ပင်ဆယ်လ်ဗေးနီးယား၊ ဖီလာဒဲလ်ဖီးယားမြို့က မဲဆန္ဒရှင်ပြည်သူတွေကို ပြောကြားရာမှာ ဟီလာရီကလင်တန်က " ရှင်တို့ရဲ့ သားသမီးတွေ၊ မြေးတွေက ၂၀၁၆ သမ္မတ ရွေးကောက်ပွဲမှာဘာလုပ်ခဲ့သလဲလို့ ရှင်တို့ကို မေးခဲ့ရင် ပိုပြီးကောင်းမွန်တဲ့၊ ပိုပြီးအင်အားကြီးမားတဲ့၊ ပိုပြီးမျှတတဲ့အမေရိကန်နိုင်ငံကြီးဖြစ်လာအောင်မဲပေးခဲ့တယ်ဆိုတဲ့ စကားမျိုးပြောနိုင်စေချင်ပါတယ်"လို့ ပြောဆိုခဲ့ပါတယ်။ ဟီလာရီကရွေးကောက်ပွဲမဲဆွယ်စင်မြင့်ပေါ်မှာသူနဲ့အတူရှိနေတဲ့ အဆိုတော် ကေတီပယ်ရီကို ရည်ညွှန်းပြီး " ဒီညပယ်ရီက ဖျော်ဖြေမှာပါ။ အင်္ဂါနေ့ (ရွေးကောက်ပွဲနေ့) ဟာ ပျော်စရာကောင်းမှာပါ။ ဗုဒ္ဓဟူးနေ့ (ရွေးကောက်ပွဲ ရလဒ်ထွက်တဲ့နေ့) ဟာ တိုင်းပြည်အတွက် ပိုကောင်းမွန်တဲ့နေ့သစ်ဖြစ်မှာပါ" လို့ ပြောဆိုခဲ့ပါတယ်။ ဒေါ်နယ်ထရမ့်ကတော့ ဖလော်ရီဒါပြည်နယ် တဲန်းပါးမြို့က မဲဆန္ဒရှင်လူထုနဲ့ တွေ့ဆုံရာမှာ " ကျွန်တော်တို့အခု သူတို့ပြောပြောနေကြတဲ့ ဒီမိုကရက်တစ်အမာခံနယ်မြေဆိုတာတွေကို သွားစည်းရုံးမှာပါ။ ဒီဒီမိုကရက်တစ်အမာခံ နယ်မြေဆိုတာတွေမှာကျွန်တော်တို့တွေဟာ အနိမ့်ဆုံးတန်းတူ (ဒါမှမဟုတ်) သာနေတယ်။

အခုကျွန်တော်တို့ မင်နီဆိုတားပြည်နယ်ကို သွားစည်းရုံးမှာပါ။ မင်နီဆိုတားပြည်နယ်ဟာ အစဉ်အလာကိုကြည့်လိုက်ရင် ရီပတ်ဘလီကန်ပါတီကို မဲပေးခဲ့တာမဟုတ်ပါဘူး "လို့ ပြောဆိုခဲ့ပါတယ်။

သမ္မတလောင်းတွေ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီတွေက ရွေးကောက်ပွဲမှာ အောင်ပွဲခံနိုင်ရေးအတွက် အာရုံစိုက်လုပ်ကိုင်နေကြတဲ့ အချိန်မှာ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်တွေကရွေးကောက်ပွဲနေ့မှာ ပြည်သူတွေအေးအေးချမ်းချမ်းဆန္ဒမဲပေးနိုင်ဖို့ ဂရုစိုက်ဆောင်ရွက်နေပါတယ်။ အယ်လ်ခိုင်ဒါလို အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းတွေက ဝင်ရောက်တိုက်ခိုက်နိုင်ခြေရှိ/ မရှိ ဆိုတာကိုပါ သုံးသပ်နေကြတာပါ။ နယူးယောက်မြို့၊ တက္ကဆက်ပြည်နယ်နဲ့ ဗာဂျီးနီးယားပြည်နယ်တွေမှာ ဒီလိုတိုက်ခိုက်မှုတွေ ရှိလာနိုင်တယ်လို့ ပြောဆိုနေကြပေမယ့် အထောက်အထားအချက်အလက်တွေတော့ရှိတာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲနေ့ဟာ အရေးကြီးတဲ့နေ့ဖြစ်လို့ လုံခြုံရေးလုပ်ထုံးလုပ်နည်းအရ ဖြစ်နိုင်ခြေအားလုံးကို ထည့်သွင်းစဉ်းစားထားတဲ့ သဘောလို့ ယူဆရပါတယ်။

အခုလာမယ့် နိုဝင်ဘာ ၈ ရက်ရွေးကောက်ပွဲနေ့မှာ ဘယ်သူအောင်ပွဲခံနိုင်မလဲဆိုတာကို ကြည့်ရအောင်ပါ။ တစ်နိုင်ငံလုံးအတိုင်းအတာအရ လူထုစစ်တမ်းအမျိုးမျိုးကို ခြုံကြည့်လိုက်ရင် အရေးပါတဲ့ ပြည်နယ်တွေမှာ ဟီလာရီက အသာရနေပါတယ်။ New York Times သတင်းစာလူထုစစ်တမ်းအရ ဟီလာရီကလင်တန်က အနိုင်ရနိုင်ခြေ ၈၄ ရာခိုင်နှုန်းရှိပါတယ်။ Five Thirty Eight စစ်တမ်းမှာတော့ ဟီလာရီကလင်တန်အနိုင်ရနိုင်ခြေ ၆၄ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ Huffpost စစ်တမ်းကိုကြည့်ရင် ဟီလာရီကလင်တန်အနိုင်ရနိုင်ခြေက ၉၈ ဒသမ ၃ ရာခိုင်နှုန်းအထိကို ရှိနေတာပါ။ ဒီလူထုစစ်တမ်းရလဒ်တွေဟာ အမေရိကန်ပြည်သူလူထုအများစုရဲ့ သဘောထားတွေကို ထင်ဟပ်နေတယ်လို့ ယူဆရတဲ့အတွက် ကမ္ဘာ့ပြည်သူတွေအတွက် သတင်းကောင်းလို့ပဲ ဆိုချင်ပါတယ်။ ။

**Huffpost စစ်တမ်းကိုကြည့်ရင် ဟီလာရီကလင်တန် အနိုင်ရနိုင်ခြေက ၉၈ ဒသမ ၃ ရာခိုင်နှုန်းအထိကို ရှိနေတာပါ။ ဒီလူထုစစ်တမ်းရလဒ်တွေဟာ အမေရိကန်ပြည်သူလူထုအများစုရဲ့ သဘောထားတွေကို ထင်ဟပ်နေတယ်လို့ ယူဆရတဲ့အတွက် ကမ္ဘာ့ပြည်သူတွေအတွက် သတင်းကောင်းလို့ပဲ**

# သူ့မြေမှာ ဖြူပြာပွင့်လျှင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်ရမည်ပေါ့

## ကြည်လရောင်စဉ်

**'ဘိုးရာဇာဟာလေ တကယ်တော့ လယ်သမားလေးပါခင်ဗျ။ သူတကယ်လိုက်စားခဲ့တာကတော့ လုံ့လနဲ့ပညာကိုရှာ ဘုရင့်ရွှေနားတော်ပေါက်ကြား၊ တကယ်ကို မြှောက်စားခံရတဲ့ ပညာရှိကြီးပါ'**

ဒီသီချင်းလေးကို စာရှုသူတော်တော်များများ ကြားဖူးကြမည်ဟု ထင်ပါသည်။ နွားကျောင်းသားလေးဘဝမှာ လက်လှမ်းမီရာစာတိုပေစလေးများ လေ့လာဖတ်မှတ်ရင်း ဗဟုသုတတိုးပွားလာပြီး ဘုရင့်အတိုင်ပင်ခံပညာရှိ အမတ်ကြီးတစ်ပါးဖြစ်လာသူ 'စာတို ညို'။

ဒါလေးတွေ သတိတရမှတ်သားမိရင်း ယနေ့နိုင်ငံ့ရင်သွေး ကလေးလူငယ်များအားလုံး စာဖတ်စေချင်၊ စာဖတ်ခွင့်လက်လှမ်းမီစေချင်ပါသည်။ 'စာအုပ်စာပေ၊ လူ့မိတ်ဆွေ' ဟု အဆိုရှိရကား ကလေးတို့၏ မိတ်ဆွေတွေအဖြစ် စာအုပ်စာပေများကို မြင်ချင်မိသည်။

တစ်နေ့က Social Media တစ်ခုတွင် စာရေးဆရာမောင်သာချို၏ စာပေဟောပြောပွဲဗီဒီယိုလေး ကြည့်ရပါသည်။ စာရေးသူနားလည်မှတ်သားလိုက်သည့်အချက်ကတော့ 'မြန်မာလူမျိုးတို့ စာပေဖတ်ရှုလေ့လာမှုနည်း၍ တိုင်းပြည်တိုးတက်မှု ဆုတ်ယုတ်သွားခဲ့ရသည်။ ဒီအတိုင်းဆက်သွားလျှင် နောက်ဆယ်စုနှစ်အတွင်း ဒီထက်ဆိုးရွားစွာ ဆုတ်ယုတ်သွားနိုင်စရာရှိသည်ဟု အတွေ့အကြုံရှိသူတို့က ခန့်မှန်းကြကြောင်း' ဖြစ်ပါသည်။

'မှန်လေစွတကား' ရိုးသားစွာထောက်ပြပြောဆိုသွားသောဆရာ့ကို ကျေးဇူးတင်ပါသည်။ သိသလိုလိုရှိလျက်နှင့် လျစ်လျူရှုထားမိကြသော ဆောင်ရွက်စရာကိစ္စ။ အဘိုး အဘွား၊ မိဘ၊ ဆရာသမား၊ လူကြီး လူငယ်၊ မြန်မာ့လူ့ဘောင်တစ်ခုလုံးတွင် ပါဝင်လှုပ်ရှားကျင်လည်နေသူအားလုံး သတိချပ်သင့်သောအရာ။

ယနေ့ခေတ် လူကြီးလူငယ်အများစု စာဖတ်အားနည်းသည်ဟုဆိုလျှင် မှားအံ့မထင်။ သုတ၊ ရသ မည်သည့်စာပေမဆို စိတ်ဝင်စားမှုနည်းလာသည်။ Internet, Media များပေါ်မှ သတင်းအတိုအထွာများကိုသာ လျှပ်တစ်ပြက်ဖတ်မိကြသည်။ Television, Journal များမှ သတင်း နားထောင်ကြည့်ရှုခြင်း၊

> **စာရေးသူအမြင်မှာတော့ ကလေးအရွယ်မှစ၍ မြန်မာပြည်သူလူထုအားလုံး စာပေလေ့လာဖတ်ရှုခြင်းကို အားပေးခြင်း၊ လမ်းပြကူညီပေးခြင်းများသည် မည်သည့်အခါတွင်မှ "စောသည်၊ နောက်ကျသည်" ဆိုဖွယ်ရာမရှိ။ ယနေ့မှပင် လုံ့လစိုက်ထုတ်ကြိုးစားမည်ဆိုလျှင် မြန်မာပြည်သားတို့သည် အချို့သူများ ခန့်မှန်းထားသကဲ့သို့ နောက်ဆယ်စုနှစ်အတွင်း တိုးတက်မှု ဆုတ်ယုတ်သွားမည်ကို ကာကွယ်နိုင်မည်သာမက မခံချင်စိတ်ဖြင့် တိတိကျကျရည်မှန်းချက်ချပြီး လူထုတစ်ရပ်လုံး ပါဝင်ကြ၊ စာဖတ်ကြ၊ စာဖတ်ခြင်း အလေ့အကျင့်ကို အားပေးကြမည်ဆိုပါလျှင် . . . .**

ဖတ်ခြင်းမျှသာ ရှိသည်။

ခေတ်ကာလနှင့်အညီ အသက်မွေးဝမ်းကျောင်းရ၊ အလုပ်လုပ်ရ၊ ပညာရှာရ၊ ကျူရှင်တက်ရနှင့် လူကြီးလူငယ်တို့ စာအုပ်များနှင့် ဝေးလာသည်။ စာဖတ်ချိန်မရှိ ဖြစ်လာသည်။ ရံဖန်ရံခါ အချို့က ဂျပန်နိုင်ငံသားတို့၊ အင်္ဂလန်နိုင်ငံသားတို့ ရထားစီး၊ ကားစီးစဉ် မည်သို့မည်ဝါ စာဖတ်ကြကြောင်း ဥပမာပေး၍ မြန်မာလူမျိုးတို့အား စာဖတ်စေလိုသည့် စေတနာဖြင့် ရေးသားအားပေးထားသည်ကို ဖတ်ရပါသည်။ သို့ပေမယ့် စာရေးသူအမြင်မှာတော့ မြန်မာတို့အတွက် ထိုသို့ခရီးသွားစဉ် စာဖတ်ရန်မလွယ်ပါ။ ဒီလောက်တောင် ချွေးတလုံးလုံးကျအောင် တိုး၊ တွယ်၊ မတ်တတ်ရပ်၊ အိမ်က စားလာသည့် နံနက်စာမှရသော ခွန်အားမှန်သမျှ ကုန်သလောက်သုံး၍ အလုပ်ရောက်အောင် ကြိုးစားသွားရသော ဘတ်စ်ကားခရီးစဉ်။ ရုံး၊ အလုပ်ကပြန်တော့ မီရာကားတွယ်တိုးစီးရပြန်သောဘဝတွင် စာဖတ်ဖို့နေနေသာသာ အန္တရာယ်မဖြစ်အောင် သတိထားနေရသည့် လမ်းမှာ စာဖတ်နိုင်ရန် ခက်ချေမည်။

ကလေးတွေကြည့်ပြန်တော့ သူငယ်တန်းမှစ၍ တက်လိုက်ရသည့်ကျူရှင်၊ ဝိုင်း၊ အံလိုက်ရသည့်စာ။ အထပ်တလဲလဲ ထပ်ကျော့ရမည်။ ထပ်ကျော့ရမည် ဆို၍ ကျောင်းမဖွင့်ခင် သင်ရိုးအကုန် အမြန်သင်။ ပြီးလျှင် ထပ်ကျော့။ စာမေးပွဲဖြေတော့ အခေါက်များများကျက်ပြီးဖြေတော့ အမှတ်များများရ၊ ဒါက ယခုခေတ်ကလေးများ စာလေ့လာနေကြရပုံ။

အစထွက်ကတည်းက မတတ်တတတ်ဖြစ်နေသည့်စာကို ဆယ်နှစ်ပြန်ပင် ကျော့ကျော့၊ သာမန်ဉာဏ်ရည်၊ သာမန်ကြိုးစားအားထုတ်မှုသာရှိသော ကလေးအများစုအတွက် အကျိုးမထူးလှပေ။ တကယ့်ကို ပင်ကိုဉာဏ်ရည် ထက်မြက်သော၊ ထူးချွန်သော ကလေးလူငယ်တို့အတွက်တော့ အကျိုးများနိုင်ချေ ရှိပေမည်။ မည်သို့ဆိုစေ ထိုကလေးအားလုံးသည် ကျောင်းစာများ အထပ်ထပ်သင်ကြားနေရချိန်တွင် ပြင်ပဗဟုသုတ၊ ရသ၊ စာပေများဖတ်ခွင့် အချိန် ရှားပါးလာပါသည်။ ကျောင်းစာကို မိုးလင်းမိုးချုပ်သင်ခဲ့ရသော သူတို့ဦးနှောက်နုနုလေးတွေ ပင်ပန်းနွမ်းနယ်ပြီး အခြားဘာမျှ မလုပ်နိုင်၊ အိပ်ချင်၊ နားချင်ရှာတော့မပေါ့။

လူကြီးမိဘတို့ကလည်း မိမိကိုယ်နှင့် နှိုင်းယှဉ်ကြည့်သင့်ပါသည်။ မိမိတို့ငယ်ငယ်ကရော အဲဒီအရွယ်၊ အဲဒီလောက်ကျောင်းစာဖတ်နေလို့လား။ မနက်ကျောင်းသွား၊ ညနေကျူရှင်တစ်ခု၊ နှစ်ခုလောက်တက်ကြပြီး အိမ်ပြန်ကစားချိန်၊ ဇာတ်လမ်းပမာနားထောင်ချိန်၊ အပြင်စာ ဥပမာ ရွှေသွေး၊ တေဇ၊ သတင်းစာဂျာနယ်စသည့် အပြင်စာဖတ်ချိန်လေးတွေတော့ ရှိကြသေးတာပဲလေ။

စာဖတ်ခြင်းဖြင့် ကလေးလူငယ်တို့အတွက် အကျိုးများစွာဖြစ်ထွန်းစေပါသည်။ စာဖတ်ခြင်းသည် ကလေးတို့၏ အတွေးအခေါ်ကို လှုံ့ဆော်ပေးနိုင်သည်။ အတွေ့အကြုံဗဟုသုတတိုးပွားစေသည်။ လူမှုစည်းကမ်း၊ လိုက်နာအပ်သည့် စည်းမျဉ်းများကို ဖြန့်ဝေနားလည်စေနိုင်သည်။ အကောင်းအဆိုး ခွဲခြားဝေဖန်ပိုင်းခြားတတ်စေသည်။ နောက်ထပ် စာဖတ်ချင်စိတ်ဖြစ်အောင် လှုံ့ဆော်ပေးနိုင်လာသည်။ အသိ၊ ဉာဏ်ပညာ၊ အလိမ္မာတိုးတက်စေသည်။

ဥပမာ 'လောကနီတိ' ဆိုကြပါစို့။ ထိုစာပေများသည် လူငယ်၊ ကလေး လူကြီး အားလုံး သိအပ်၊ လိုက်နာကျင့်သုံးအပ်သော လူတစ်ယောက်အတွက်၊ လူ့ယဉ်ကျေးမှု အဆောက်အအုံတစ်ခုအတွက် အပြောအဆို၊ အနေအထိုင်၊ အပြုအမူ၊ ကျင့်ကြံသင့်ပုံများကို ရေးသားထားသည့်အတွက် ဖတ်ရှုသင့်သည့်စာဖြစ်ပါသည်။ ရှေးနှစ် ပေါင်းများစွာမှသည် နောက်နောင်ကမ္ဘာပျက်သည့်အချိန်ထိ မှန်နေဦးမည်၊ လိုက်နာနေရဦးမည်ဖြစ်၍ သိရှိအပ်၊ ဖတ်မှတ်အပ်သည့် စာများဖြစ်သည်။ '၃၈ ဖြာမင်္ဂလာ' ဆိုလျှင်လည်း ထိုနည်းလည်းကောင်းပင်။

ယခုအခါ အခြားအခြားသော သုတစာပေများ၊ မြန်မာအတွက်သာမက ကမ္ဘာနှင့်အဝှမ်း အရှိန်အဟုန်မြင့်မားစွာ ပြောင်းလဲဖြစ်ပေါ် တိုးတက်နေသည်များကို ဖတ်မှတ်လေ့လာဖို့ လိုပါသည်။ စာကို ပို၍ဖတ်ဖို့လိုလာပါသည်။ ဒီတော့ ကလေးတို့စာဖတ်ဖြစ်လာအောင်၊ စာဖတ်နိုင်သည့်အခြေအနေ ဖြစ်လာအောင်၊ ဝိုင်းဝန်းဖန်တီးပေးရန် လိုပေသည်။ ဤအရေးသည် လူတစ်ဦးချင်း၊ မိသားစုတစ်ခုမှသည် ရပ်ကွက်၊ မြို့ရွာ၊ တိုင်းနိုင်ငံတစ်ဝန်းလုံး၏ အရေးဖြစ်ပါသည်။

စာအုပ်မရှိလျှင် စာဖတ်ချိန်ရှိလည်း စာမဖတ်နိုင်ပါ။ ယခုအခါ ရပ်ကွက်စာကြည့်တိုက်လေးများကို အချို့မြို့ရွာများတွင် သတိထား အားပေးတည်ထောင်လာခြင်းသည် ဝမ်းသာစရာလည်းဖြစ်၊ ပံ့ပိုးရမည်လည်းဖြစ်၊ ထိန်းသိမ်းသွားရမည်လည်းဖြစ်သော တိုးတက်မှုတစ်ခုဖြစ်ပါသည်။

လွန်ခဲ့သော လများအတွင်းက 'မောင်ဇော်ဇော်' ဆိုသည့် စေတနာရှင်လူငယ်လေးတစ်ဦး၏ စာကြည့်တိုက်လုပ်ငန်း၊ ကြိုးစားအားထုတ်လုပ်ဆောင်မှုအပေါ် နိုင်ငံတော်အတိုင်ပင်ခံ အကြီးအကဲထံမှ ဂုဏ်ပြုပုံ၊ အများပြည်သူများ အားပေးကြ၊ စေတနာထက်သန်သူများ၊ အခြားမြို့ရွာများမှာလည်း စာကြည့်တိုက်များထူထောင်ရန် လူတိုင်းအားပေးနေပုံများတွေ့ရ၍ ပီတိဖြစ်ရပါသည်။ ငါတို့လူမျိုးတွေတော့ စာတွေဖတ်ခွင့်ရ၍ ဗဟုသုတနှင့်တကွ အကောင်းအဆိုး၊ အမှားအမှန်ခွဲခြားမြင်နိုင်သော အလင်းရောင်ကို ရကြပေတော့မည်ဟု တွေးရင်း နှစ်ထောင်းအားရဖြစ်မိပါသည်။

နောက်ထပ်လည်း အတွေ့အကြုံ၊ အမြော်အမြင်ရှိသူများက စိတ်ကောင်း၊ စေတနာ၊ ဆန္ဒမွန်များဖြင့် စာပေရေးသားထုတ်ဝေနိုင်ကြပါစေ၊ စာပေဟောပြောပွဲများလည်း ပို၍ကျင်းပနိုင်ကြပါစေဟု ဆုတောင်းမိသည်။

ဤတွင် စာပေရေးသားဖြန့်ဝေရာတွင် အထူးသတိထားအပ်သော အချက်တစ်ခုရှိပါသည်။ ယင်းမှာ မိမိတို့စာပေကြောင့် စာရှုသူများ၊ စာပေအဆိပ်အတောက်မဖြစ်ရေးပင်တည်း။ 'နှုတ်တစ်ရာ စာတစ်လုံး' ဆိုသည့်စကားအတိုင်း စာတစ်ကြောင်းသည် စာရှုသူတစ်ယောက်အား ယုံကြည်မှုခွန်အားကိုပေးစွမ်းနိုင်သကဲ့သို့ လူတစ်ဦး၏ အတွေးအခေါ် ယုံကြည်ချက်၊ နားလည်မှုလွဲချော်ပြီး လမ်းမှားပေါ်လည်း ရောက်သွားစေနိုင်ပါသည်။ ဥပမာ- 'ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်' ဒါဆို အားရှိစေသောစာ။

**'Impossible Is A Word To Be Found only in the Dictionary of Fool' (Napoleon I) ဒါဆိုလျှင် လောကကြီးတွင် မဖြစ်နိုင်သောအရာမရှိ။ ကြိုးစားလျှင် ဘာမဆိုဖြစ်နိုင်ကြောင်း အားပေးသောစာ။**

**'အဖေတို့၊ အမေတို့'၊ 'မင်းကတော်'၊ 'အခမဲ့ကူလီထမ်းခြင်းအကျိုး'၊ 'မောင်သောင်းဖေ'စသည့် စကားပြေလက်ရွေးစင်များသည် သုတ၊ ရသအတုယူအားကျစရာ၊ ရှောင်ကြဉ်သင့်သည်များကို သင်ပြပေးနိုင်သောစာများ။**

**'မိုးရေတက်ရေ တဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေး၊ လယ်စောင့်တဲလေး ခြေတံရှည်၊ မိုးကုပ်အောက်မှာတည်'**

**မိမိတို့ ကလေးငယ်များအား နိုင်ငံ၏ လူများစုအခြေခံလူတန်းစား လယ်သမားတို့ ဘဝအခြေအနေကို ငယ်စဉ်မှအစ သိမြင်နားလည်အောင် သင်ကြားပေးသောစာ။**

**'တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်'**

**မိမိတို့ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ တိုင်းတစ်ပါးတို့ ထိုးဖောက်ကျူးကျော်ဝင်ရောက်အကြမ်းဖက်မှုများမှ ကာကွယ်တွန်းလှန်နိုင်အောင် တပ်မတော်၏ အင်အားတောင့်တင်းခိုင်မာမှုသည် ပြည်သူတို့အတွက် အရေးကြီးပုံကို ဖော်ဆောင်သောစာ။**

ထိုထိုသော၊ များစွာသော အကျိုးပြုစာကောင်းပေကောင်းများကို ဖတ်ရှုခွင့် ရစေချင်ပါသည်။ စာရှုသူတို့ဘက်ကလည်း ခွန်အားရှိသော စာကောင်းပေကောင်းများကို ချီးမြှောက်သကဲ့သို့ စာရှုသူများအား အန္တရာယ်ဖြစ်စေသော၊ လွဲမှားသောအတွေးအခေါ်၊ အမူအကျင့်စရိုက် ဖြစ်စေနိုင်သော စာများတွေ့လာပါက ပွင့်လင်းစွာ၊ လွတ်လပ်စွာ အပြုသဘောဖြင့် ထောက်ပြဝေဖန် စေချင်ပါသည်။ ဒီတော့မှလည်း စာပေလောကကို တိုးတက်အောင် ပြုပြင်နိုင်မည်။

ထို့အပြင် စာဖတ်ခြင်းသည် လူသားတို့၏ဦးနှောက်ကို နုပျိုလန်းဆန်းစေသည်။ Alzheimer, Dementia စသည့် ရောဂါဖြစ်ပွားမှုအရှိန်ကို လျော့နည်းစေသည်။

- နိစ္စဓူဝ ဖြတ်သန်းတွေ့ကြုံနေရသော စိတ်တင်းကျပ်မှုများမှ သက်သာစေသည်။
- ဗဟုသုတ တိုးပွားစေသည်။
- စကားဝေါဟာရကြွယ်ဝစေသည်။
- မိမိ၏ လုပ်ငန်းခွင်အတွင်း စွမ်းဆောင်မှု အရည်အသွေးတိုးတက်တောက်ပြောင်စေသည်။
- မှတ်ဉာဏ်ကောင်းမွန်စေသည်။
- အကောင်းအဆိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် အတွေးအခေါ်ထက်မြက်စေသည်။
- အာရုံစူးစိုက်မှုကို အားကောင်းစေရန် အထောက်အကူပြုသည်။ အလုပ်လုပ်ရာတွင် တည်ငြိမ်စွာ ဆုံးဖြတ်လုပ်ကိုင်နိုင်ပြီး မိမိ၏ လုပ်ဖော်ကိုင်ဖက်များအပေါ် ဖိအားစိတ်တင်းကျပ်မှုနည်းပါးစေသည်။
- စာပေအရေးအသားတိုးတက်ကောင်းမွန်စေသည်။
- အချို့သော စာပေအရေးအသား ဥပမာ- နိုင်ငံခြားတိုင်းပြည်များမှာတော့ Spritual Texts စာရေးသူတို့ မြန်မာပြည်သားတို့အတွက်တော့ မြတ်ဗုဒ္ဓက ဟောပြထားသောတရားများကို ရေးသားထားသော စာပေများသည် စာဖတ်သူတို့၏ နှလုံးစိတ်ဝမ်းကို ငြိမ်းချမ်းစေပြီး စိတ်ရောဂါဝေဒနာများ သက်သာစေသည်။

အဖိုးအခ အကုန်အကျသက်သာစွာဖြင့် မိမိအိပ်ခန်း၊ ခရီးသွားစဉ်၊ စာကြည့်တိုက် မည်သည့်နေရာတွင်မဆို စာဖတ်ခြင်းဖြင့် မိမိတို့စိတ်ကို ဖျော်ဖြေမှု၊ စိတ်သက်သာမှု ဖြစ်စေသည်။

သို့ဖြစ်၍ စာရေးသူတို့သည် မိမိတို့ကလေးငယ်များအား စာဖတ်သည့် အကျင့်ကို ငယ်စဉ်ကပင် ပြုစုပျိုးထောင်ရန် လိုပါသည်။ ကလေးငယ်များသည် သူတို့သက်တမ်း၏ ပထမဆုံးခြောက်နှစ်ကာလတွင် အရာရာအတော်များများကို လျင်မြန်စွာလေ့လာတတ်မြောက်နိုင်သည်ဟု ဆိုသည်။ ကျန်းမာသော ကလေးတစ်ဦး၏ ဦးနှောက်သည် လက်ခံရရှိလာသော စေ့ဆော်မှုများအပေါ် တည်မှီ၍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နိုင်သည်။ ဤတွင် စာဖတ်ခြင်းသည် အရေးပါသော လှုံ့ဆော်မှုတစ်ခုဖြစ်သည်။ ထိုအရွယ် စာစဖတ်သောကလေးများသည် ဉာဏ်ရည်ပိုမိုမြင့်မားပြီး ကျောင်းသင်ခန်းစာများကို လွယ်ကူလျင်မြန်စွာတတ်မြောက်နိုင်သည်။ စိတ်ကူး၊ အတွေးအခေါ်၊ တီထွင်ဉာဏ်ကောင်းသည်။ ကိုယ်ရည်ကိုယ်သွေးထက်မြက်ပြီး မိမိကိုယ်ကို ယုံကြည်မှုရှိသည်။ စကားအပြောအဆို၊ ယဉ်ကျေးလိမ္မာပြီး အပေါင်းအသင်းဝင်ဆံ့သည်။

ကလေးတို့ရှေ့တွင် စာကိုအသံထွက် ရွတ်ဆိုဖတ်ပြခြင်းသည် ပို၍ ထိရောက်သည်။ ယခုခေတ် Talking Books များ သုံးနိုင်သည်။ ကလေးတို့နှင့် စာအတူတူဖတ်ခြင်း၊ အိပ်ရာဝင်ပုံပြင်များ ဖတ်ပြခြင်း၊ လက်လှမ်းမီရာ ကလေးသူငယ်စာပေများ ဝယ်ယူဖတ်ရှုစေခြင်း၊ တစ်နေ့ နာရီဝက်ခန့်အချိန်ပေးပြီး သူတို့နှင့် စာဖတ်ခြင်းများ ပြုသင့်သည်။

စာသင်ကျောင်းများတွင်လည်း စာကြည့်တိုက်များတွင် စာဖတ်နိုင်အောင်၊ စာဖတ်တတ်လာအောင်၊ စာအုပ်များ ငှားယူဖတ်ရှုနိုင်အောင် လေ့ကျင့်ပေးခြင်း၊ စီစဉ်ပေးခြင်း၊ ကျောင်းတွင်း စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားရည်လုပွဲ၊ စာပေဟောပြောပွဲများ စီစဉ်ကျင်းပပေးခြင်း၊ ကလေးငယ်များ၏ ကြိုးစားအားထုတ်မှုကို ထုတ်ဖော်၊ ပြောကြား၊ ဂုဏ်ပြုပေးခြင်းတို့ဖြင့် အားပေးသင့်သည်။

စာရေးသူအမြင်မှာတော့ ကလေးအရွယ်မှစ၍ မြန်မာပြည်သူလူထုအားလုံး စာပေလေ့လာဖတ်ရှုခြင်းကို အားပေးခြင်း၊ လမ်းပြကူညီပေးခြင်းများသည် မည်သည့်အခါတွင်မှ 'စောသည်၊ နောက်ကျသည်' ဆိုဖွယ်ရာမရှိ။ ယနေ့မှပင် လုံ့လစိုက်ထုတ်ကြိုးစားမည်ဆိုလျှင် မြန်မာပြည်သားတို့သည် အချို့သူများခန့်မှန်းထားသကဲ့သို့ နောက်ဆယ်စုနှစ်အတွင်း တိုးတက်မှု ဆုတ်ယုတ်သွားမည်ကို ကာကွယ်နိုင်မည်သာမက မခံချင်စိတ်ဖြင့် တိတိကျကျရည်မှန်းချက်ချပြီး လူထုတစ်ရပ်လုံး ပါဝင်ကြ၊ စာဖတ်ကြ၊ စာဖတ်ခြင်း အလေ့အကျင့်ကို အားပေးကြမည်ဆိုပါလျှင် မြန်မာတို့သည်လည်း မိမိတို့ရရှိလာသော၊ ရရှိထားပြီးဖြစ်သော ဗဟုသုတ၊ အသိဉာဏ်ကို အခြေခံ၍ ခေတ်မီ၊ မျှတ၊ မှန်ကန်၊ ထက်မြက်သော လုပ်ရည်ကိုင်ရည်တို့ဖြင့် အခြားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံထားရသော နိုင်ငံများမှ နိုင်ငံကြီးသားဆိုသူများနှင့် ရဲရဲကြီး ပခုံးချင်းယှဉ် ရင်ပေါင်တန်းလာနိုင်မည်မှာ မုချပင် ဖြစ်ပါသည်။

'ပျက်အစဉ်၊ ပြင်ခဏ' မြန်မာတို့ ဘယ်နေရာမှာမှ သူများအောက်မကျဘဲ တစ်ဦးချင်းမှသည် နိုင်ငံသားအားလုံးဖွံ့ဖြိုးတိုးတက်လာအောင် 'စာပေမြင့်မှ လူမျိုးတင့်မည်' ဆိုသကဲ့သို့ စာဖတ်ခြင်းအလုပ်ကို မတွန့်မဆုတ်၊ ညီညွတ်စွာ အားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ကြေးမုံ



❂ ရှေ့ဖုံးမှ

ပါလီမန်တွင် ထည့်သွင်းစဉ်းစားလာကြပြီး ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေအရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပါသည်။ ၎င်းနောက် ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီကို မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်ဟူ၍ မြို့နယ်ပေါင်း ခုနစ်မြို့နယ်ဖြင့် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကဲ့သို့ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသော နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ ပြီး ၁၉၅၅ ခုနှစ်မှစတင်၍ ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၁)နှစ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

သမိုင်းကြောင်းကိုပြန်ကြည့်မည်ဆိုလျှင် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် အမိနိုင်ငံတော်ကြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယနှင့်ပဋိပက္ခများ နှစ်ရှည်ကြာစွာဖြစ်ပေါ်ခဲ့မှုကြောင့် မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်တွင် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။ ထို့ကြောင့် မိမိတို့အစိုးရသစ်အနေဖြင့် တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တခဲ့ရသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို စတင်အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား-**

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလရှည်ကြာစွာဖြတ်သန်းခဲ့ကြရပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ယုံကြည်မှုအားနည်းခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့ရပါသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသော ဆုံးရှုံးမှုများသာမက နှစ်ပေါင်းများစွာအတွင်း မျိုးဆက်အလိုက်လူငယ်များ၏အနာဂတ်များ ဆုံးရှုံးခဲ့ရသည်မှာ ပိုမို၍ပင်ဝမ်းနည်းဖွယ်ရာအတိ ဖြစ်ခဲ့ရပါသည်။ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းကြောင့် ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းသစ်များလည်း ရရှိနေပြီဖြစ်ပါသည်။ တစ်ချိန်က တိုက်ပွဲများဖြင့် ယမ်းငွေ့ဝေခဲ့သော ကရင်ပြည်နယ်သည် မကြာခင်ကာလ အတွင်း စက်ရုံ၊ အလုပ်ရုံများဖြင့် စည်ပင်လာတော့မည်ဖြစ်ရာ ရှေ့ကို မျှော်ကြည့်လျှင် အမှန်ပင်အားတက်ဝမ်းမြောက်ရပါသည်။ များမကြာခင် ကာလများအတွင်း ကရင်ပြည်နယ်၌ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေး ပွဲများကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းကောင်းများ ကြားသိရသည့်အတွက်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်ဖော်ဆောင်နိုင်ရေးသည် အထူးအရေးကြီးလှပါသည်။ ပြည်ထောင်စု၏ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းအဖြေရှာသော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် မိမိတို့အားလုံးမျှော်မှန်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံမူဝါဒများ ထွက်ပေါ်လာမည်ဟု အခိုင်အမာယုံကြည်ထားပါသည်။ ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင် ပြည့်ပြည့်ဝဝဖြင့် လျှောက်လှမ်းခဲ့ကြသော ကရင်တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးအနေဖြင့် ရှေ့သို့ဆက်၍လည်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးတို့တွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

❂ ခန္တီးမြို့မှ

ဒေသခံအမျိုးသမီးများ အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်သကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့်လည်း ဒေသနှင့်ကိုက်ညီသည့် သင်တန်းများဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများကလည်း သက်မွေးပညာရပ်များမှာ အရေးကြီးသည့်အတွက် အလေးထား ဆောင်ရွက်သွားရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယသမ္မတသည် သင်တန်းသူများ ချုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှုပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခန္တီးပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဆေးရုံအုပ်ကြီးက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ကွင်းဆင်းကုသပေးမှု၊ ဆေးပစ္စည်းရရှိမှု၊ တိုးချဲ့လူနာဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက ခန္တီးဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး၏ အစွန်ဆုံးအပိုင်းတွင် တည်ရှိပါကြောင်း၊ မကြာမီကဖြစ်ပွားခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဝက်သက်ကူးစက်ရောဂါ ကုသမှုလုပ်ငန်းများတွင် ခန္တီးခရိုင်မှ အင်တိုက်အားတိုက် သွားရောက် ကူညီခဲ့ကြပါကြောင်း၊ သို့ဖြစ်၍ ကူးစက်ရောဂါကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ နောင်တွင် ကူးစက်ရောဂါ ထပ်မံမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှုများ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာနှင့် သွားဆရာဝန် လိုအပ်ချက်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကွင်းဆင်းဆောင်ရွက်မှုနှင့် ပြည်သူများ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

ဒုတိယသမ္မတသည် ဆေးစတိုလူနာဆောင်မြေနေရာနှင့် ခုတင်(၅၀) တိုးချဲ့ လူနာဆောင်တည်ဆောက်ပြီးစီးမှုအားကြည့်ရှုသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ခန္တီးပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့်လူနာများအား အားပေးစကား ပြောကြားစဉ်။** (သတင်းစဉ်)

## နိုဝင်ဘာလအတွက် Renaissance Myanmar လစဉ်ထုတ် မဂ္ဂဇင်းထွက်ရှိ




နိုဝင်ဘာလအတွက် Renaissance Myanmar လစဉ်ထုတ်မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ ယခုလတွင် သန့်မြင့်ဦး၏ ပထဝီနိုင်ငံရေးနှင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ ဦးကိုကိုလှိုင်၏ ပထဝီနိုင်ငံရေးသီအိုရီများနှင့် မြန်မာနိုင်ငံ၊ မောင်သက်ဆွေ၏ ဂန္ထဝင်ကမ္ဘာပြုမှုဖြစ်စဉ် လစ်ဘရယ်ပင်လယ်တစ္ဆေနှင့် အရှေ့တိုင်းသခင်များ၊ ဘိုဘိုကျော်ငြိမ်း၏ ပထဝီနိုင်ငံရေးဆိုတာ နားလည်ရင်အရေးပါပါတယ်၊ မင်းဇင်၏ အင်အားကြီးနိုင်ငံ၏ အိမ်နီးချင်းအတွက် ရွေးစရာလမ်း အခြံအရံစနစ်သုံးပါးနှင့် အဆိုပြုချက်နှစ်ရပ် ဆောင်းပါးများကို ဖတ်ရှုရမည်ဖြစ်သည်။

ထို့ပြင် မျိုးဇော်၏ ၂၁ ရာစု ပထဝီနိုင်ငံရေး၊ ၂၁ ရာစု ပထဝီဘောဂဗေဒနှင့် ၂၁ ရာစု မြန်မာနိုင်ငံ၊ ဆုမွန်သဇင်အောင်၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးများနှင့် ဒေသတွင်းပဋိပက္ခများ အခွင့်အလမ်းလား၊ ကျော့ကွင်းလား၊ မျိုးမင်း (မကျည်းလဟာ)၏ Double Digit Development ဆီသို့ ဆွဲမတင်ဘဲ ပထဝီရာဇဝင်ထဲမှာ ကျန်နေခဲ့တော့မှာလား မြန်မာ၊ ဒေါက်တာနိုင်ဆွေဦး၏ ၂၁ ရာစု ပထဝီနိုင်ငံရေးနှင့် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ ပြိုင်ဆိုင်မှုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အောင်မိုးဝင်း၏ ပြုံးနေတဲ့ဗုဒ္ဓဆောင်းပါးများလည်း ပါရှိသည်။

အဆိုပါမဂ္ဂဇင်းကို အထက်မြန်မာပြည်ဖြန့်ချိရေး ဝင်းဖေမောင် Amarapura Partners Hot Line; ၀၉၂၅၃၁၀၄၆၇၃ မန္တလေးမြို့၊ နေပြည်တော် ဖြန့်ချိရေး ဂျမ်းဘုံစာပေနှင့်စတိုး၊ ပျဉ်းမနားမြို့နှင့် အောက်မြန်မာပြည် ဖြန့်ချိရေး စာပေနန်းတော်၊ ရန်ကုန်မြို့တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ယူ -၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒိုင်လူကြီး ဒေါ်သိန်းသိန်းအေး တာဝန်ထမ်းဆောင်မည်

ပါပူဝါနယူးဂီနီနိုင်ငံ၌ ကျင်းပမည့် ၂၀၁၆ ယူ-၂၀ ကမ္ဘာ့ဖလားအမျိုးသမီးပြိုင်ပွဲတွင် မြန်မာအမျိုးသမီး ကွင်းလယ်ဒိုင်လူကြီး ဒေါ်သိန်းသိန်းအေး တာဝန်ထမ်းဆောင်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ရွေးချယ်ခဲ့ပြီး မြန်မာ့ဘောလုံးလောကနှင့် ဒိုင်လောကအတွက် မှတ်တမ်းတစ်ခုဖြစ်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကွင်းလယ်ဒိုင်လူကြီး ဒေါ်သိန်းသိန်းအေးသည် ယူ-၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဒိုင်လူကြီး ၁၆ ဦးအနက် ရွေးချယ်ခံရခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကွင်းလယ်ဒိုင်လူကြီး ၁၆ ဦး၊ စည်းကြပ်ဒိုင်လူကြီး ၂၇ ဦး တာဝန်ထမ်းဆောင်ခွင့်ရရှိမည် ဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီး ၁၆ ဦးတွင် အာရှနိုင်ငံများမှ သုံးဦးသာ ရွေးချယ်ခံခဲ့ရရာ ဒေါ်သိန်းသိန်းအေးပါဝင်ခဲ့ပြီး တရုတ်နှင့် ဩစတြေးလျတို့မှ တစ်ဦးစီပါဝင်ခဲ့သည်။ ဒေါ်သိန်းသိန်းအေးသည် မြန်မာအမျိုးသမီးဒိုင်လောကတွင် ကမ္ဘာ့အဆင့်ပြိုင်ပွဲ၌ ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်ခွင့်ရသည့် ဒိုင်လူကြီးဖြစ်ပြီး ယခင်က အပြည်ပြည်ဆိုင်ရာအမျိုးသမီးစည်းကြပ်ဒိုင်လူကြီး ဒေါ်ဘော့ဂျာသည် ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် အမြင့်ဆုံးတာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ဒေါ်သိန်းသိန်းအေးသည် မြန်မာ့ဒိုင်လူကြီးလောကအတွက် ဂုဏ်ယူစရာဖြစ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် MFF-MNL Awards Night တွင် ဂုဏ်ပြုဆု ချီးမြှင့်ခဲ့သည်။ ဒေါ်သိန်းသိန်းအေးသည် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၄ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သည့် အာဆီယံအမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တာဝန်ထမ်းဆောင်ခွင့်ရခဲ့ကြောင်း သိရသည်။ **(ရှိုင်းထက်ဇော်)**

# မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်အပေါ် လူမှုအသိုက်အဝန်းမျိုးစုံမှ စကားသံများ

မောင်တော နိုဝင်ဘာ ၆

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားဥပဒေနှင့်အညီ နယ်မြေရှင်းလင်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဆောင်ရွက်လျက်ရှိသော်လည်း ပြည်ပမီဒီယာအချို့က အခြေအနေမှန်ကို မျက်ကွယ်ပြုပြီး ပုံကြီးချဲ့ပြောဆိုမှုများ၊ လူမျိုးရေးနှင့် ဘာသာရေးဖိနှိပ်မှုအသွင် ထုတ်လွှင့်ရေးသားမှုများအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်သိက္ခာထိခိုက်စေနိုင်သော ထုတ်လွှင့်ရေးသားမှုများ ပြုလုပ်လျက်ရှိရာ အဆိုပါကောလာဟလသတင်းများနှင့်ပတ်သက်၍ မောင်တောမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများနှင့် ဒေသနေ အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။



ဒေါက်တာလှမြင့်



ဦးနူရ်မူဟာမက်



ဦးလှသိန်း



ကိုဇော်မင်းထွန်း



ဦးခင်မောင်သန်း



Mr. Chris Carter

**အာရ်ဟူစိန်**
**(မြို့မတောင်ရပ်ကွက်၊ မောင်တောမြို့)**

မကြာမီက အကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် အလွန်ဝမ်းနည်းရပါတယ်။ ကျဆုံးခဲ့သူတွေအတွက်လည်း ကြေကွဲရပါတယ်။ ဒီဖြစ်စဉ်ရဲ့ ဂယက်ရိုက်ခတ်မှုဟာ ဒီဒေသက ပြည်သူတွေကို ထိခိုက်မှုဖြစ်စေပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာကို နိုင်ငံတကာကလည်း မလိုလား၊ ကျွန်တော်တို့လည်း မလိုလားပါဘူး။ အဲဒီဖြစ်ရပ်ကြောင့် နိုင်ငံတော်မှာ ထိခိုက်ဆုံးရှုံးမှုတွေဖြစ်စေပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာဟာ ဘာအကျိုးကျေးဇူးမှုလည်း မရပါဘူး။ ဒီဖြစ်စဉ်အတွက် နိုင်ငံတော်က လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေတယ်လို့ ယူဆပါတယ်။ ဒီဒေသမှာ အလုပ်လက်မဲ့တွေများပြီး ပညာလည်းမတတ်ကြတာ များတယ်။ ဥပဒေကိုလည်း နားမလည်ကြပါဘူး။ ဒါကြောင့် ဒီလိုဖြစ်တာပါ။ နောက်ပြီး အလုပ်အကိုင်တွေလည်း မရှိတာမို့ စိတ်လွဲဖောက်ပြန်မှုတွေ ဖြစ်ပေါ်တာပါ။ အနာဂတ်မှာ အလုပ်အကိုင်တွေပေးနိုင်ရင်တော့ ကောင်းသွားမယ်လို့ ယူဆပါတယ်။

**ဒေါက်တာလှမြင့်**
**(အမှတ်(၄)ရပ်ကွက်၊ မောင်တောမြို့)**

မကြာခင်က ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်ကြောင့် ဒီဒေသမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးတွေ ရပ်ဆိုင်းခဲ့ရတယ်။ တစ်ဦးချင်း ထိခိုက်နစ်နာသလို နိုင်ငံတော်ဘက်မှာလည်း ထိခိုက်နစ်နာမှုတွေရှိတယ်။ ဒီလို အကြမ်းဖက်တိုက်ခိုက်တာတွေကို မလိုလားပါဘူး။ မကြိုက်ပါဘူး။ ဒီဒေသမှာ နေထိုင်သူတွေဟာ လူမျိုး၊ ဘာသာမတူပေမယ့် ချစ်ချစ်ခင်ခင်နေနိုင်ကြရမှာဖြစ်ပါတယ်။ ဒီနိုင်ငံထဲမှာနေရင် ဒီနိုင်ငံကိုချစ်ရမယ်၊ သစ္စာရှိရမယ်၊ ဥပဒေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာရမယ်ဆိုတဲ့ ခံယူချက်ရှိရမယ်။ နိုင်ငံတော်အစိုးရကလည်း အကျိုးရှိအောင် လုပ်ဆောင်နေတာဖြစ်တယ်။ မိဘဟာ သားသမီးတွေကို ကောင်းအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ရေရှည်မှာ ကောင်းမွန်တဲ့ဆန္ဒနဲ့ လုပ်တာလို့ ပဲမြင်ပါတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်မှုအပေါ် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို အကြမ်းဖက်လုပ်ရပ်ကြောင့် စားဝတ်နေရေး၊ ပညာသင်ကြားတာတွေ အနှောင့်အယှက်ဖြစ်ရတယ်။ ဒီလို ကြုံတွေ့ရမှုတွေ မြန်မြန်ဆန်ဆန်ပြီးဆုံးသွားစေချင်ပါတယ်။ ဒေသတည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်။ ဒီလိုမှမဟုတ်ရင် တိုးတက်ဖို့ မလွယ်ပါဘူး။

**ဦးရှားအာလောမ်**
**(မောင်နီရွာ၊**
**မြို့မကညင်တန်းအုပ်စု၊**
**မောင်တောမြို့)**

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွေ ဖြစ်ပွားပြီးနောက်ပိုင်း မောင်တောခရိုင်အတွင်း ကျေးရွာတွေမှာ ပေါ်တာဆွဲတာ၊ အဓမ္မပြုကျင့်တာတွေ မြင်တွေ့တဲ့သူတွေရှိတယ်လို့လည်း မကြားမိပါဘူး။ တကယ်လို့ အဓမ္မပြုကျင့်ခံရတာမှန်ရင် အဲဒီမိန်းကလေးက ထွက်ဆိုချက်မပေးရင် ဘယ်လိုယုံကြည်လို့ရမလဲ၊ အတည်ပြုလို့ရမလဲ။ တိုင်ကြားမှုတွေလည်း မရှိပါဘူး။

**ဦးနူရ်မူဟာမက်**
**(ရပ်ကွက်-၅၊ မောင်တောမြို့)**

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဖြစ်ပွားပြီးနောက် မောင်တောမြို့နဲ့ ကျေးရွာတွေ အသွားအလာတွေ နည်းသွားတယ်။ ဒီဖြစ်စဉ်တွေ မဖြစ်ပွားချိန်ကလည်း အဲဒီရွာတွေဘက်က ရွာသူရွာသားတွေ အသွားအလာများတာတော့မဟုတ်ပါဘူး။ တချို့ရွာသားတွေက တစ်ရွာနဲ့ တစ်ရွာ ပြောင်းရွှေ့နေထိုင်တာမျိုးတော့ရှိတယ်။ အခင်းဖြစ်ပွားခဲ့တဲ့ ရွာအချို့မှ အိမ်အနည်းငယ် မီးရှို့တာတွေကြားပေမယ့် သေသေချာချာမသိပါဘူး။

**ဦးဇီယာအူဒိန်**
**(မောင်နီရွာ၊ မြို့မကညင်တန်းအုပ်စု၊**
**မောင်တောမြို့)**

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဖြစ်ပွားပြီးတဲ့နောက်ပိုင်း အသွားအလာနည်းသွားတာက လူတွေစိုးရိမ်နေကြတာလည်း ပါတယ်။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ ငါ့ကိုဖမ်းမှာလားဆိုတဲ့အတွေးတွေနဲ့ စိုးရိမ်နေကြတယ်။ ဒါကြောင့်မို့ သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ သွားလာလို့ရတယ်ဆိုတာ ဒေသခံတွေ အလွယ်တကူသိရှိနိုင်အောင် တာဝန်ရှိသူတွေက အသိပေးဖို့ လိုအပ်ပါတယ်။ အောက်ခြေအထိ ပွင့်ပွင့်လင်းလင်းနဲ့ ပြောပြပေးထားဖို့လိုတယ်လို့ ထင်ပါတယ်။

**ဦးလှသိန်း**
**(မြို့မတောင်ရပ်ကွက်၊ မောင်တောမြို့)**

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဖြစ်ပေါ်ခဲ့လို့ စိတ်မကောင်းဖြစ်ရပါတယ်။ ဒီဒေသကလူတွေ စီးပွားရေး ဒုက္ခရောက်ရတယ်။ ဝမ်းနည်းစရာလည်း ကောင်းပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာတွေကို ဘယ်ဘာသာဝင်မှ လက်မခံပါဘူး။ ဒီလိုဖြစ်ရပ်တွေ ဆက်ပြီးမဖြစ်ဖို့လိုပါတယ်။ ဝိုင်းဝန်းကာကွယ်ဖို့လိုသလို သေးတာကို ကြီးအောင်မလုပ်သင့်ပါဘူး။ အကြမ်းဖက်လုပ်ရပ် လုပ်တဲ့သူတွေကလည်း ဒါကောင်းတာလား၊ မကောင်းတာလား စဉ်းစားဖို့လိုပါတယ်။

**ကိုအေရမ် (စတိုးဆိုင်ရှင်၊ မြို့မဈေး၊ မောင်တောမြို့)**

အဲဒီအကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်ကြောင့် အရောင်းအဝယ်တွေ ထိခိုက်တယ်။ ဈေးကို လာရောက်ဝယ်ယူသူတွေ အရင်ထက်နည်းပါးသွားတယ်။ ရွာဘက်ကလူတွေ မလာရဲကျတော့ အရောင်းအဝယ်ကျသွားတာပေ့ါ။ ကျွန်တော်တို့ကတော့ ဒီလို အကြမ်းဖက်တိုက်ခိုက်မှုတွေကို မကြိုက်ပါဘူး။ စီးပွားရေးထိခိုက်တာမို့ ကျွန်တော်တို့ကတော့ အကြမ်းဖက်တိုက်ခိုက်မှုတွေ လက်မခံပါဘူး။ အရင်က တစ်နေ့ကို ငွေကျပ် ငါးသိန်းဖိုးလောက် ရောင်းရတာကို အခု ငါးသောင်းဖိုးလောက်ပဲ ရောင်းရတော့တယ်။

**ကိုဇော်မင်းထွန်း**
**(ဘာတာဖိနပ်ဆိုင်ရှင်၊**
**မောင်တောမြို့မဈေး)**

ကျွန်တော်တို့ကတော့ အကြမ်းဖက်တိုက်ခိုက်မှုကို ရွံတ်ချပါတယ်။ မကြိုက်ပါဘူး။ နဂိုအတိုင်း အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်။ ဒီလို အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် အရောင်းအဝယ်တွေကျဆင်းပါတယ်။ စီးပွားရေးထိခိုက်ပါတယ်။ ကျွန်တော်တို့ မိဘတွေလက်ထက်ကတည်းက ဒီဆိုင်ဖွင့်ပြီး ဖိနပ်ရောင်းခဲ့တာ နှစ် ၂၀ ရှိပါပြီ။ အကြမ်းဖက်မှုတွေ မဖြစ်စေချင်ပါဘူး။

**မအေးအေးခိုင် (ရခိုင်တိုင်းရင်းသူ၊ အောင်မင်္ဂလာကျေးရွာ၊ မောင်တောမြို့နယ်)**

ပထမဦးဆုံး ဘူးသီးတောင်ကယ်ဆယ်ရေးစခန်းမှာပါ။ အဲဒီစခန်းကနေ အခုမောင်တောမြို့ပေါ်က ကယ်ဆယ်ရေးစခန်းကို ရောက်လာတာပါ။ စားဝတ်နေရေးနဲ့ လုံခြုံရေးအခက်အခဲရှိတာကြောင့် ဒီကယ်ဆယ်ရေးစခန်းကနေ မပြန်သေးတာပါ။ ပြန်ဖို့တော့ အစီအစဉ်ရှိပါတယ်။ ဒီကယ်ဆယ်ရေးစခန်းမှာ စားဝတ်နေရေး၊ ကျန်းမာရေးကအစ အားလုံးအဆင်ပြေပါတယ်။ ဒီကယ်ဆယ်ရေးစခန်းကို ငါးခူရ၊ အောက်ပြူးမ၊ အောင်မင်္ဂလာ စတဲ့ ရွာတွေအပါအဝင် ရွာပေါင်း ၁၂ ရွာလောက်ကလူတွေ လာရောက်ခိုလှုံကြတာပါ။

**ဦးခင်မောင်သန်း(ရခိုင်တိုင်းရင်းသား၊ အရေးပေါ်ကူညီထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ၊ မောင်တောမြို့)**

ဒီကယ်ဆယ်ရေးစခန်းကို လာရောက်တဲ့ရွာတွေကတော့ ၁၂ ရွာလောက်ရှိပါတယ်။ လက်ရှိတော့ အိမ်ထောင်စုငါးစုလောက် လူဦးရေအားဖြင့် ၁၆ ယောက်လောက်ပဲကျန်ပါတော့တယ်။ သာသနာ့ဗိမာန်မှာ ကျန်နေတဲ့ စားနပ်ရိက္ခာတွေကိုတော့ စားဝတ်နေရေးအဆင်မပြေလို့ စာနဲ့လာတောင်းတဲ့အခါ အဲဒီရွာအထိ လိုက်လံပို့ဆောင်ပေးပါတယ်။ အောက်တိုဘာ ၁၆ ရက်ကစပြီး ရေကြောင်းကနေ လိုက်လံပြီး လှူဒါန်းပေးခဲ့ပါတယ်။ ထောက်ပံ့တဲ့ပစ္စည်းတွေကတော့ ဆန်၊ ဆီ၊ ပဲ၊ ငါးခြောက်တွေပါ။ ဝေငှတဲ့အခါမှာလည်း အိမ်ထောင်စုအလိုက် ဝေငှပါတယ်။ အိမ်ထောင်စုဘယ်လောက်ဆိုရင် ဆန်အိတ်ဘယ်လောက်လိုမယ်ဆိုတာတွက်ချက်ပြီး ဆန်အိတ် ၂၀၀ လိုရင် အိတ် ၂၀၀ ထောက်ပံ့လှူဒါန်းပေးပါတယ်။ နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေရော၊ တခြားလူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်။

**Mr. Chris Carter (UN Senior Advisor for Rakhine)**

ကျွန်တော်တို့ ဒီကိုရောက်လာတဲ့ အဓိကရည်ရွယ်ချက်က လုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာခဲ့ရတဲ့ ရခိုင်တိုင်းရင်းသားနဲ့ ဒီဒေသမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေကို လိုအပ်တဲ့အကူအညီတွေ ပေးဖို့ ဖြစ်ပါတယ်။ လူမျိုးဘာသာ ခွဲခြားမှုမရှိပါဘူး။ လောလောဆယ်မှာတော့ သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ ညှိနှိုင်းပြီး ဆန်၊ ဆီ၊ ပဲ၊ ဆား စတဲ့ အခြေခံစားကုန်တွေကို ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ပံ့ပိုးတဲ့အခါမှာ လောလောဆယ် သီတင်းနှစ်ပတ်စာအတွက် ရိက္ခာပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ နေရပ်စွန့်ခွာသူများအရေအတွက်နဲ့ မိသားစုအနည်းအများအပေါ် မူတည်ပြီး ထောက်ပံ့ပေးသွားမှာဖြစ်တဲ့အတွက် ရက်သတ္တလေးပတ် သို့မဟုတ် ငါးပတ်စာဖြစ်နိုင်ပါတယ်။ ဒီလိုအကြမ်းဖက်ဖြစ်ရပ်က ဒေသခံတွေအတွက် ဆိုးရွားတဲ့ရိုက်ခတ်မှုတွေ ဖြစ်ပေါ်ခဲ့တာမို့ နောက်ထပ် မဖြစ်ပွားအောင် တားမြစ်ဖို့လိုပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောသလို ရခိုင်တိုင်းရင်းသားတွေရော အစ္စလာမ်ဘာသာဝင်တွေပါ ဘယ်သူမဆို တရားဥပဒေကိုလိုက်နာဖို့လိုအပ်ပါတယ်ဟု ဖွင့်ဟပြောကြားခဲ့ကြပါကြောင်း။ **(သပြေနှင့်အဖွဲ့)**

## မောင်တောမြို့နယ်အတွင်းမှ မသင်္ကာဖွယ် ဘင်္ဂါလီလူမျိုးလေးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းကျေးရွာအနီး နယ်ခြားစောင့်ရဲတပ်ဖွဲ့က နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မောင်တောမြို့နေ မသင်္ကာဖွယ်ရာ ဘင်္ဂါလီလူမျိုး နူအာလောင်(ဘ)အဒူဟာကိန်းအား ဖမ်းဆီးရမိခဲ့ပြီး နိုဝင်ဘာ ၅ ရက်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် ဒုညောင်ပင်ကြီးကျေးရွာအုပ်စု ခေတ္တအုပ်ချုပ်ရေးမှူး မူဟာမတ်ဘူဖိုက်(ဘ)ရော်ရှီးအာမတ်အား တွေ့ဆုံမေးမြန်းစဉ် ၎င်း၏ ဖြေကြားချက်များမှာ အကျိုးအကြောင်းဆီလျော်မှု မရှိသဖြင့် အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲခန့်တွင် သဝန်ချောင်းကျေးရွာအတွင်း ဝင်ရောက်စစ်ဆေးစဉ် အဘူဆော်ယောက်(ဘ)မာမတ်ကာတိမ်အား ၎င်း၏ နေအိမ်ခြံဝင်းအတွင်း သစ်သားဖြင့်ပြုလုပ်ထားသည့် အလျား သုံးပေ သုံးလက်မရှိ သေနတ်ပုံစံတစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ကိုးတန်ကောက်ကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် နူရ်အာလောင်(ဘ)မော်ဘီဟူဆောင်း၏နေအိမ် အနောက်ဘက် ပေ ၂၀ ခန့်အကွာတွင် ဓားခုနစ်ချောင်း၊ မှိန်းတစ်ချောင်းတို့အား ဖော်ထုတ်တွေ့ရှိရသဖြင့် နူရ်အာလောင်အား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ဘင်္ဂါလီလေးဦးအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မောင်တောမြို့မရဲစခန်းနှင့် အင်းဒင်ရဲစခန်းတို့သို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဥရောပသမဂ္ဂကာကွယ်ရေးဦးစီးချုပ်များ၏ စစ်ဘက်ဆိုင်ရာကော်မတီအစည်းအဝေး (European Union Military Committee-EUMC Meeting) သို့ တက်ရောက်ရန် ယမန်နေ့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ Zaventem အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ လေဆိပ်၌ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကျိုက်ခေါက်စေတီတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ပထမနေ့ (နိုဝင်ဘာ ၁၃ ရက်)တွင် (၃၅) ကြိမ်မြောက်မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲကို စေတီတော်မြတ်ကြီး ရှုခင်းသာတန်ဆောင်း၌ စင်တော်ငါးစင်ဖြင့် ဖွင့်လှစ်ယှဉ်ပြိုင် ရက်ခတ်သွားမည်ဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များကို သစ်သီးဆွမ်း၊ ရေချမ်း၊ ပန်းနှင့် ဆီမီးများ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်တွင် စေတီတော်ကြီးနှင့် ဆင်းတုတော်မြတ်များအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်သွားမည်ဖြစ်သည်။

ကျိုက်ခေါက်စေတီတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ရက်များအတွင်း သန်လျင်မြို့ရှိ ကျောင်းတိုက်ပေါင်း ၂၀၈ တိုက်တို့မှ သံဃာတော် ၃၀၆ ပါးတို့အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတို့ကိုလည်း စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများအား ရှမဝအကအလှဇာတ်သဘင်ဖြင့် နှစ်ညတာ အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ပြီး ပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းများကို နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ စေတီတော်မြတ်ကြီး ကြာကန်ဓမ္မဗိမာန်သို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောင်ကျော်ဦး)**

✻ **ကျောဖုံးမှ**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာဆီယံယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။ မြန်မာယူ-၁၈ အသင်းကို ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင် ဂျာမန်လူမျိုးနည်းပြ ဂဲတ်ဖရိုင်းဒရစ်နှင့်လက်တွဲညီခဲ့သည့် ဦးညီညီလတ်ကို နည်းပြချုပ်အဖြစ် တာဝန်ပေးထားပြီး ၂၀၁၆ ခုနှစ်အတွင်းက အာဆီယံယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၁၆ အသင်းမှ ကစားသမားများကို အမာခံထားဖွဲ့စည်းမည်ဖြစ်သည်။ ယင်းကစားသမား ၂၅ ဦးမှာ နိုဝင်ဘာ ၁၄ ရက်တွင် စတင်လေ့ကျင့်မည် ဖြစ်သည်။ မြန်မာယူ-၁၈ အသင်းသည် အသင်းအင်အားပိုမိုတောင့်တင်းစေရန်အတွက် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ လူရွေးပွဲကျင်းပခဲ့ပြီး MNL နှင့် MNL-2 လူငယ်ကလပ်အသင်းများမှ ကစားသမား ၇၄ ဦးလာရောက်ရွေးချယ်ခံခဲ့ပြီး ယင်းကစားသမားများအနက် ၁၅ ဦး လျှော့ချထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းကစားသမားများကို အသက်မှန်ကန်မှုရှိ၊ မရှိ အဓိက စစ်ဆေးမည်ဖြစ်ပြီး အသက်မှန်ကန်ပြီး ခြေစွမ်းပြနိုင်သူများကို ရွေးချယ်မည်ဖြစ်သည်။ ယခု လူရွေးပွဲမှ ကစားသမား ၂၅ ဦး ထပ်မံရွေးချယ်မည်ဖြစ်ပြီး ယခင် ၂၅ ဦးနှင့် ပေါင်းကာ (က)အသင်းနှင့် (ခ) အသင်းဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာယူ -၁၆ အသင်းသည့် MFF Youth အသင်းအမည်ဖြင့် ၂၀၁၆ ရာသီ MNL -2 (ပထမတန်း) လူငယ်အမှတ်ပေးပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ချန်ပီယံဆုရယူနိုင်သည်အထိအောင်မြင်မှုရခဲ့သည်။ ယခုဖွဲ့စည်းမည့် မြန်မာယူ-၁၈ အသင်းကိုလည်း (က) အသင်းအား ပထမတန်း စီနီယာပြိုင်ပွဲ၊ (ခ) အသင်းအား ပထမတန်း ယူ-၂၀ ပြိုင်ပွဲ၌ယှဉ်ပြိုင်စေရန် စီစဉ်ထားကြောင်းသိရသည်။ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ရှိပါက ယင်းနှစ်သင်းမှ ခြေစွမ်းကောင်းသူများကို ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာတွင် အာဆီယံယူ-၁၈ ပြိုင်ပွဲ၊ အောက်တိုဘာတွင် အာရှယူ-၁၉ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

## တောင်ကုတ်လျှပ်စစ် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**တောင်ကုတ် နိုဝင်ဘာ ၆**

သံတွဲခရိုင် တောင်ကုတ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အနီးကပ်ကြီးကြပ်၍ လျှပ်စစ်လိုင်းဝန်ထမ်းများနှင့် ရုံးဝန်ထမ်းများစုပေါင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်တိုဘာ စတုတ္ထပတ်မှ နိုဝင်ဘာ ပထမပတ်ထိ မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းပြီး ဗီနိုင်းပိုစတာများ စိုက်ထူပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဓာတ်အားလိုင်းနှင့် ထိစပ်နေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောင်လှဖြူ)**

❐ **မောင်တောခရိုင်မှ**

ယခုအခါ နယ်မြေတည်ငြိမ်လာပြီဖြစ်၍ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လျက်ရှိသော ကြက်ရိုးပြင်၊ ပြောင်ပိုက်၊ ငါးစာကြူးနှင့် ငါးခူရကျေးရွာများမှ ရွာသားအချို့မှာ ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ရာ ယင်းကျေးရွာများသို့ သွားရောက်တွေ့ဆုံပြီး အခြေအနေအမှန်များသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

“ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၂၃၀ ခန့်ရှိပါတယ်။ ရွာသားတွေ နေရပ်စွန့်ခွာသွားတယ်ဆိုတာကလည်း အခြေအနေမှန်ကို နားမလည်ဘဲ စိုးရိမ်ထိတ်လန့်စိတ်နဲ့ သွားကြတာပါ။ အခုတော့ ရွာမှာ ပြန်လည်ဝင်ရောက်နေထိုင်ကြပြီဖြစ်ပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေက အဓမ္မပြုကျင့်တာမရှိပါဘူး။ ပေါ်တာဆွဲတာလည်းမရှိပါဘူး။ ကြားလည်းမကြားမိပါဘူး။ ကျွန်တော်တို့အနေနဲ့ အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်”ဟု ပြောင်ပိုက်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးနူဟူစိန်က ပြောသည်။

ပြုကျင့်မှုတွေ ဖြစ်ခဲ့တယ်ဆိုတာ မဟုတ်ပါဘူး။ ပေါ်တာဆွဲတာလည်း အခုအချိန်အထိမရှိပါဘူး။ မီးရှို့တာလည်းမဟုတ်ပါဘူး။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွေကြောင့်သာ ကျေးရွာနေပြည်သူတွေ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်ခဲ့ကြတာပါ”ဟု ပြောပြသည်။

ဆက်လက်ပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ငါးခူရကျေးရွာတွင်လည်း နယ်မြေရှင်းလင်းရေးဆောင်ရွက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ကြောင်း၊ နေအိမ်နှင့်ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရကြောင်း မဟုတ်မမှန်သတင်းများထုတ်လွှင့်နေမှုအပေါ် ငါးခူရကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးရှုတော်ရှောင်းက “ဖြစ်စဉ်ဖြစ်ပွားချိန်မှာ ငါးခူရကျေးရွာမှာရှိတဲ့ ဈေးဆိုင်ခန်းခြောက်ခန်းကို ငါးခူရရွာသားနှစ်ဦးက မီးရှို့ပြီး ထွက်ပြေးသွားတာကို မြင်တွေ့လိုက်ရပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေ မီးရှို့တာမဟုတ်ပါဘူး။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ မီးငြိမ်းသတ်ခဲ့တာဖြစ်ပါတယ်။ အဓမ္မပြုကျင့်တာတွေ၊ ခြိမ်းခြောက်မှုတွေ၊ ပေါ်တာဆွဲမှုတွေလည်း နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့

ငါးခူရကျေးရွာမှာ ခေတ်အဆက်ဆက်မှာ ဒေသခံတိုင်းရင်းသားတွေနဲ့ ဘာသာခြားတွေ အတူတကွနေထိုင်ခဲ့ကြတာပါ။ အကြမ်းဖက်မှုတွေမရှိခဲ့ပါဘူး”ဟု ပြောကြားသည်။

ငါးခူရကျေးရွာမှ ဒေသခံတိုင်းရင်းသား ဦးလှမောင်သိန်းကလည်း “ကျေးရွာမှာရှိတဲ့ ဆိုင်ခန်းခြောက်ခန်းကို မီးမရှို့ခင်မှာ သူတို့က ဆိုင်အတွင်းမှာရှိတဲ့ ပစ္စည်းတွေရွှေ့ပြောင်းပြီးမှ မီးရှို့ခဲ့တာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ လူနေအိမ်တွေ မဟုတ်ပါဘူး။ အိမ်ကောင်းတွေကိုလည်း သူတို့မီးမရှို့ပါဘူး။ ဒီလိုမီးရှို့တာကလည်း အစိုးရတာဝန်ရှိသူတွေနဲ့ နိုင်ငံတကာလူမှုအဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ လာရောက်တဲ့နေ့နဲ့ တိုက်ဆိုင်ပြီး မီးရှို့ခဲ့တာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် မောင်တောမြို့နယ် ကြိမ်ချောင်းရွာမှ ဦးအီစုကလည်း “ကျွန်တော်က ဆေးဝါးအရောင်းဆိုင်ဖွင့်ထားပါတယ်။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေကို လုံးဝမလိုလားပါဘူး။ ရှုတ်ချပါတယ်။ ဒီလိုဖြစ်ရပ်တွေကြောင့် စီးပွားရေး



ဦးနူဟူစိန်





ဦးမာမက်ဆော်လင်



ဦးရှုတော်ရှောင်း



ဦးကျော်ဂျီအောင်



ဦးလှမောင်သိန်း



ဦးအီစူ

နယ်မြေလုံခြုံရေးဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ခဲ့ကြောင်း၊ ရွာသူရွာသားအားလုံးကို ဖမ်းဆီးနေကြောင်း ကောလာဟလသတင်းများအပေါ် ငါးစာကြူးကျေးရွာတွင် ပြန်လည်နေထိုင်လျက်ရှိသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမာမက်ဆော်လင်က “အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုမှာ ပါဝင်ပတ်သက်တဲ့သူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ရှာဖွေဖော်ထုတ်ဖမ်းဆီးတာကို အထင်အမြင်လွဲပြီး ရွာသူရွာသားတွေက တိမ်းရှောင်သွားခဲ့တာဖြစ်ပါတယ်။ ဒီလိုနယ်မြေလုံခြုံတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေဟာ အဓမ္မ

တပ်မတော်သားတွေ မလုပ်ခဲ့ပါဘူး။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုနဲ့ ပါဝင်ပတ်သက်သူတွေ၊ အပေါင်းအပါတွေကသာ လုပ်ကြံဇာတ်လမ်းအဖြစ် ပြောဆိုနေကြခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်ပြီး ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဂျီအောင်ကလည်း “အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားတဲ့ ည ၈ နာရီခွဲအချိန်က အဲဒီဈေးဆိုင်ခန်းတွေ မီးလောင်မှုဖြစ်ပွားခဲ့တာပါ။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ၊ ဒေသခံတိုင်းရင်းသားတွေက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့တာဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မီးရှို့တာ၊ အဓမ္မပြုကျင့်တာ၊ ပေါ်တာဆွဲတာတွေ မရှိပါဘူး။

ထိခိုက်ပါတယ်။ အေးအေးချမ်းချမ်းနဲ့ နေချင်ပါတယ်။ ဒီလိုအကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဘာကြောင့်လုပ်တယ်ဆိုတာ မစဉ်းစားတတ်အောင်ဖြစ်ရပါတယ်”ဟု ပြောကြားသည်။

မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားခဲ့ခြင်းအပေါ် ဒေသတွင်းရှိပြည်သူများက ဆန့်ကျင်ရှုတ်ချလျက်ရှိသကဲ့သို့ မဟုတ်မမှန်သတင်းများလုပ်ကြံထုတ်လွှင့်မှုနှင့် ကောလာဟလများမှာလည်း မြေပြင်လက်တွေ့ဖြစ်ရပ်များနှင့် ကွဲပြားနေသည်ကို ဒေသခံရွာသားအချို့၏ ပြောစကားများက သက်သေပြဆိုလျက်ရှိသည်။ **(သတင်းစဉ်)**

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

### ၁။ လူငယ်စာပေ

လူငယ်စာပေကို ဘယ်လိုရေးကြမည်နည်း။ လွယ်လွန်းလို့ ကွာ။ ရှေးဟောင်းကဗျာတွေ၊ ဆုံးမစာတွေချဲ့ရေး၊ ပတ်ဝန်းကျင်အကြောင်းတို့၊ ကျန်းမာရေးအကြောင်းတို့၊ စာဖတ်ဖို့တို့၊ စည်းကမ်းရှိဖို့တို့၊ မျိုးချစ်စိတ်ရှိဖို့တို့၊ ပညာရဲ့ ကျေးဇူးတို့၊ ဒါတွေလှည့်ပတ်ရေး၊ အကိုးအကားတွေထည့်၊ သဒ္ဒါ၊ သတ်ပုံမှန်ပါစေ။

ဤမျှလောက်နှင့်ရပါသလား။ ကလေးစာပေရေးတတ်ဖို့ ကလေးနေရာက နေတတ်ရမည်။ လူငယ်စာပေရေးနိုင်ဖို့ လူငယ်နေရာက နေတတ်ရမည်။ စိတ်ပညာကို ကောင်းကောင်းနားလည်ရမည်။ ကလေးစိတ်ပညာနှင့် လူငယ် adolescence စိတ်ပညာလုံးဝမတူ။ လူငယ်သည် စေတနာမပါသော အထက်စီးလေသံကို မကြိုက်၊ ရေးသူက သူတို့အကျိုး (လူငယ်များအကျိုး) အတွက် ရာနှုန်းပြည့် စေတနာမပါဘဲ ကိုယ်ကျိုးတွေပါနေလျှင် လူငယ်များက သိသည်။ သူတို့သည် လောက၏ ရှုပ်ထွေးနက်နဲမှုများကို စူးစမ်းစအရွယ်၊ အတ္တမာနကို တည်ဆောက်စအရွယ်၊ သူတို့ကို အထင်သေးသော အထက်စီးလေသံကိုမကြိုက်၊ ဤအချက်သည် အရေးကြီး၏။

Management ခေါ် စီမံခန့်ခွဲမှုပညာတွင် အလေးထားပြောကြရသော အဓိကအချက်တစ်ချက်ရှိ၏။ တစ်သားတည်းနေခြင်းဖြစ်သည်။ အဆီအဆိမ့်တွေ နင့်နေအောင်စားပြီး ရုံးခန်းမှာထိုင်ကာ ဟိန်းဟောက်နေသော အထက်လူကြီးကို ခုံတန်းလျားစုတ်စုတ်မှာ ထမင်းချိုင့်စုတ်စုတ် ကလေးထုပ်ပြီး ရေသည်ထမင်း၊ ရေသည်ဟင်း စားနေရသော အောက်လက်ငယ်သားများက လေးစားမည်မဟုတ်။ ရုံးကားဖြင့် ကြော့ကြော့မော့မော့ အချိန်မီ ရုံးရောက်သူက မနက် ၆ နာရီ ကတည်းက ရုံးသွားဖို့ပြင်ရသူများ၏ ဒုက္ခကို စာနာတတ်ဖို့လိုသည်။ ထိုဒုက္ခသည်များ ရုံးနောက်ကျရာတွင် ဒဏ်ငွေချပါက ထိုဌာနပျက်စီးတော့မည်ဟု သိသာသည်။ ကိုယ်ချင်းစာစိတ်မရှိသူသည် ခေါင်းဆောင်ကောင်း မဟုတ်။

ဤလို အာဏာရှင်တစ်ဦးကြောင့် အကျိုးဆက်တွေ ကောင်းသွားခဲ့သည်လည်းရှိ၏။ လက်ဖက်ရည်သောက်ချင်တာ၊ မုန့်ဟင်းခါးစားချင်တာကိုပင် ရုံးကားတဝီဝီသုံးနေသော အပြင်လူမိုးကျပုဂ္ဂိုလ်တစ်ဦးကို လက်သပ်မွေးထားသော "လူကြီး" က ဝန်ထမ်းကြီးတစ်ဦး၏ ကလေးမျက်လုံး ခိုက်မိ၍ ဆေးရုံသွားရန် ကားတောင်းသည်ကို နင်ပဲငဆ တွေအများကြီးပြောပြီးမှ သနားညှာတာလွန်း၍ အသားဖွဲ့ ပေးလိုက်ရသလို ကျေးဇူးတင်ခံသည်။ ထိုဝန်ထမ်းကြီးက လူကြီးတက်ဖြစ်သောအခါ သူရသည့်မာဇဒါဂျစ်ကို ဆီအပြည့်ဖြည့်ပြီး သော့တန်းလန်းဖြင့်ထားပေးသည်။ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စတွေမှာ ခွင့်တောင်းနေစရာမလို၊ ယူသာသွား။ အဖျင်းအမှော်တွေလွင့်သွားလျှင် အနှံပြည့်များသာ ကျန်ပါသည်။

### ၂။ ဦးအောင်သင်း

လူငယ်စာပေအကြောင်းစဉ်းစားရင်းနှင့် အောင်သင်း (ဆရာဦးအောင်သင်း) အကြောင်းကို ဆက်စဉ်းစားမိသည်။ သူ့စာပေဘဝပထမပိုင်းသည် စာပေသဘောတရားများ၊ ဝေဖန်ရေးများ၊ အက်ဆေးများဖြင့် ပြီးခဲ့သည်။ သို့သော် မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့မှစပြီး လူငယ်စာပေတွေ ချည်းရေးခဲ့သည်။ အများကြီးရေးခဲ့သည်။ ဟောပြောသူဘဝ ပထမပိုင်းတွင် ရသစာပေမိတ်ဆက်ကို ပရိသတ်အကြိုက်ဟောခဲ့သော်လည်း ဒုတိယပိုင်းတွင်ကား လူငယ်ကြီးပွားရေးကိုပဲ နိုင်ငံတစ်နံတစ်လျားသွားပြီး ဟောပြောခဲ့သည်။ သူ့စာများ၊ ဟောပြောချက်များကြောင့် လူ့အဖိုးတန်ပြန်ဖြစ်လာခဲ့ကြသော လူငယ်တွေတစ်ပုံကြီးရှိသည်။

သူ့စာအုပ်များကို လူငယ်တွေနှစ်နှစ်ခြိုက်ခြိုက်ဖတ်ကြသည်။ အဘိုးအရွယ်လူကြီးတစ်ယောက်၏ ရေးသားချက်၊ ပြောကြားချက်များဖြစ်၍ ငေါက်သံ၊ ဆရာလုပ်သံတွေ တစ်ပုံကြီးပါနေပါသည်။ လူငယ်များသည် သူတို့ကို ဆရာလုပ် တာမကြိုက်ဟု ကျွန်တော်စကားပလ္လင်ခံခဲ့ပါသည်။ "စေတနာမပါဘဲ" ဟု ကျွန်တော်အထူးပြုခဲ့သည်ကို သတိထားမိမည်ထင်ပါသည်။


သူ့စာများကို ဖတ်လျှင် သူ့ရင်ထဲမှ စေတနာကို အတိုင်းသားမြင်ရသည်။ စာရေးရာတွင်လည်း ဆုရချင်သော စိတ်ရင်းခံဖြင့် တမင်ဥပမာသာဓကတွေ၊ အကိုးအကားတွေ၊ ဖြတ်ညှပ်ကပ်တွေထည့်ပြီးရေးသောစာမျိုး မဟုတ်။ တစ်သက်တာသိမ်းလာခဲ့သော ဗဟုသုတတို့ကို သွန်ချပြီး စေတနာဖြင့် အရောင်တင်ပေးလိုက်ခြင်းသာ ဖြစ်သည်။ ဆုရဖို့၊ မရဖို့ စိတ်မဝင်စား။ (ဘယ်စာအုပ်ကောက်ဆုပေးပေး ပေးသူအဖို့ ဂုဏ်တက်စရာသာဖြစ်မှာ မလွဲသည့်တိုင် သူဘာစာပေဆုမှမရဖူးပါ။ သူကတော့ ဂုဏ်ငယ်မသွားပါ။)

အဓိက အရည်အသွေးမှာ စိတ်ရင်းမှန်ဖြင့် တိုင်းပြည်ချစ်စိတ်ဖြစ်သည်။ လူငယ်ဆိုသည်မှာ တိုင်းပြည်၏ အနာဂတ်ကို လက်လွှဲယူရမည့်သူများဖြစ်သည်။ သူတို့မှာ ချစ်လေးချစ်ဖြင့် ပြည့်စုံနေဖို့လိုသည်။ တိုင်းပြည်ကိုချစ်ရမည်။ လူမျိုးကို ချစ်ရမည်။ ပညာ(ပညာအစစ်) ကိုချစ်ရမည်။ အမှန်တရားကို ချစ်ရမည်။ ဤလိုလူငယ်မျိုးတွေ ဖြစ်လာမှ တိုင်းပြည်နှင့် လူမျိုး၏ အနာဂတ်ကို စိတ်ချရပေမည်။ တိုင်းပြည်နှင့် လူမျိုးအတွက် စဉ်းစားပြီး လူငယ်ပျိုးထောင်ရေးအတွက် ရေးသူ၏စာများတွင် စေတနာအစစ်များပါနေတတ်သည်။ ခေတ်လူငယ်များကလည်း စေတနာပါသော စကား/စာဟုတ်၊ မဟုတ်ကို သိကြပါသည်။ အတုကို အတုမှန်းသိကြပါသည်။

### ၃။ မြန်မာ့ရေးရာ

အဆင့်မြင့်သုတေသနဂျာနယ်များသည် နိုင်ငံတစ်နိုင်ငံ၏ ပညာရေးအဆင့်အတန်းကို ကိုယ်စားပြုသည်။ BRS ဟုခေါ်သော မြန်မာနိုင်ငံ သုတေသနအသင်းသည် ကိုလိုနီခေတ်ကပင် အခိုင်အမာရှိခဲ့ပြီး သုတေသနစာတမ်းဖတ်ပွဲများ ပုံမှန်လုပ်သည်။ သုတေသနစာစောင်လည်း ပုံမှန်ထွက်ရှိပြီး ပျို့များ၊ မော်ကွန်းများ၊ ရာဇဝင်များကိုလည်း အခါအားလျော်စွာထုတ်ဝေခဲ့သည်။ အလွန်ကျေးဇူးကြီးသော နိုင်ငံတကာသုတေသနနယ်ပယ်ကလည်း လေးစားရသော သုတေသနလက်ရာများ တင်ကျန်ရစ်သည်။ သို့သော် တန်ဖိုးနားမလည်သူများ၏ လက်တွင် အားမပေးရုံမျှမက အပေါစားသုတေသနများကို အာဏာဖြင့် စင်ပြိုင်တင်စေသည့်ခေတ်တွင် ထိုအစဉ်အလာကြီးမားသော အသင်းကြီးကွယ်ခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်မတိုင်မီတွင် ပညာရှင်အသင်းများ ခေတ်စားလာပြန်သည်။ ၁၉၅၀ ခုနှစ် ဝန်းကျင်က ရှိခဲ့သော ပညာတံခွန်အဖွဲ့ Academy of Arts and Science ကို လိုက်တုပပြီး ဖွဲ့ပေးသောအသင်းများဖြစ်သည်။ တစ်လိုင်းအတွက် တစ်ဖွဲ့ဆိုသလို ဖွဲ့သောကြောင့် ရာထူးပင်ကြီးသော်လည်း သုတေသနစိတ်ကူးညံ့သည့် သူများပါ ရာထူးအရ ပါလာသည်။ အမှန်တော့ Myanmar Academy of Arts, Sciences and Technology ဆိုပြီး ထိတ်ထိတ်ကြဲ ပညာရှင် ၃၀ လောက်ဖြင့် ဖွဲ့ရန်သာဖြစ်သည်။ ပါရဂူဘွဲ့ရပြီး ပါမောက္ခဖြစ်တိုင်း အဖွဲ့ဝင်မဖြစ်။ နိုင်ငံတကာသုတေသနနယ်ပယ်မှာ ဩဇာရှိသူ ပညာရှင်ဖြစ်မှ၊ လွှတ်တော်၏ ပညာရေးကော်မတီက အထပ်ထပ်စစ်ဆေးပြီးမှ အဖွဲ့ဝင်ပညာရှင် Academician ဖြစ်နိုင်သည်။ မြန်မာစာ တစ်ယောက်၊ ပထဝီ တစ်ယောက်၊ ရူပဗေဒ တစ်ယောက်စသည်ဖြင့် ဖွဲ့စည်းရသည်ဖြစ်ရာ တကယ့်ထိပ်တန်းပညာရှင်မှသာ Academician ဖြစ်နိုင်သည်။ အလွန်လည်း ဂုဏ်ရှိပါသည်။ နာမည်ကောင်းရရုံ ဖြစ်ကတတ်ဆန်းဖွဲ့ထားသော ပညာရှင်အဖွဲ့တစ်ဖွဲ့တွင် ဦးဆောင်သူများ ကိုယ်တိုင်က Biometrics/Statistical methods တို့ကိုမသိ၊ ထိုသို့မသိသောကြောင့် တန်ဖိုးလည်းမထား




တတ်သည်ကို ကြုံဖူးသည်။ ဝိဇ္ဇာသုတေသနတွင် methodical (နည်းစနစ်လစ်ဟာမှုမရှိခြင်း)နှင့် Logical (ယုတ္တိမှန်ခြင်း)တို့ ရှိရသည်။ သိပ္ပံသုတေသနတွင် တွေ့ရှိချက်သည် concrete (ခိုင်မာမှု)နှင့် significant ဖြစ်ရသည်။ Significant မှာ ငြင်းမရအောင် ခိုင်ခံ့မှုဖြစ်၏။ တွေ့ရှိချက်များက သုတေသန statistical ဘောင်ဝင်ရမည့် အပြင် လွဲသွေနှုန်းကလည်း ပြန်ကျော့မှုအကြိမ် ၁၀၀တွင် ငါးကြိမ်ထက်နည်းရမည်။ အကြိမ် ၁၀၀၀ မှာ တစ်ကြိမ်ထက်လျော့နည်းနိုင်သည့် သုတေသနတွေ့ရှိချက်မျိုးကို highly significant ဟု ခေါ်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် သုတေသန ဂျာနယ်များ ထွက်ခဲ့သည်။ နှစ်စဉ်သုတေသန စာတမ်းဖတ်ပွဲများ ကျင်းပပြီး ဂျာနယ်မှန်မှန်ထုတ်သော ပညာရပ်အသင်းများ လည်းရှိဆဲဖြစ်သည်။ သမိုင်းကော်မရှင်မှ စာစောင်များ လည်းရှိခဲ့သည်။ Open Mind (OM) အမည်ရှိ နိုင်ငံ့ရေးရာ သုံးသပ်ချက်များ အဓိကပါသော စာစောင်တစ်ခုလည်း ၁၉၆၀ မတိုင်မီကထွက်ဖူးသည်။

မြန်မာပြည်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အတွက် အထောက်အကူဖြစ်စေရန်ထွက်ပေါ်လာသော မြန်မာ့ရေးရာ MYANMAR AFFAIRS စာစောင် အမှတ်-၁ က ယခုနှစ် အောက်တိုဘာလတွင်ထွက်လာသည်။ အထောက်အကူပြု စာစုများနှင့် သုတေသနစာတမ်းများဟု ဆိုသောကြောင့် ဂျာနယ်ဆောင်းပါး၊ မဂ္ဂဇင်းဆောင်းပါး ဆန်သော စာများပါလာခြင်းကို နားလည်ပေးရလိမ့်မည်။ Citation and Bibliography ပါသော သုတေသနဆောင်းပါးနှစ်ပုဒ် (Aung San Suu Kyi, Min Zin) တွင် လည်း house style ခေါ်တိုက်ပိုင်မူ မထူထောင်နိုင်သေးခြင်းကိုတွေ့ရ၏။

ယင်းစာအုပ်တွင် မြန်မာဆောင်းပါး ၁၇ ပုဒ်ပါသည်။ သုတေသနဆောင်းပါးလေးပုဒ်အနက် ဇေယျာသူ၏ တရုတ်မြန်မာစီးပွားရေးရှုထောင့်သည် သုတေသနစာတမ်းဆန်သည်။ အမှန်ကတော့ သုံးသပ်ချက်စာတမ်း Analysis ဖြစ်သည်။ စိတ်ဝင်စားဖွယ် အချက်အလက်များဖြင့် ထောက်ကူထားသည်။ အပတ်စဉ်ထုတ် ဂျာနယ်ဆောင်းပါး အဆင့်မျှသာရှိသောစာများကို စိစစ်ရန်လိုမည်ထင်ပါသည်။

Aung San Suu Kyi ဒေါ်အောင်ဆန်းစုကြည်၏ Burma and India ; Some Aspects of Intellectual Life under Colonialism သည် ၁၉၉၀ ပြည့်နှစ်က ရေးသားခဲ့ပုံရသော သုတေသနစာတမ်းဖြစ်သည်။ အကိုးအကားများစွာဖြင့် ကိုလိုနီခေတ်မှ အိန္ဒိယပြည်သားများနှင့် မြန်မာပြည်သားများအကြောင်းကို ပညာရှင်စာတမ်း အဖြစ် ပြုစုထားသည်။ နိဒါန်းတွင်ပါသော -

A comparative study of the literature of the two different nations can be a hazardous task fraught with the dangers of generalization, oversimplification and the temptation to find contrasts and similarities where none, in fact, exists. On the other hand, the comparative approach offers opportunities to highlight the salient characteristics of a particular tradition as well as to indicate those trends which might be considered the product of the human creative impulse independent of the national setting. Yet, the latter also take on forms which are decided by the social and political context in which they were given shape. Thus the treatment of love and religion, two of the most popular themes in the literature of many cultures, can differ not only between different societies but also between different periods in the same society reflecting changing values. Consequently, the study of literature is enhanced by an examination not only of the broader corpus of ideas, beliefs and creative thinking which make up the intellectual life of a society, but also of the political and social factors which have shaped this life.

စာပိုဒ်တွင် ပြည်သူပြည်သားများ၏ သိင်္ဂါရအနှောင်အဖွဲ့(Love) နှင့် ဘာသာရေးယုံကြည်မှု(religion)တို့က နိုင်ငံရေးဘဝကို ထင်ဟပ်ကြောင်း ကျမ်းကိုးများဖြင့်ပြသည်ဟု ပလ္လင်ခံထားသည်။ ဗြိတိသျှသခင်ကြီးတို့က အိန္ဒိယလူမျိုးတို့မှာ အလေးအနက်ထားတတ်၊ သိုသိပ်တတ်ပြီး စိတ်နေကြီးမြင့်၍ လျှို့ဝှက်ချင်သူ၊ မပေါ်လွင်ချင်သူများဟုယူဆပြီး မြန်မာ တို့ကိုကား ပေါ့ပါးပျော်ရွှင်ပွင့်လင်း၍ အလေးအနက်မထားတတ်သည့် ကလေးဆန်(ရိုးသား)သူများဟု ရှုမြင်ကြောင်း တင်ပြထားပြီး ထိုအမြင်များမှာ လက်ခံထိုက်သည်မဟုတ် ကြောင်း ဤသို့ရှင်းပြ၍ နိဂုံးချုပ်ထားပါသည်။

While the Englishman tended to see the Hindu as 'serious', 'mysterious', 'deep', 'introverted', and so on, he usually saw the Burmese as 'gay', 'open', 'careless', 'childlike', not a people who needed deep philosophical interpretation. The Burmese returned the compliment by assuming that there was not much that he needed to know about the Englishman beyond the necessities of unavoidable intercourse between the ruler and the ruled. How different it was from India with the earnest, almost obsessive desire for comprehension at the intellectual level that was producing a string of scholars and philosophers in the western mould! It was true that such Indians constituted only a tiny section of the population, but their impact was strong on the upper classes; and they set the tone for those who would be leaders in the independence movements that were to gather momentum in the twentieth century.

Min Zin ဦးမင်းဇင်က မြန်မာနိုင်ငံတော်သီချင်းအကြောင်း သုတေသနစာတမ်းပြုစုသည်။ ခေတ်ပြတိုက်စာပေမှ ထုတ်သော လက်ရွေးစင်ဆောင်းပါးများစာအုပ်၌ ဤကိစ္စ အတွက် အရေးကြီးသောမှတ်တမ်းတစ်ခု ပါသည်။ ကမ္ဘာမကြေကို အပြီးသတ်မွမ်းမံပေးသူမှာ မန္တလေးအနောက်ပြင် အမတ် ဦးခင်မောင်လေးဟု ထိုမှတ်တမ်းတွင် ဆိုထားသည်။ ဤအချက်ကို ထည့်သွင်းဆွေးနွေးသင့်သည်ထင်ပါသည်။

---

## စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ မြင်းမူမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပ

**မြင်းမူ နိုဝင်ဘာ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြင်းမူမြို့နယ်ရုံးသည် စာဖတ်သူတိုးပွားရေးနှင့် အမှန်တကယ်စာဖတ်လာစေပြီး စာဖတ်မှုအလေ့အကျင့် ပိုမိုရရှိစေရန် ရည်ရွယ်လျက် ကျောင်းသား ကျောင်းသူများ၏ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြင်းမူမြို့နယ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာအောင်က ဌာနမှ ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် မြို့နယ်စာကြည့်တိုက်မှူး ဒေါ်နေခြည်ဦးက ပြိုင်ပွဲနှင့်ပတ်သက်သော အမှတ်ပေးစည်းမျဉ်းများကို ပြိုင်ပွဲဝင်မည့် ကလေးငယ်များအား ရှင်းလင်းပြောပြသည်။

ယင်းနောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကိုပြုလုပ်ရာ ကျောင်းသား ကျောင်းသူ ကိုးဦးပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုကို မသိမ့်သိမ့်အေး၊ ဒုတိယဆုကို မမေသဇင်နှင့် ပထမဆုကို မမြတ်သော်တာအောင်တို့က အသီးသီးရရှိခဲ့ကြသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်ဦးပါဝင်ပြိုင်ကြရာ တတိယဆုကို မောင်ဇော်မင်းဟိန်း၊ ဒုတိယဆုကို မောင်သန့်ဇော်ထွန်းနှင့် ပထမဆုကို မောင်ရဲထွန်းကျော်တို့က အသီးသီးရရှိခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာအောင်၊ မြို့နယ်စာကြည့်တိုက်မှူး ဒေါ်နေခြည်ဦးနှင့် ဒေါ်ခင်မာအေး (ပြန်/ဆက်-ငြိမ်း)တို့က ဆုနှင့်မေတ္တာလက်ဆောင်ပစ္စည်းများ အသီးအသီးပေးအပ်ခဲ့ကြသည်။

**အောင်စိုးဖေ**(IPRD)

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## ပြည်တွင်းရေးရာ

# မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များ တွေ့ဆုံပွဲ ဖျာပုံမြို့၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူကို မျက်နှာမူသည့် အစီအစဉ်ကောင်းများ ထုတ်လုပ်ရာတွင် ဒေသအလိုက် ပြည်သူများ၏ အသံများရရှိရေး၊ သောတရှင်ပြည်သူများထံမှ ရင်းနှီးပွင့်လင်းသော ဝေဖန်အကြံပြုချက်များရရှိပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ လေလှိုင်းပေါ်တွင် အသံဖြင့် ကျွမ်းဝင်ပြီးဖြစ်သော အစီအစဉ်တင်ဆက်သူများနှင့် သောတရှင်များ တိုက်ရိုက်တွေ့ဆုံ ရင်းနှီးခွင့်ရရှိခြင်းဖြင့် မြန်မာ့အသံအပေါ် ချင်ခင်နွေးထွေးမှုနှင့် ယုံကြည်မှုပိုမိုရှင်သန်ခိုင်မာစေရေး၊ လူမှုကွန်ရက်နှင့် အခြားသတင်းရင်းမြစ်များမှ ရရှိလာသည့် သတင်းအချက်အလက်များ ဟုတ်၊ မဟုတ် မှန်၊ မမှန် အတည်ပြုပေးနိုင်မည့် အမာခံဒေသခံများ ရရှိရေးနှင့် မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား မြန်မာ့အသံ၏ အမာခံသောတရှင်များအဖြစ်မှ အမာခံသတင်းထောက်များအဖြစ်သို့ စည်းရုံးဖော်ဆောင်ရေး ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ဩဘာလုပ်ငန်းစု၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသွားမည့် အဆိုပါ အခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ မြန်မာ့အသံ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ မြို့နယ်များမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအပါအဝင် အခြားဒေသများမှ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအနေဖြင့် အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ်-၀၆၇-၇၉၂၁၅ သို့ နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်သည်။

အခမ်းအနားတွင်Co-sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်းနံပါတ်-၀၆၇-၇၉၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားများကို ဒီဇင်ဘာလအတွင်း မွန်ပြည်နယ် မုဒုံမြို့တွင် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင်လည်းကောင်း အသီးသီး ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

**(သတင်းစဉ်)**



# ၂၀၁၆ အလွန် မြန်မာ့စီးပွားရေးကဏ္ဍအကြောင်း စီးပွားရေး ဖိုရမ် Myanmar Beyond 2016 ကို အပတ်စဉ် ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

လက်ရှိမြန်မာ့စီးပွားရေးကဏ္ဍနှင့် ၂၀၁၆ အလွန် မြန်မာ့စီးပွားရေးအခြေအနေအား ဆွေးနွေးသုံးသပ်မည့် စီးပွားရေးဖိုရမ် Myanmar Beyond 2016 ကို အပတ်စဉ် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် စီးပွားရေးကဏ္ဍနှင့် မြန်မာလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စာတမ်းများ ပြုစုခြင်းတို့ပြုလုပ်ပြီး အစိုးရချမှတ်သည့် ပေါ်လစီများ မှန်ကန်ရေးအတွက် အစိုးရကို ကူညီရန် စီးပွားရေး ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပါဝင်သည့် Prosper Myanmar Think Tank ဖွဲ့စည်းလိုက်ကြောင်း မြန်မာနိုင်ငံ စီးပွားရေး တက္ကသိုလ်ဘွဲ့ရများအသင်း(MIEGA) ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က ပြောသည်။

အဆိုပါ Prosper Myanmar Think Tank ဖွဲ့စည်းလိုက်ကြောင်း ကြေညာခြင်းနှင့် စီးပွားရေးဖိုရမ် Myanmar Beyond 2016 ကို စတင်ကျင်းပမှုကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ် ပင်မနယ်မြေရှိနီလာရတုခန်းမ၌ ကျင်းပခဲ့ပြီး အပတ်စဉ် စနေနေ့ နံနက်ပိုင်းတိုင်း အဆိုပါစီးပွားရေးဖိုရမ်ကို ကျင်းပသွားမည်ဟု သိရသည်။

"ဒီနေ့ ဆွေးနွေးသွားတာကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ ကြုံခဲ့တဲ့ သမိုင်းကြောင်းကို သိပြီးသား ဖြစ်ပေမယ့် ရှုထောင့်အမျိုးမျိုးက ပြန်ကြည့်တာ ဖြစ်ပါတယ်။ ဘာတွေကတော့ သင်ခန်းစာယူစရာ အများတွေရှိခဲ့တယ်။ ဘာတွေကတော့ ကောင်းတယ်၊ လိုတယ်စသည်ဖြင့် ရှေ့ကို ဘာဆက်လုပ်သင့်လဲဆိုတာ ရှောင်ရန်ဆောင်ရန်တွေ ရှိမလဲဆိုတာ ထုတ်နုတ်ပြီးပြတာပါ။ ထုတ်နုတ်ပြီး စာတမ်းတစ်စောင် ပြုစုထုတ်ပြန်မှာပါ။ အရင်ပြီးခဲ့တဲ့ဖိုရမ်အတွက် white paper ထွက်ပါပြီ"ဟု မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ ပြောသည်။

Myanmar Beyond 2016 စီးပွားရေးဖိုရမ်ကို ရန်ကုန်တိုင်းဒေသကြီးမှ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ Think Tank အဖွဲ့ဝင်များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘဏ်များနှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများမှ တာဝန်ရှိများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် စီမံရေးသံမှူးများ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စီးပွားရေးတက္ကသိုလ်များတွင် ပညာသင်ကြားနေသော ဘွဲ့လွန်သင်တန်းသားများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရသူများအသင်းနှင့် စီးပွားရေးဘွဲ့ရညီနောင်အသင်းမှ အသင်းသားများ၊ အခြားစိတ်ပါဝင်စားသော စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မျိုးဆက်သစ်လူငယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဖိုရမ်ကို နိုဝင်ဘာ ၁၂ ရက်တွင် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ပြီး "Proposed Economic Development Strategies for Myanmar" စာတမ်းကို ဒေါက်တာဦးအောင်က လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် " Development Challenges for Myanmar in Contemporary Context" ခေါင်းစည်းဖြင့် ပါမောက္ခ ဆရာကြီး ဒေါက်တာဦးမြတ်သိန်းက လည်းကောင်း စာတမ်းဖတ်ကြား ဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**



# ဘုတလင်မြို့နယ် သခွတ္တနယ် အထကတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်

**မုံရွာ နိုဝင်ဘာ ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၃ ရက် နေ့လယ်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာ အထက၌ ကျောင်းသူ ကျောင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပခဲ့ကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စာလှယ် (အမှတ်-၁၊ မဲဆန္ဒနယ်) ဦးအောင်ကျော်၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဦးစီးမှူး ဦးသန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးမင်းအောင်၊ မြို့နယ်စီ/ခန့်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် လ. ဝ. က ဦးစီးမှူး ဦးတင်လှကြည်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၆၅ ကတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေနည်းရာသီသို့ ကူးပြောင်းသည့်ကြားကာလဖြစ်သဖြင့် ရေကြောင်းသွားလာရာတွင် အထူးဂရုပြုရန်လို

**မန္တလေး နိုဝင်ဘာ ၆**

ယခုလသည် မြစ်ရေများရာသီမှ ရေနည်းရာသီသို့ ကူးပြောင်းသည့် ကြားခံလဖြစ်သည့်အပြင် ရေကျချိန်အပြောင်းအလဲအများဆုံးလဖြစ်သောကြောင့် ရေကြောင်းသွားလာရာတွင် အထူးဂရုပြုရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။

"ဒီလက ရေကြောင်းအခေါ်အဝေါ်အရ ကျမ ရာသီလို့ခေါ်တယ်။ ရေကကျရင် ရုတ်တရက်ကျမှာ။ ဒါကြောင့် ရေလမ်းကြောင်းတွေက ပြောင်းလဲသွားနိုင်တယ်။ ဒီနေ့ ခုနစ်ပေရေစူးမှာတင်ရင် နောက်နေ့ ငါးပေမှာတင်နိုင်တဲ့အတွက် သောင်ပြင်မှာသင်္ဘောက လုံးဝသောင်တင်နေတာတွေဖြစ်နိုင်တယ်။ ရေစူးပြအမှတ်အသားတွေတင်မဟုတ်ဘဲ ရေကျတဲ့အပေါ် မူတည်ပြီး စည်းပြောင်းလဲမှုကိုကြည့်ပြီးသွားလာသင့်တယ်"ဟု ဦးကိုကိုအောင်က ပြောသည်။

ရေစူးပြကန့်သတ်ချက်များကိုယခုလတတိယပတ်တွင် စတင်ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ရေကြောင်းသွားလာပါကပင်မရေလမ်းကြောင်းများမှ သွားလာသင့်ကြောင်း၊ အခြားရေကျသည့်လများတွင် ရေကျချိန်မြန်ဆန်ခြင်း၊ ရေကြောင်းရုတ်တရက်ပြောင်းလဲခြင်းများမရှိသော်လည်း ယခု နိုဝင်ဘာ တတိယပတ်ခန့်တွင် အဆိုပါဖြစ်စဉ်များဖြစ်ပေါ်နိုင်သောကြောင့် ဂရုပြုစေလိုကြောင်း သိရသည်။

"ရေလမ်းညွှန်လုပ်ငန်းတွေကိုအကောင်းဆုံး၊ အပြည့်စုံဆုံးလမ်းတွေမှာ သတ်မှတ်ပေးသွားမှာပါ။ ဒီလတတိယအပတ်ကရေကျရာသီများတဲ့အတွက် ရေကျတဲ့အပေါ် မူတည်ပြီးတော့ လမ်းကြောင်းတော်တော်များများ ပြောင်းသွားနိုင်တယ်။ ဒါကြောင့်ရေလမ်းကြောင်းကိုလည်း သေချာဂရုစိုက်စေချင်တယ်"ဟု ၎င်းက ပြောသည်။ မြစ်ကြောင်းအတွင်းသွားလာနေကျသည့် သင်္ဘောများအနေဖြင့် ဂရုစိုက်သွားလာခြင်းမရှိပါက သင်္ဘောသောင်တင်ခြင်းများဖြစ်ပေါ်ကာ ရေလမ်းကြောင်းသွားလာရာတွင် အကြီးမားဆုံးအခက်အခဲများနှင့် ရင်ဆိုင်ရမည့်အပြင် ရေလမ်းကြောင်းပိတ်ဆို့မှုများပါ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒေသဖွံ့ဖြိုးရေးအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိ

**မုဒုံ နိုဝင်ဘာ ၆**

မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးဖေတင်၊ ဦးစောထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ဆောက်ရွက်မည့်လုပ်ငန်းဖြစ်သည့် ကော့ပရံကျေးရွာ ကုန်ထုတ်တံတား၏ အခြေအနေနှင့် ကတုံးပေါ်၊ ဘလောက်-ညောင်ဝိုင်း ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုလေ့လာ၍ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကျေးလက်ဦးစီးဌာန၏၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(ကြေးမုံ)**

| | |
|---|---|
| **မီး လောင် လျှင်** | (၁) ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။<br>(၂) ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။<br>(၃) နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။<br>(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။<br>(၅) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။<br>**မီးသတ်ဦးစီးဌာန** |



## တေးအယ်လ်ဘမ်သစ်နဲ့ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် BTOB

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTOB ဟာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေနဲ့ တေးရေးတွေရဲ့ အမည်ကို နိုဝင်ဘာ ၄ရက်က အဖွဲ့ရဲ့ လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တယ်လို့ ကိုရီးယားစတားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်မှာ တေးသီချင်းစုစုပေါင်း ခုနစ်ပုဒ်ပါဝင်ကာ တေးသီချင်းအများစုကို အဖွဲ့ဝင်တွေက ရေးသားထားတာဖြစ်ပါတယ်။ "I'll Be Your Man"လို့အမည်ပေးထားတဲ့ ယင်းတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးကိုတော့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟွန်းစစ်က ရေးသားထားတာဖြစ်ပါတယ်။

"I'll Be Your Man"ကို နိုဝင်ဘာ ၇ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။

## T-araရဲ့ တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara"က အဖွဲ့ရဲ့တေးသီချင်းသစ် "TIAMO"ရဲ့တေးဗွီဒီယိုကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၃ ရက်က အမြည်းသဘော ထုတ်လွှင့်ပြသခဲ့ကြောင်း အောကေပေ့ါဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးသီချင်းဟာ အဖွဲ့ရဲ့ဆောင်းရာသီအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ကာ အဆိုပါဗွီဒီယိုမှာ T-ara ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျီယောင်းဟာ မျက်ရည်စက်လက်နဲ့ အသည်းကွဲနေပုံရကာ သူ့ရဲ့ ကောင်းမွန်တဲ့ သရုပ်ဆောင်အရည်အချင်းကို လှစ်ဟပြထားကြောင်းလည်း သိရပါတယ်။

ယင်းတေးဗွီဒီယိုအပြည့်အစုံကို ထုတ်လွှင့်မယ့် ရက်ကိုတော့ ကြေညာခဲ့ခြင်းမရှိပါဘူး။

## အင်စတာဂရမ်မှာ လူကြိုက်အများဆုံးအနုပညာရှင်ဖြစ်လာတဲ့ ဆယ်လီနာဂိုမက်ဇ်



ပေါ့ပ်အဆိုတော်ဆယ်လီနာ ဂိုမက်ဇ်ဟာ လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဓာတ်ပုံတွေဖော်ပြခဲ့ရာ ပရိသတ်တွေက အဆိုပါဓာတ်ပုံတွေကို "ကြိုက်နှစ်သက်သည်"(like) ပေးခဲ့ရာ အင်စတာဂရမ်ပေါ်တင်ခဲ့သည့် ဓာတ်ပုံများအတွက် ကြိုက်နှစ်သက်မှုအများဆုံးရရှိခဲ့သည့် အနုပညာရှင်တစ်ဦးဖြစ်လာကြောင်း လိတ်တက်စ် အန်တာတိန်းမန့်နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၃)နှစ်အရွယ် ဆယ်လီနာဟာ လတ်တလောအချိန်အထိ သူ့ရဲ့ဓာတ်ပုံတွေအတွက် ကြိုက်နှစ်သက်မှုပေါင်း လေးသန်းခန့် ရရှိထားသူဖြစ်ပါတယ်။

ယခင်က အင်စတာဂရမ်ပေါ်မှာ လူကြိုက်အများဆုံးဖြစ်ခဲ့တဲ့ အနုပညာရှင်ကတော့ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်သူ ကန်ဒဲလ်ဂျန်ဒါ ဖြစ်ပါတယ်။

## ပေါင်(၂၀)လျှော့ချနိုင်ခဲ့တဲ့ ဒရူးဘယ်ရီမိုး



ဟောလိဝုဒ်ကြယ်ပွင့် ဒရူးဘယ်ရီမိုးဟာ ကိုယ်အလေးချိန်ပေါင် (၂၀)ခန့် လျှော့ချနိုင်ခဲ့ကြောင်း ယခုသီတင်းပတ်အတွင်း နယူးယောက်မှာ ပြုလုပ်ခဲ့တဲ့ အခမ်းအနားတစ်ခုမှာ ပြောကြားခဲ့တယ်လို့ တူးဖက်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဒရူးဘယ်ရီမိုးဟာ ယခင်က ကိုယ်အလေးချိန်ပေါင် (၁၄၄)ပေါင်ရှိခဲ့ရာမှ ယခုအခါ (၁၂၄) ပေါင်အထိ လျှော့ချနိုင်ခဲ့တာဖြစ်ကြောင်း ယူအက်စ်မဂ္ဂဇင်းကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သူ့ရဲ့ကိုယ်အလေးချိန်လျှော့ချခဲ့တဲ့နည်းလမ်းနဲ့ ပတ်သက်ပြီး ဒရူးက "ကျွန်မဒီလိုကိုယ်အလေးချိန်လျှော့ချဖြစ်ခဲ့တာ နက်ဖ်လစ်ခ်ကရိုက်ကူးတင်ဆက်တဲ့ ရုပ်သံအစီအစဉ်တစ်ခုကြောင့်ပါ။ ဒီလိုဝိတ်ကျသွားတော့ နေရထိုင်ရတာကယ်ကို ကောင်းသွားတယ်။ ကျွန်မ ကမ်ဘာလေစနိုက်ဒါရဲ့ နည်းလမ်းအတိုင်း လုပ်ဆောင်ခဲ့တာပါ။ ဒါပေမယ့်သူ့လို ဟင်းသီးဟင်းရွက်ချည်းပဲ စားတာမျိုးမဟုတ်ဘဲ အသားဓာတ်ရအောင် ငါးတို့ ကြက်သားတို့တော့စားပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး သူက ကိုယ်အလေးချိန်လျှော့ချရတာဟာ လွယ်ကူတဲ့လုပ်ဆောင်မှုတော့မဟုတ်ကြောင်းနဲ့ သူဝိတ်ချနေတဲ့ကာလအတွင်း ပီဇာစားချင်လွန်းတဲ့အတွက် အိပ်မက်ထဲပင် ထည့်မက်မိကာ မျက်ရည်များပင်ကျခဲ့ရကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကလေးနှစ်ယောက်ရဲ့မိခင် ဒရူးဘယ်ရီမိုးဟာ စီးပွားရေးလောကမှာပါ အောင်မြင်သူတစ်ဦးဖြစ်ပြီး ဒရူးကိုယ်တိုင်က အမြဲတမ်းအလုပ်ရှုပ်နေတဲ့သူ့ရဲ့ဘဝကို နှစ်သက်ဂုဏ်ယူကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## မြဝတီရုပ်မြင်သံကြား

**၇-၁၁-၂၀၁၆(တနင်္လာနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ရွှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆ |
| ၉း၁၀ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၉း၂၀ | ကျန်းမာသုတ |
| ၉း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၁၀း၀၀ | Casual Talk |
| ၁၀း၁၅ | အစွန်းလွတ်ရာဆီသို့ |
| ၁၀း၂၅ | မေးမြန်းစူးစမ်း |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | မြန်မာ့ရှုခင်း |
| ၁၁း၂၅ | ပျိုပျိုမေ |
| ၁၁း၃၅ | Cooking Art |
| ၁၁း၄၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၀၀ | အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ |
| ၁၂း၁၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၁၂း၃၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၄၅ | Guide For You |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၄း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၆၉) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှက်ဦးရဲ့ ပန်းသခင် အပိုင်း(၇၀) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၂၅) - ဘောလုံးကန်ကြမယ် - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၈) |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၇-၁၁-၂၀၁၆(တနင်္လာနေ့)**

**(၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်၊ ဥပုသ်နေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ဘုရား၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၃၅ | ရှန်းကန်လှုပ်ရှားဘဝများ "(၁၂) ပွဲဈေးသည်" |
| ၁၀း၃၅ | "လမြတ်တန်ဆောင်ရဲ့ ကုသိုလ်ပွဲတော်" (သန်းထိုက်၊ ဥမ္မာထွန်း၊ သက်ပိုင်စိုင်း၊ သင်းသင်းစိုး၊ နန်းစုသဥ္ဇာဇော်၊ ဖြူစင်ချို) |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၂၆) |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၃၄) |
| ၂း၁၀ | "တစ်ပါးသီလ" (၂) |
| **ညပိုင်း** | |
| ၃း၃၅ | Tasty Trip |
| ၄း၁၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း) |
| ၄း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၅း၁၅ | This Week's Special Interest |
| ၅း၃၅ | Yes or No Talk Show "Carrier Women" |
| ၆း၃၅ | ဥပဒေရေးရာအဖြာဖြာ "ကမ္ဘာနာ" (ဦးစံပေါ၊ စိုင်းထက်ရှား၊ ခင်ဖြူဖြူသန့်၊ Flory၊ မေနန္ဒာစိုး၊ သန္တာ၊ ကလေးသရုပ်ဆောင်-မိုးမိုး) ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃၆) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ |
| ၈း၃၅ | "ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တွေ့ဆုံခြင်း" (အပိုင်း-၁) |
| ၉း၀၀ | ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃၄) မျက်မှောက်ရေးရာသုံးသပ်စရာ |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

တိုင်းဒေသကြီးနှင့်ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့နံနက် ၆ နာရီခွဲတွင် စတင်ကျင်းပသည်။

အမျိုးသမီး မီတာ (၅၀၀၀) အပြေးပြိုင်ပွဲတွင် ယဉ်ငြိမ်းအေး (ရခိုင်ပြည်နယ်) က ၁၉ မိနစ် ၅၉ ဒသမ ၄၇ စက္ကန့်ဖြင့် ပထမကရရှိခဲ့သည်။

အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားရာ ယုယုပိုင် (မွန်ပြည်နယ်) က ၂၀၀၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ နေနေဝင်း စံချိန်တင်ထားသည့် ၃ ဒသမ ၁၀ မီတာကို ၃ ဒသမ ၁၃ မီတာဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ကျော်သူ (မွန်ပြည်နယ်)က (၄)မီတာဖြင့် ပထမဆုတို့ကိုရရှိခဲ့ကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် လန်ဒန်မွှေး (ချင်းပြည်နယ်)က ၁၁ ဒသမ ၈၆ မီတာဖြင့် ပထမ၊ အမျိုးသမီး ခုနစ်မျိုးစုံ-၅ အလျားခုန်ပြိုင်ပွဲတွင် အေးသန္တာ (ရခိုင်ပြည်နယ်) က ၄ ဒသမ ၇၁ မီတာဖြင့် ပထမဆုတို့ကိုရရှိခဲ့သည်။

အမျိုးသားမီတာ (၂၀၀)အပြေးပြိုင်ပွဲတွင်သက်ဝေဇော် (မွန်ပြည်နယ်)က ၂၂ ဒမသ ၄၃စက္ကန့်ဖြင့် ပထမ၊ အမျိုးသမီး မီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် သိမ့်သိမ့်စံ (ဧရာဝတီတိုင်းဒေသကြီး)က ၂၆ဒသမ ၆၇ စက္ကန့်ဖြင့် ပထမဆုတို့ကိုရရှိခဲ့ကြသည်။

အမျိုးသားမီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် မင်းမင်းဇော် (မန္တလေးတိုင်းဒေသကြီး) က ၂ မိနစ် ၀၆ဒသမ ၉ စက္ကန့်ဖြင့် ပထမ၊ အမျိုးသမီး မီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် သီသီမွန် (မွန်ပြည်နယ်)က ၂ မိနစ် ၂၅ဒသမ ၆စက္ကန့်ဖြင့် ပထမဆုတို့ကိုရရှိခဲ့ကြသည်။

အမျိုးသမီး ခုနစ်မျိုးစုံ-၆ လှံတံပစ်ပြိုင်ပွဲတွင် မိုးမိုးမြင့် (မန္တလေးတိုင်းဒေသကြီး) က ၂၇ ဒသမ ၁၃ မီတာဖြင့် ပထမ၊ အမျိုးသမီး သံလုံးပစ် ပြိုင်ပွဲတွင် ဂျေမီဂျီအင်း (ကချင်ပြည်နယ်)က ၁၀ဒသမ ၄၈မီတာဖြင့် ပထမဆုတို့ကိုရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီး ပွဲစဉ်များအလိုက် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**



## နိုဝင်ဘာ ၆ ရက် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၁** | | | | |
| ချယ်လ်ဆီး | ၅ | - | ၀ | အဲဗာတန် |
| အာဆင်နယ် | ၁ | - | ၁ | စပါး |
| ဟားလ်စီးတီး | ၂ | - | ၁ | ဆောက်သမ်တန် |
| လီဗာပူး | ၆ | - | ၁ | ဝက်ဖို့ဒ် |
| ဆွမ်းဆီး | ၁ | - | ၃ | မန်ယူ |
| **လာလီဂါ ပွဲစဉ် - ၁၀** | | | | |
| အိုဆာဆူနာ | ၀ | - | ၁ | အလာဗက်စ် |
| ပါးလ်မက်စ် | ၁ | - | ၀ | အီဘား |
| ရီးယဲလ်မက်ဒရစ် | ၃ | - | ၀ | လီဂါနက်စ် |
| အက်စ်ပန်ညို | ၀ | - | ၀ | ဘီဘာအို |
| ဆဲလ်တာဗီဂို | ၂ | - | ၁ | ဗလင်စီယာ |
| **စီးရီးအေ ပွဲစဉ် - ၁၂** | | | | |
| တိုရီနို | ၅ | - | ၁ | ကက်ဂလီယာရီ |
| ပက်စ်ကာရာ | ၀ | - | ၄ | အမ်ပိုလီ |
| ချီယေဗို | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျီနိုအာ | ၁ | - | ၁ | အူဒီးနီးစ် |
| ပါလာမို | ၁ | - | ၂ | အေစီမီလန် |
| ဆာဆူအိုလို | ၀ | - | ၃ | အတ္တလန္တာ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၉** | | | | |
| ဖရန့်ဖတ် | ၁ | - | ၀ | ကိုလုံး |
| လိုက်ပ်ဇစ် | ၃ | - | ၁ | မိန့်ဇ် |

**မောင်မောင်ဇော်**

# မန်ယူနည်းပြတိုင်း ခက်ခဲမယ့် ဖာဂူဆန်ပေးခဲ့တဲ့ ကျိန်စာ

မေလှဲ့သင်း




ဆန်းဒါးလန်းနည်းပြ မိုယက်စ်က ဖာဂူဆန်ခေတ် အောင်မြင်မှုကြီးမားလွန်းတာကြောင့် ဘယ်လောက်တော်တဲ့ နည်းပြဖြစ်ဖြစ် မန်ယူအသင်းကို ကိုင်တွယ်ရင် မျှော်မှန်းထားတာထက်ပိုပြီးခက်ခဲမှုတွေ ကြုံတွေ့ရမယ်လို့ နိုဝင်ဘာ ၅ ရက်မှာ ထုတ်ဖော်ပြောပြခဲ့ပါတယ်။ ဒါကို ဖာဂူဆန် ထားခဲ့တဲ့ ကျိန်စာလို့တောင် ပြောလို့ရတယ်လို့ မိုယက်စ်က ဆိုပါတယ်။ မိုယက်စ်ဟာ ဖာဂူဆန်ခေတ်လွန် မန်ယူရဲ့ ပထမဆုံး နည်းပြဖြစ်ပြီး ရှစ်လအကြာမှာ ထုတ်ပယ်ခံခဲ့ရသူဖြစ်ပါတယ်။ အဲဒီနောက် မန်ယူအသင်းဟာ ဗန်ဟားလ်ကို ခေါ်ယူပြီး အသင်း ပြန်လည်ဦးမော့ရေးကို ဖော်ဆောင်ခဲ့ပေမယ့် တစ်ရာသီသာ ချန်ပီယံလိဂ်ဝင်ခွင့်ရပြီး ဘာအောင်မြင်မှုမှမရရှိခဲ့ဘဲ ခုမော်ရင်ဟို လက်ထက်ရောက်လာခဲ့ပြန်ပါပြီ။

မန်ယူအသင်းဟာ လက်စတာစီးတီးကို အနိုင်ယူခဲ့ပြီးနောက် ပရီမီယာလိဂ်အတွင်း ငါးပွဲဆက် နိုင်ပွဲပျောက်ခဲ့သလို အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲမှာ မန်စီးတီးကို အနိုင်ရခဲ့ပေမယ့် ဖီနာဘာချီကို ယူရိုပါလိဂ်မှာ ရှုံးနိမ့်ခဲ့ပြန်တာကြောင့် မော်ရင်ဟိုကို ထုတ်ပယ်ဖို့ မန်ယူပရိသတ်အချို့မန်ယူအသင်းရဲ့ တွစ်တာစာမျက်နှာတွေပေါ်မှာ မှတ်ချက်ပြုရေးသားခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အချို့သောပရိသတ်တွေက နည်းပြကြီး ဖာဂူဆန်ဟာ အနိုင်ပိုင်းသွားတဲ့ သဘောနဲ့ မန်ယူအသင်းကို အစီအစဉ်သေချာမချဘဲ ချန်ရစ်တာကြောင့် မန်ယူအသင်းအခုလို နောက်ဆက်တွဲ ဆိုးကျိုးတွေဖြစ်နေတာကြောင့် ကျဆုံးမှုတရားခံဟာ ဖာဂူဆန်ဖြစ်တယ်လို့ ရေးသားမှုတွေကိုလည်း မြင်တွေ့နေရပါတယ်။

ကွင်းလယ်ကစားသမား မာတာဂိုးမသွင်းနိုင်ရင် မန်ယူအနိုင်ရဖို့တောင် ရုန်းကန်နေရသလို အလွတ်တည်ကန်ဘောတွေ၊ ထောင့်ကန်ဘောတွေလို Set Piece တွေက ဂိုးရယူပေးနိုင်တဲ့ ကစားသမားကလည်း မန်ယူမှာ ရှိမနေပါဘူး။ အဓိကတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ် ဂိုးသွင်းခြေပျောက်ဆုံးသွားတာကလည်း မန်ယူရဲ့ လိုအပ်ချက်မြင့်မားတဲ့ နိုင်ပွဲတွေနဲ့ ဝေးကွာသွားစေတဲ့အကြောင်းတရားတစ်ရပ်လို့တော့ ယေဘုယျကောက်ချက်ချလို့ရပါတယ်။

မန်ယူဟာ အခြားအင်အားကြီး ပရီမီယာလိဂ်အသင်းတွေနဲ့ ယှဉ်ရင် တိုက်စစ်အင်အားပိုင်းအားပျော့နေတာကို တွေ့ရပါတယ်။ အာဆင်နယ် တိုက်စစ်ပိုင်းမှာ ဆန်းချက်ဇ်တစ်ယောက်သာ လောက်လောက်လားလား ခြေစွမ်းရှိပေမယ့် ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဇာကာ၊ အိုဇေးလ်၊ ကာဇိုလာတို့ဟာ လိုအပ်ချိန်မှာ ဂိုးသွင်းနိုင်စွမ်း ရှိကြတာကြောင့် ရလဒ်ပိုင်း သိသိသာသာ ကျဆင်းမသွားတာဖြစ်ပါတယ်။ မန်စီးတီး တိုက်စစ်အင်အားဟာ ပိုလျှံနေတယ်လို့တောင်ပြောလို့ရတဲ့ အနေအထားဖြစ်သလို ချယ်လ်ဆီးဆို





မိုယက်စ်က မော်ရင်ဟိုရော၊ ဗန်ဟားလ်ရောဟာ အင်မတန်အောင်မြင်တဲ့ နည်းပြတွေဖြစ်ပေမယ့် မန်ယူအသင်းကို ရောက်ရှိ လာချိန်မှာတော့ ခက်ခဲမှုတွေကို ရင်ဆိုင်နေရတာကို ကြည့်ရင်ဘယ်နည်းပြပဲ ရောက်လာလာ မန်ယူကို ကိုင်တွယ်ရင် အောင်မြင်ဖို့ ခဲယဉ်းဦးမယ်လို့ ဟောကိန်း ထုတ်လိုက်ပါတယ်။

"မန်ယူ နည်းပြအဖြစ် ဆောင်ရွက်ရင် မော်ရင်ဟိုပဲ ဖြစ်ဖြစ်၊ ဗန်ဟားလ်ပဲ ဖြစ်ဖြစ်၊ မိုယက်စ်ပဲဖြစ်ဖြစ် အားလုံးအတွက် ခက်ခဲမှာပါပဲ။ မန်ယူအသင်း အဓိက လိုအပ်နေတာက တည်ငြိမ်မှုပါ။ ဒီအတွက် နည်းပြတစ်ဦးကို အခုထက်ပိုပြီး အချိန်ပေးသင့်ပါတယ်" လို့ မိုယက်စ်က ဆိုပါတယ်။

မိုယက်စ်ကတော့ နည်းပြတစ်ဦးကို အချိန်ပိုမိုကိုင်တွယ်စေခြင်းက အသင်းတည်ငြိမ်ရေးကို အထောက်အပံ့ပြုတာကြောင့် အောင်မြင်မှု လိုချင်ရင် အချိန်တစ်ခုတော့ ပေးရမှာဖြစ်ပြီး နည်းပြအပြောင်းအလဲခဏခဏ ပြုလုပ်တာဟာ အသင်းရဲ့ ရေရှည်တည်ငြိမ်ရေးကို အထောက်အပံ့မပြုဘူးလို့ ဆိုပါတယ်။

လက်ရှိ မန်ယူအသင်းရင်ဆိုင်နေရတဲ့ ထင်သာမြင်သာရှိတဲ့ ပြဿနာက ဂိုးသွင်းခြေပုံမှန်ရှိတဲ့ တိုက်စစ်ကစားသမား ရှိမနေခြင်းပဲဖြစ်ပါတယ်။ ကော်စတာ ဂိုးမသွင်းနိုင်ရင်တောင် ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဝီလီယံ၊ ဟာဇက်တို့ဟာ တိုက်စစ်မှူးတွေလို အဆုံးသတ်ပိုင်းသေချာမှု ရှိသူတွေပါ။ အဲဗာတန်၊ စပါးတို့တောင် လူကာကူ၊ ဟယ်ရီကိန်းတို့လို ထိပ်တန်းခြေစွမ်းပိုင်ဆိုင်တဲ့ တိုက်စစ်မှူးတွေကို ပိုင်ဆိုင်ထားတာကြောင့် ဒီလိုအချိန်မှာ မန်ယူအသင်းအနေနဲ့ ရလဒ်ပိုင်း ဒီထက် ဆိုးမသွားရေးကို ဦးတည်ချင်ရင် မြင့်မားတဲ့ဂိုးသွင်းစွမ်းရည်ရှိသူကို ခေါ်ပြီး အမြန်ဆုံးဖြေရှင်းရမယ်လို့ ယူဆကြပေမယ့် တကယ်တမ်းမန်ယူအသင်းလိုအပ်နေတာက တည်ငြိမ်မှုနဲ့ ယုံကြည်မှုပါ။

ဗန်ဟားလ်လက်ထက်က ဒီမာရီယာ၊ ဖယ်လ်ကာအိုတို့ကိုခေါ်ယူပြီး တိုက်စစ်ပိုင်း ဖြည့်စွမ်းဖို့ ကြိုးစားခဲ့ပေမယ့် သူတို့ခြေစွမ်းကို ကမ္ဘာ့ထိပ်တန်းအဆင့်မှာ နှစ်ပေါင်းများစွာ သက်သေပြနိုင်တဲ့ ကစားသမားတွေဟာ မန်ယူရောက်လာရင် ဘာမှမဟုတ်တော့တဲ့ ကစားသမားတွေ ဖြစ်သွားကြရတာချည်းပါပဲ။ဒီမာရီယာ ပီအက်စ်ဂျီမှာကောင်းနေသလို ဖယ်လ်ကာအိုလည်း မိုနာကိုမှာ ဂိုးတွေဆက်တိုက်သွင်းနေကြပါတယ်။ ခုပီအက်စ်ဂျီမှာ တောက်လျှောက်ခြေစွမ်းပြခဲ့တဲ့ အီဗရာဟီမိုဗစ်ချ်ဆိုလည်း ရာသီအစမှာပဲ ခြေစွမ်းပြနိုင်ပြီး နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်း သိသိသာသာ ရုန်းကန်နေရတာကို တွေ့ရပြန်ပါတယ်။

မိုယက်စ်ပြောကြားသလို မန်ယူနည်းပြအဖြစ် ခန့်အပ်ခံရသူတိုင်းဟာ အခြားနည်းပြတွေထက် ပိုမိုခက်ခဲပြီး ဒါဟာ ကစားသမားတွေရဲ့ လက်ရှိနည်းပြအပေါ်ထားတဲ့ ယုံကြည်မှုဟာ ဖာဂူဆန်အပေါ်ထားခဲ့တဲ့ ယုံကြည်လေးစားမှုကို မမီလို့လားဆိုတာတော့ အဖြေရှာဖို့ ခဲယဉ်းပါတယ်။ ဗန်ဟားလ်က ပရီမီယာလိဂ်နဲ့ အကျွမ်းမဝင်လို့ အောင်ဖျာလိပ်ရတယ်ဆိုတာ၊ မိုယက်စ်က ပရီမီယာလိဂ်မှာ နှစ်ပေါင်းများစွာ ကျင်လည်ဖူးပေမယ့် အောင်မြင်မှုကြီးကြီးမားမားရရှိဖူးတဲ့သူမဟုတ်တာစတဲ့ အချက်တွေကြောင့် မန်ယူကို အောင်မြင်အောင် မကိုင်တွယ်နိုင်ဘူးဆိုတာ အကြောင်းပြလို့ ရပေမယ့် မော်ရင်ဟိုလက်ထက်မှာလည်း ထူးမခြားနားဖြစ်လာတဲ့ ဖြစ်နေတာကတော့ ဘာကို အကြောင်းပြရမှန်းမလဲဆိုတာတောင် ရှာဖွေဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် မန်ယူအသင်းဟာ ဖာဂူဆန် ချန်ခဲ့တဲ့ကျိန်စာပဲမိနေသလား၊ ဒါမှမဟုတ် ဘယ်လိုနည်းပြက မန်ယူအသင်းအရင်ကအောင်မြင်မှုမျိုးကို ပြန်လည်ဖော်ဆောင်ပေးနိုင်မလားဆိုတာ စောင့်စားရင်းနဲ့ပဲ . . .။

# ခါကာဘိုရာဇီကမ္ဘာ့အမွေအနှစ်သဘာဝ နယ်မြေသတ်မှတ်နိုင်ရေးဆွေးနွေး

**နောင်မွန် နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့တွင် ခါကာဘိုရာဇီ ကမ္ဘာ့အမွေအနှစ်သဘာဝနယ်မြေသတ်မှတ်နိုင်ရေးနှင့် တောင်ပိုင်းတိုးချဲ့နယ်မြေသတ်မှတ်နိုင်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက နောင်မွန်မြို့ လုံမောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျမင်းက အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမျိုးညွန့်က ခါကာဘိုရာဇီ ကမ္ဘာ့အမွေအနှစ်သဘာဝနယ်မြေ သတ်မှတ်နိုင်ရေးနှင့် တောင်ပိုင်း တိုးချဲ့နယ်မြေသတ်မှတ်နိုင်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပြောကြားကာ သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ် (wcs) လက်ထောက်ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းရေးအဖွဲ့သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အသင်းတော်အသီးသီးမှတာဝန်ခံများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ်ပြန်/ဆက်**

# အိမ်ပိုင်ရှင်များ အငှားအိမ်ငှားပိုင်ခွင့်လုပ်ငန်းလိုင်စင် လျှောက်ထားရမည်

**မန္တလေး နိုဝင်ဘာ ၆**

ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များမှ အဆောက်အအုံငှားရမ်း၍ မန္တလေးမြို့တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း မည်သည့်စီးပွားရေးလုပ်ငန်းမဆို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို သန့်ရှင်းရေးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၆ အရလည်းကောင်း၊ အဆောက်အအုံများဆိုင်ရာ နည်းဥပဒေ ၃ အရလည်းကောင်း အိမ်ပိုင်ရှင်က အငှားအိမ်ငှားပိုင်ခွင့်လုပ်ငန်းလိုင်စင်လျှောက်ထားရမည်ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၀၉ (က) အရ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံငှားရမ်းခြင်း၊ ဝင်းခြံမြေလွတ်ငှားရမ်း၍ အဆောက်အအုံဆောက်လုပ်ခြင်းတို့ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။ မန္တလေးမြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အိမ်ငှားရမ်းသည့် အိမ်ရှင်များအနေဖြင့် မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသားထံမှ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ ငှားရမ်းခယူ၍ အငှားချထားသော လူနေအိမ်၊ အခန်း၊ ဘော်ဒါဆောင်နှင့် အခြားအဆောက်အအုံများသည် အငှားအိမ်ငှားရမ်းလုပ်ကိုင်ခွင့် လျှောက်ထားရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ညော့်လမ်းညွှန်ကောင်းမှုကြောင့် မင်းကွန်းဒေသမှပေါင်းမိုးလှည်းဝန်ဆောင်မှုလုပ်ငန်းအဆင်ပြေ



**မန္တလေး နိုဝင်ဘာ ၆**

မင်းကွန်းဒေသရောက် နိုင်ငံတကာခရီးသွားဧည့်သည်များကို ပေါင်းမိုးလှည်းများဖြင့် ပို့ဆောင်ပေးကြသည်။ ပေါင်းမိုးလှည်းများကို ပုံတော်စေတီအနီးရှိ လက်ပံပင်အောက်တွင် ထိုးထားကြသည်။ ယခင်က ပေါင်းမိုးလှည်းများစွာရှိသော်လည်း ယခုအခါတွင်လှည်းသုံးစီးမှ ငါးစီးအထိသာရှိသည်။ ကြိုတင်မှာထားပါက လှည်းများစီစဉ်ပေးလေ့ရှိသည်။

မင်းကွန်းဒေသရှိ ပေါင်းမိုးလှည်း ဝန်ဆောင်မှုလုပ်ငန်းမှာ ဧည့်လမ်းညွှန်ကောင်းမှသာ အလုပ်ဖြစ်လေ့ရှိသည်။ ဧည့်လမ်းညွှန်များက နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ပေါင်းမိုးလှည်းစီးနိုင်ကြောင်းနှင့် စီးကြည့်ရေး တိုက်တွန်းနှိုးဆော်ပေးမှသာ ခရီးသွား ဧည့်သည်များက လှည်းစီးရနိုင်ကြောင်း သိ၍စီးကြသည်။ ဧည့်လမ်းညွှန်များ ပြောမပြပါက မသိကြပေ။ လှည်းတစ်ခေါက်လျှင် ခရီးသွားဧည့်သည်တစ်ယောက်လိုက်သည်ဖြစ်စေ၊ သုံးယောက်လိုက်သည်ဖြစ်စေ ငွေကျပ် ၆၀၀၀ ပေးရသည်။ လှည်းတစ်စီးလျှင် တစ်နေ့သုံးခေါက်ခန့်ထွက်ရပြီး ပုံမှန်မရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးသွားရာသီဟု သတ်မှတ်ထားသော လလေးလကို ဘာလေးဘာဟုခေါ်ကြသည်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဆိုသော ဘာလေးဘာတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ အများဆုံး ဝင်ရောက်သည့် လများပင်ဖြစ်သည်။ လက်ရှိကာလ နိုဝင်ဘာလတွင် နိုင်ငံတကာ ခရီးသွားဧည့်သည် များပြားစွာဝင် ရောက်လာကြသည်။ နိုဝင်ဘာလဆန်းပိုင်း မင်းကွန်းဒေသတွင် နိုင်ငံတကာခရီးသွားဧည့်သည် ပျမ်းမျှ ၂၀၀ ကျော်ဝင်ကြောင်း သိရသည်။ မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွားများမှာ မင်းကွန်း၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်းဆိုသော မြို့လေးမြို့မှ သမိုင်းဝင်နေရာများကို သွားလာလေ့ရှိသည်။ မင်းကွန်းဒေသသို့သွားသော နိုင်ငံတကာခရီးသွား ဧည့်သည်များမှာ နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက် အထူးပြေးဆွဲသော ရေယာဉ်များဖြင့်သွားလာကြသည်။ ခရီးသွားများမှာ မန္တလေး မရမ်းခြံဆိပ်အထိ အငှားကားများဖြင့်လာပြီး သင်္ဘောစီးလေ့ရှိသည်။ မရမ်းခြံဆိပ်မှ မင်းကွန်းအထိ ဧရာဝတီမြစ်၏ အလှအပများ၊ ဘေးပတ်ဝန်းကျင်ရှိ သဘာဝအလှအပများကို ကြည့်ရှုခံစား မှတ်တမ်းယူလေ့ရှိသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသော မြန်မာနိုင်ငံ၌ ၂၀၁၆ တွင် နိုင်ငံတကာခရီးသွားဧည့်သည် ၅ ဒသမ ၅ သန်းခန့်အထိ ဝင်ရောက်လာမည်ဟု ခန့်မှန်းထားသည်။ လက်ရှိကာလ မင်းကွန်းဒေသရောက် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ပေါင်းမိုးလှည်း ဝန်ဆောင်မှု လုပ်ပေးလျက်ရှိသည်။ ပေါင်းမိုးလှည်းအများစုမှာ ထန်းမြင့်ကျေးရွာမှ လာရောက်လုပ်ကိုင်သော လှည်းများဖြစ်သည်။ ဧည့်လမ်းညွှန်ကောင်းမှသာ လုပ်ငန်းအဆင်ပြေကြပြီး ဧည့်လမ်းညွှန်များမှလည်း ပေါင်းမိုးလှည်းဝန်ဆောင်မှုရှိကြောင်း ပြောပြရေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာညွှန်းပို့မှုစနစ် အလုပ်ရုံဆွေးနွေး

**ဗန်းမော် နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် ဖြစ်ပေါ်လာသော ဖြစ်ရပ်များကို ညွှန်းပို့ရာတွင် အခြားသောလူမှုရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားမည့် လမ်းကြောင်းဖြစ်သည့် (Referral Pathway) အစီအစဉ်ကို လူမှုဝန်ထမ်းဦးစီး Xme TCRC ကော်မတီ၊ PLAN International Myanmar and Kachin Bapist Convention (KBC) တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥက္ကဋ္ဌ ဦးစွမ်းထက်ဝေက အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာဝေမွန်မောင်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် PLAN ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ကချင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပေါ်ဦးက ကလေးသူငယ်အခွင့်အရေးအကြောင်းကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဗန်းမော်ခရိုင်ဦးစီးမှူး ဦးခင်ထွန်းက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်းနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသူများက အုပ်စုနှစ်စုခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# စနစ်မှန်သွားတိုက်နည်းအား သွားတိုက်ဆေးများဝေငှ၍သင်ကြားပေး

**ပင်လောင်း နိုဝင်ဘာ ၆**

မူကြိုကျောင်းနေအရွယ်မှစ၍ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူအားလုံးအား ကလေးအရွယ်မှစ၍ သွားဆွေးမြည့်ရောဂါ(Early chilhood dental caries) ကင်းဝေးစေရန်၊ ခံတွင်းရောဂါများ ကင်းဝေးစေရန်၊ စနစ်မှန်သွားတိုက်နည်းအား ကွင်းဆင်းသင်ကြားပေးမှုကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား သွားတိုက်ဆေးများ ဝေငှပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနခွဲမှ ဒေါက်တာဝင်းစိုးက နည်းစနစ်မှန်ကန်စွာ သွားတိုက်နည်းများအား လက်တွေ့သရုပ်ပြ၍ ကျောင်းသား၊ ကျောင်းသူများကိုလည်း လက်တွေ့ဆောင်ရွက်စေခြင်းဖြင့် သင်ကြားပေးခဲ့သည်။

စနစ်မှန်သွားတိုက်နည်း (Day and night tooth brushing prject)ကို တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများရှိ ကလေးသူငယ်များအား စတင်လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး ယနေ့ လေ့ကျင့်သင်ကြားပေးခဲ့သည့် ကျောင်းသား၊ ကျောင်းသူဦးရေမှာ ၂၄၈ ဦးဖြစ်ပြီး နိုဝင်ဘာ ၁ ရက်၌ ထီတလိရွာ အ-လ-က မှ ကျောင်းသား၊ ကျောင်းသူ ၁၂၀၊ နိုဝင်ဘာ ၂ ရက်၌ ရုံးဝင်ရပ်ကွက် အ-မ-က (၃) မှ ကျောင်းသား၊ ကျောင်းသူ ၃၀ တို့ကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြန်ဆက်**




# တရားမဝင်ယစ်မျိုးရောင်းချမှု ရှိ–မရှိ ကွင်းဆင်းစစ်ဆေး

**တံတားဦး နိုဝင်ဘာ ၆**

တံတားဦးမြို့မရဲစခန်းမှ ရဲအုပ်မောင်မောင်ဆွေနှင့် ချောင်းခွနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနတို့ပူးပေါင်းပြီး တရားမဝင်ယစ်မျိုး ဖမ်းဆီးရေးအဖွဲ့သည် နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီက တံတားဦးမြို့နယ်အတွင်း ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ကျေးရွာပေါင်း ၁၁ ရွာရှိ စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ ယစ်မျိုးဆိုင်များ စုစုပေါင်း ၃၄ ဆိုင်ကို တရားမဝင်ယစ်မျိုးများ ရောင်းချမှုရှိ -မရှိ၊ ယစ်မျိုးလိုင်စင်စည်းကမ်းနှင့်ရောင်းချမှုကို ကိုက်ညီမှုရှိ- မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်



**လောင်းလုံး နိုဝင်ဘာ ၆**
မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူလူထုများ အသက်အိုးအိမ်နှင့် စီးပွားလုပ်ငန်းများ ထိခိုက်နိုင်ခြေ လျှော့ချရေးအတွက် မြေပြိုဘေးအန္တရာယ် လက်တွေ့ ဇာတ်တိုက်လေ့ကျင့်ခြင်းအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် ဝေါလ်ဗီရှင်(မြန်မာ) တို့ ပူးပေါင်းကာ ထားဝယ်ခရိုင် လောင်းလုံး မြို့နယ် ပည်စ်ကျေးရွာ၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ဗောဓိမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျှော့ချရေး မြေပြိုဘေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်ပြုလုပ်ရာတွင် ရှာဖွေကယ်ဆယ်ရေးကော်မတီ၊ သတင်းပြန်ကြားရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းထားပြီး ကွပ်ကဲရေးရုံး၊ ကယ်ဆယ်ရေးစခန်း၊ အရေးပေါ်ဆေးခန်းများပါ ထားရှိ၍ စနစ်တကျကယ်ဆယ်ပြုစုနိုင်ရန် လက်တွေ့ဇာတ်တိုက်လေ့ကျင့်ကြပြီး ဗောဓိမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌စုရပ်ပြုလုပ်ကာ ကျေးရွာနေပြည်သူလူထုများ အကယ်၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ယခုကဲ့သို့စုစည်းပြီးကယ်ဆယ်နိုင်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးအရာရှိ ဒေါ်တင်တင်ချို၊ တိုင်းကြက်ခြေနီအသင်းမှ ဦးကြည်တင့်နှင့် တာဝန်ရှိသူများက ပြောကြားကြကြောင်း သိရသည်။

အဆိုပါ လက်တွေ့ဇာတ်တိုက် လေ့ကျင့်ရာသို့ တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဝေါလ်ဗီရှင်(မြန်မာ) ဇုန်မန်နေဂျာနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူလူထုများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုးထွန်း (လောင်းလုံး ပြန်/ဆက်)**

# ထားဝယ်မြို့တွင်(၁၀၇)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးကျင်းပမည်

**ထားဝယ် နိုဝင်ဘာ ၆**
(၁၀၇)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးကို ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (နိုဝင်ဘာ ၁၀ ရက် မှ ၁၄ ရက်) အထိ ငါးရက်တိုင်တိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီ လှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစပြီး ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း (၁၀၇) နှစ်တိုင်တိုင် ကျင်းပလာခြင်းဖြစ်ပြီး နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲတော်အတွက် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် ဘုရားတစ်ဆူစီကို ကြိုတင်ပင့်ဆောင်ကြ၍ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာများ၏ အဓိကကျသည့်နေရာများတွင် ကိန်းဝပ်စံပယ်တော်မူရန် ယာယီမဏ္ဍပ်များဆောက်လုပ်ကာ ပူဇော်ခံထားရှိကြောင်းသိရှိရသည်။ ရပ်ကွက်နှင့် ကျေးရွာများအတွင်းမှ စေတနာရှင်များက မိမိဒေသအတွင်း ယာယီကိန်းဝပ် စံပယ်တော်မူသော မြတ်စွာဘုရားများအား နေအိမ်များသို့ အလှည့်ကျပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ပဒေသာပင်နှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည့်အစဉ်အလာများလည်းရှိကြောင်း သိရသည်။

မိမိဒေသအတွင်း ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များအား တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ရွှေတောင်စားစေတီဘုရားကြီးဝင်းအတွင်း၌ ကိန်းဝပ်စံပယ်ရန် ယာယီဂန္ဓကုဋီအဆောင်တော်သို့ ရပ်ကွက်နှင့်ကျေးရွာများမှ မိမိတို့ပင့်ဆောင်ထားကြသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများကို အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ပြန်လည်ပို့ဆောင်ကြကာ ဘုရားကြီးဝင်းအတွင်း၌ နှစ်စဉ် တန်ဆောင်မုန်း လဆန်း ၁၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တန်ဆောင်တိုင်ကာလတွင် ရဟန်းရှင်လူ ပြည်သူများ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များကို ပူဇော်ကန်တော့ရန် ယာယီစံကျောင်းတော်ဖြင့် ထားရှိပေးထားမှာဖြစ်ကြောင်း သိရသည်။

ထို့နောက် တန်ဆောင်းမုန်းလဆန်း ၁၄ ရက် (အောက်တိုဘာ ၁၃ ရက်) ည ၇ နာရီတွင် အခမ်းအနားဖွင့်လှစ်၍ဘုရားကြီးဝင်းအတွင်းမှ ထားဝယ်မြို့အတွင်းသို့ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်)**

# ရေးမြို့၌မီးဘေးအန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရေး နိုဝင်ဘာ ၆**
မွန်ပြည်နယ် ရေးမြို့၌ လူစည်ကားရာ အချက်အချာကျသော မြသီတာဈေးနှင့် အောင်သီတာဈေးတို့တွင် နိုဝင်ဘာ ၅ ရက် နံနက် ၇ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထိုက် ဦးဆောင်၍ တပ်ဖွဲ့ဝင်များမှ ဈေးသူ၊ ဈေးသားများ၊ ဖြတ်သန်းသွားလာနေကြသော မိဘပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး၊ သတိပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း လမ်းမီးတပ်ဆင်ခြင်းဆောင်ရွက်

**မင်္ဂလာတောင်ညွန့် နိုဝင်ဘာ ၆**
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် ရန်ကုန်မြို့အတွင်း လမ်းမီးများထွန်းလင်းရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"လမ်းမီးမရှိသေးတဲ့ ဓာတ်တိုင်တွေကို မီးတပ်ဆင်ပေးတဲ့အတွက် ဒုစရိုက်မှုတွေ ကင်းရှင်းပြီး ပြည်သူတွေ ညပိုင်းသွားလာရာမှာ အဆင်ပြေချောမွေ့စေပါတယ်" ဟု မင်္ဂလာတောင်ညွန့် တရားရုံးရှေ့ရှိ ပြည်သူတစ်ဦးကပြောသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၃ ရက်က သိမ်ဖြူလမ်း၊ လူအိုရုံလမ်းနှင့် အထက်မန္တလေးလမ်းတစ်လျှောက်ရှိ လမ်းမီးများကိုပြုပြင်ခြင်း၊ အသစ်တိုးချဲ့တပ်ဆင်ခြင်းနှင့် လမ်းမီးလိုင်းများဖြည့်စွက်ခြင်းတို့ကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများနှင့် စည်ပင်ယာဉ်ထိန်းအင်ဂျင်နီယာဌာနခွဲတို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**



# သာမန်ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုစာရင်းထုတ်ပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား စိစစ်ရေးကတ်ပြားပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၆**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း သာမန်ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က အမှတ်(၇) ရပ်ကွက် အ-ထ-က(၅) ခန်းမ၌ ပြုလုပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအေးဗိုလ်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးဦးမျိုးဟန်တို့က အမှာစကားပြောကြား၍ မြို့နယ်အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးဝင်းက (၇) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်ထံ အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်၍လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ၁၉၄ ကတ်အား ကျောင်းအုပ်ဆရာကြီး ဦးစိန်မိုးထံသို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့သည်။

လှိုင်သာယာမြို့နယ်၌ အောက်တိုဘာ ၃၁ ရက် မြေပြင်လူဦးရေမှာ ၇၁၀၃၄၃ ဦး ရှိကြောင်း၊ ထက်၊ လယ်၊ မူ ကျောင်းပေါင်း ၃၃ ကျောင်းရှိသည့်အနက် အထက်တန်းကျောင်း လေးကျောင်းရှိ ကျောင်းသူ၊ ကျောင်းသား ၇၄၉ ဦးအား နိုင်ငံသားကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**၃၂၉**

# မျက်စိရောဂါဝေဒနာခံစားနေရသူများအား အခမဲ့ခွဲစိတ်ကုသပေး

**ဝါးခယ်မ နိုဝင်ဘာ ၆**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ဒေသခံပြည်သူ မျက်စိဝေဒနာ ခံစားနေရသူများအား ဆဋ္ဌမအကြိမ်မြောက်အဖြစ် စက္ခုပါလ မျက်စိအခမဲ့ခွဲစိတ်ကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မ မြို့နယ်အသင်း(ရန်ကုန်)ရုံးခွဲ စက္ခုပါလဆေးခန်း၌ နိုဝင်ဘာ ၄ ရက် နံနက်မှစကာ စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလမျက်စိအခမဲ့ကုသရေး အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး မျက်စိအထူးကုဆရာဝန် ပါမောက္ခဒေါ်ဌေးဌေးလွင်၊ မျက်စိကျွမ်းကျင် ဒေါ်နီလာတို့က ဦးဆောင်ကာ စက္ခုပါလ မျက်စိအခမဲ့ကုသရေး အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်အားဒါနပြုလုပ်ပေးသူများဖြင့် မျက်စိရောဂါဝေဒနာရှင်များကို သုံးရက်ကြာ ကုသပေးသွားဖြစ်ကြောင်းနှင့် ယင်းနေ့ ပထမနေ့အဖြစ် စမ်းသပ်စစ်ဆေး ကုသပေးရန် စာရင်းပေးသွင်းထားသူ ၆၀၀ ခန့်ရှိကြောင်း စက္ခုပါလအသင်းဥက္ကဋ္ဌ ဦးဝင်းတင့်၏ ပြောပြချက်အရ သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



# နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ ခွဲစိတ် ဝေဒနာရှင် ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ကော့သောင်း နိုဝင်ဘာ ၆**
ကော့သောင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်း က ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ စေတနာရှင်များပူးပေါင်းကာ ဇီဝိတကုသိုလ်ဒါန အခမဲ့ခွဲစိတ်ကုသမှု အစီအစဉ်တွင် ခွဲစိတ်ကုသမှုခံယူလျက်ရှိသည့် နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ ဝေဒနာရှင် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းသည်။

လှူဒါန်းမှုအစီအစဉ်တွင် ကော့သောင်းခရိုင်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စံထားဖြူနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များမှ တနင်္သာရီတိုင်းအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက် ခွဲစိတ်ကုသမှုခံယူလျက်ရှိသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အကျိတ်အဖု ဝေဒနာရှင် ပြည်သူများအသုံးပြုနိုင်ရေး မျက်နှာသုတ်ပဝါနှင့်ထောက်ပံ့ပစ္စည်းများ လူနာတစ်ဦးချင်းစီသို့ လက်ရောက်လှူဒါန်းပေးအပ်ပြီး အားပေးကရုဏာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း-IPRD)**

## မော်လိုက်မြို့ နှစ်(၁၀၀)ပြည့်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မော်လိုက် နိုဝင်ဘာ ၆**

နိုင်ငံခြားသားခရီးသည်များ စိတ်ဝင်တစားလာရောက်လည်ပတ်လေ့ရှိသည့်မြို့၊ ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဆိပ်ကမ်းသာယာလှပဆုံးနှင့် ဆိပ်ကမ်းကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ပြီး အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့သည့် အဆောက်အအုံများ များစွာရှိသည့် မြို့လေးတစ်မြို့အဖြစ် ယနေ့အချိန်ထိ ရပ်တည်နေသည့် မော်လိုက်မြို့တည် နှစ် (၁၀၀) ပြည့်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မော်လိုက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မော်လိုက်မြို့ ရာပြည့်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက လုပ်ငန်းကော်မတီတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြသည်။

လုပ်ငန်းကော်မတီများမှ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က လိုအပ်သည်များအား ဖြည့်စွက်မှာကြားရာတွင် မိမိမြို့၏ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်ပွဲတော်ကြီးတွင် ပျော်ရွှင်စွာဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မိမိတာဝန်ကျရာလုပ်ငန်းကဏ္ဍအလိုက် အဆင်ပြေချောမွေ့စေရန် ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ပွဲတော်ကာလတွင် ရပ်နီး၊ ရပ်ဝေးမှ လာရောက်ကြမည့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကူးတို့များ၊ ကျေးရွာများမှ လိုင်းတိုလေးများအား သတ်မှတ်လူဦးရေအတိုင်း တင်ဆောင်ရန်နှင့် အသက်ကယ်အင်္ကျီများ ပြည့်စုံစွာထားရှိရေးတို့ကို အလေးထားကြပ်မတ်သွားရန်၊ ကားလမ်းအတက်အဆင်းများ လမ်းကွေ့များတွင် ရောင်ပြန်စတေကာများ ကပ်ထားရန်နှင့် ပွဲတော်ကျင်းပနေစဉ် လုံခြုံရေးကို အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ မော်လိုက်မြို့ နှစ် ၁၀၀ ပြည့်ပွဲတော်ကို ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ ၃ ရက်တိုင်တိုင် မော်လိုက်မြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**

# မင်းကွန်းပုထိုးတော်ကြီး ရေရှည်တည်တံ့ခိုင်ခံ့မှုအတွက် အပေါ်ထိ တက်ရောက်ကြည့်ရှုခွင့် ကန့်သတ်ထား



**မင်းကွန်း နိုဝင်ဘာ ၆**

ရှေးမြန်မာဗိသုကာလက်ရာများသည် ဆန်းကြယ်သောလက်များနှင့်အတူ လက်ရာမြောက်အောင် တည်ဆောက်နိုင်ခဲ့သည်။ ခိုင်ခံ့မှု၊ သေသပ်မှုများနှင့်အတူ ကြီးမားစွာဖန်တီးတည်ဆောက်ခဲ့ကြသည်။ မင်းကွန်းဒေသတွင်လည်း မြင်ရသူအံ့ဩလောက်သည့် ထုထည်ကြီးမားစေတီတစ်ဆူကို ဖူးမြော်နိုင်သည်။ စေတီမှာ အပြီးသတ်အောင် ထည်ထားခဲ့ခြင်းမရှိသည့်တိုင် အမရပူရခေတ် ဗိသုကာလက်ရာစုံကို ကြည့်ရှုလေ့လာနိုင်သော စေတီပင်ဖြစ်သည်။ စေတီနှင့်လိုက်ဖက်ညီစွာ ခြင်္သေ့ကြီးနှစ်ကောင်နှင့်အတူ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးပါ သွန်းလုပ်ထားခဲ့သည်။ ထိုစေတီမှာ မိချောင်းခေါင်းကလေးများ ဝန်းရံထားသည့် မင်းကွန်းပုထိုးတော်ကြီးပင်ဖြစ်သည်။ မင်းကွန်းပုထိုးတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲမှုအတွက်ရည်ရွယ်ကာ အပေါ်ထိတက်ရောက်ခွင့်ကို ကန့်သတ်ထားသည်။

အမရပူရခေတ် မြန်မာ့ဗိသုကာလက်ရာမြောက် မင်းကွန်းပုထိုးတော်ကြီးမှာ စေတီအောက်ခြေကိုပတ်ကာ လေ့လာလိုက်သည်နှင့် မိချောင်းခေါင်းကလေးများ အစီအရီဝန်းရံထားသည်ကိုတွေ့မြင်နိုင်သည်။ ပုထိုးတော်ကြီးကိုမြန်မာသက္ကရာဇ် ၁၁၅၂ ခုနှစ် တပို့တွဲလဆန်း ၅ ရက်တွင် ဘိုးတော်မင်းတရားကြီးက ရတနာအုတ်မြစ်စီ တည်တော်မူခဲ့သည်။ စေတီတော်ကို ဉာဏ်တော်အမြင့်ပေ ၅၀၀ ကျော်၊ ဖိနပ်တော်ပေ ၃၀၀၀ ကျော်နှင့် တစ်ဖက်လျှင်ပေ ၄၅၀ ရှိ လေးထောင့်ပုံစေတီတည်ထားရန်ရည်ရွယ်ထားခဲ့ကြောင်း သိရသည်။

အကြောင်းအမျိုးမျိုးကြောင့် ဉာဏ်တော် ၁၆၂ ပေခန့်ဖြင့် ရပ်တန့်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၁၅၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဌာပနာသွင်းကာ အပြီးမသတ်ဘဲထားခဲ့သည်။ မင်းကွန်းပုထိုးတော်ကြီးသည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင်လှုပ်သောငလျင်ဒဏ်ကြောင့် လေးဘက်လေးတန်မှ ပြိုကျကွဲအက်သွားသည်။ ကွဲအက်ပဲ့ထွက်သွားသော အုတ်ခဲများသည်ပင် တွဲစပ်လျက်တည်ရှိနေသည်ကိုကြည့်ကာ ရှေးခေတ်မြန်မာဗိသုကာပညာရှင်များ၏ အင်္ဂတေစပ်နည်းကို လေးစားဖွယ်တွေ့မြင်နိုင်သည်။

မင်းကွန်းပုထိုးတော်ကြီးအောက်ခြေမှစတင်ကာ လေ့လာသမျှ လက်ရာမြောက်မိချောင်းခေါင်းကလေးများစွာကို တွေ့မြင်ရသည်။ ထိုမှသည် ပုထိုးတော်ကြီးအပေါ်အထိ တက်ရောက်လေ့လာ ဖူးမြော်နိုင်ရန် လှေကားပြုလုပ်ပေးထားပြီး သံတန်းကလေးများ ပြုလုပ်ပေးထားသည်။ လက်ရှိကာလတွင် ရေရှည်ခိုင်ခံ့မှုနှင့် အန္တရာယ်ကင်းစေရန် အပေါ်ထိ တက်ရောက်ခွင့်ကို ကန့်သတ်ကာ သံတံခါးဖြင့် ပိတ်ထားသည်။ ခရီးသွားဧည့်သည်များမှာ တက်၍ရနိုင်သည့်နေရာအထိတက်ကာ ဓာတ်ပုံများရိုက်ကူးကြကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

## လျှပ်စစ်ဓာတ်ကြိုးနှင့်မလွတ်ကင်းသည့် အပင်များ၊ အကိုင်းအခက်များအား ခုတ်ထွင်ရှင်းလင်း



**ပေါက် နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အောင်တော်မူရပ်ကွက် ဒေါ်ထပ်ကြီးလမ်းနှင့် နတ်ရှင်တောင်လမ်းထိပ်၌ လျှပ်စစ်ဓာတ်ကြိုးနှင့်မလွတ်ကင်းသည့်အပင်များ၊ အကိုင်းအခက်များအား နိုဝင်ဘာ ၄ ရက် နံနက် ၇ နာရီတွင် ခုတ်ထွင်ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

ယင်းသို့ခုတ်ထွင်ရှင်းလင်းရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနန်းဦး ဦးဆောင်မှုဖြင့် လိုင်းတာဝန်ခံ ဦးခင်မောင်လွင်နှင့်အဖွဲ့ဝင်များက လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ဖြစ်စေနိုင်သော ဗို့အားကြောင့် ဓာတ်လိုက်မှုမဖြစ်စေရန်နှင့် သစ်ပင်သစ်ကိုင်းများ ဓာတ်ကြိုးပေါ်ကျရောက်၍ ဖြစ်ပေါ်လာမည့် လျှပ်စစ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ခုတ်ထွင်ရှင်းလင်းခြင်းဖြစ်သည်။

ယခုခုတ်ထွင်ရှင်းလင်းနေသောကြိုးသည် ဗို့အား ၄၀၀ ရှိသော ဓာတ်အားလိုင်းကြိုးဖြစ်ပြီး အများပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေပြီး အဆင်ပြေစွာအသုံးပြုနိုင်ရန် သစ်ပင်များမှ အကိုင်းအခက်များဓာတ်ကြိုးနှင့် မလွတ်ကင်းသည့် အတွက် ရှင်းလင်းခြင်းဖြစ်ကြောင်း၊ မြို့တွင်းအခြားနေရာများရှိ လျှပ်စစ်ဓာတ်ကြိုးနှင့်မလွတ်ကင်းသည့် အပင်များ၊ အကိုင်းအခက်များအားလည်း လိုက်လံရှင်းလင်းလျက်ရှိကြောင်းသိရသည်။

**ညဏ်တိုး(ပေါက်)**

## သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)အုတ်ဖိုသို့ရောက်ရှိ

**အုတ်ဖို နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ချောင်းဂေါင်းအုတ်စု ဆည်ရွာကျေးရွာသို့ နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)မှ ပြည်ပပညာရှင် အမေရိကန်နိုင်ငံသားDr.Steven Gplatt သည် (WCS)မှ ဌာနေဝန်ထမ်းဖြစ်သူ ဦးဝင်းကိုကို၊ ခရီးစဉ်ဆက်သွယ်ရေးအရာရှိအဖြစ် တောအုပ်ကြီးဦးမြင့်လှိုင်နှင့်အတူ သစ်တောဝန်ထမ်းလေးဦးတို့ရောက်ရှိလာကာ ပဲခူးတိုင်းဒေသကြီး မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တွေ့ရှိနိုင်မည့် ရှားပါးလိပ်မျိုးစိတ်ဖြစ်သည့် လိပ်ဝါလိပ်ကြက်တူရွေးနှင့် လိပ်မောင်းများ၏ သဘာဝနေထိုင်သွားလာလှုပ်ရှားနေမှုနှင့် သားဆက်ပေါက်ပွားခြင်း စသည့်အခြေအနေများကို သုတေသနပြုလေ့လာဆောင်ရွက်ရန်နှင့် လိပ်မျိုးစိတ်များ ရေရှည်ရှင်သန်စေရေးအတွက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

## နို့စိမ်းခေါက်ဆွဲစားပြီး လူ ၇၀ ခန့် အစာအဆိပ်သင့်မှုဖြစ်ပွား

**ပေါက်ခေါင်း နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အင်းငါးခွသကြားစက်အိမ်ထောင်သည်လိုင်း ဝန်ထမ်းမိသားစုတွင် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းကပြုလုပ်သောမင်္ဂလာဆောင်မှ ဧည့်ခံကျွေးမွေးသည့် နို့စိမ်းခေါက်ဆွဲစားပြီး အစာအဆိပ်သင့်ကာ လူ ၇၀ နီးပါး ဆေးရုံတင်ပို့ကုသခဲ့ရကြောင်း သိရသည်။

အစာအဆိပ်သင့်မှုနှင့်ပတ်သက်၍ "နေ့လယ်ပိုင်းအချိန်ထိ ပေါက်ခေါင်းမြို့နယ်ဆေးရုံမှာ လူနာ ၅၄ ဦး၊ ပြည်မြို့ပြည်သူ့ဆေးရုံကြီးမှာ ၁၀ ဦး တက်ရောက်ကုသနေပါတယ်။ ပြည်မြို့ဆေးရုံကြီးမှာက ၁၀ ဦး ရောက်လာတဲ့အထဲမှာ ၅ ဦးက အတွင်းလူနာအဖြစ် ကုသမှုခံယူနေရတယ်။ ညနေပိုင်းမှာလည်း လူနာ ၅ ဦး ထပ်မံရောက်ရှိလာတော့ လူနာစုစုပေါင်း ၆၉ ဦးရှိပြီ" ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က ပြောကြားသည်။

မင်္ဂလာဆောင်တွင် ဧည့်ခံကျွေးမွေးသည့် အစားအစာများမှာ ကြက်သားနို့စိမ်းခေါက်ဆွဲ၊ လက်ဖက်သုပ်၊ ကျောက်ကျောနှင့် လက်ဖက်ရည်တို့ဖြစ်ပြီး "မနက်ပိုင်း ၁၁ နာရီလောက်မှာ သုံးလေးဦးလောက် စပြီးဝမ်းပျက်ဝမ်းလျှောဖြစ်လို့ ဆေးရုံပို့ပေးခဲ့ရတယ်။ အဲ့နောက်ပိုင်းမှာဖြစ်တဲ့ လူတွေအတော်များလာတယ်" ဟု မိသားစုဝင်များက ပြောကြားသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများက မင်္ဂလာဆောင်နေအိမ်သို့သွားရောက်၍ ကျွေးမွေးသည့်အစားအစာနှင့်ရေနမူနာများယူခဲ့ပြီး NHN နှင့်ဆက်သွယ်ဆောင်ရွက်၍ ဓာတ်ခွဲမှုများပြုလုပ်ခိုင်းထားပြီး ယခုကဲ့သို့ အစာအဆိပ်သင့်မှုများသည် ဘက်တီးရီးယားနှင့် ဓာတုဆေးဝါးနှစ်မျိုးကြောင့်ဖြစ်နိုင်ကာ အတွေ့အကြုံအရ အစားအသောက်တွင်ရှိနေသည့် ဓာတုဗေဒဆေးဝါးကြောင့်ဖြစ်နိုင်ကြောင်း ပေါက်ခေါင်းပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးက သုံးသပ်ပြောကြားသည်။ **ကိုလွင်(ဆွာ)**

## မဟာနွယ်စဉ်ရပ်ကွက် မီးလောင်ဆုံးရှုံးမှု မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလျော်ကြေးပေးအပ်

**မန္တလေး နိုဝင်ဘာ ၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း မန္တလေးတိုင်းဒေသကြီးရုံးမှ မီးအာမခံထားရှိ၍ မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ မန္တလေးတိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ဆောင်ရွက်လျက်ရှိသော အလုံးစုံမော်တော်ယာဉ်အာမခံ၊ သူတပါးထိခိုက်မှုအာမခံ၊ မီးအာမခံ၊ ကုန်စည်ပို့ဆောင်မှု အာမခံလုပ်ငန်းများနှင့် ပုဂ္ဂလိကသို့ အာမခံလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီ ၃၈ မိနစ်က မီးလောင်ဆုံး ရှုံးမှုဖြစ်ပေါ်ခဲ့သော မြန်မာ့စီးပွားရေးဘဏ်(၃)ဖြင့် ချေးငွေရယူပြီး မြန်မာ့အာမခံလုပ်ငန်းတွင် မီးအာမခံထားရှိသော ဒေါ်တင်တင်ဦး (သမီး)မယုနန္ဒာမြင့်(ပိုင်) အကွက် ၄၁၃/က အပိုင်း (၇)၊ ဦးပိုင် (၈၄) မဟာနွယ်စဉ်ရပ်ကွက် မဟာအောင်မြေမြို့နယ်ရှိ အဆောက်အအုံနှစ်လုံး မီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် ၄၄၀၁၂၉၀၀ အား မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကပေးအပ်ရာ မြန်မာ့စီးပွားရေးဘဏ်(၃)မန်နေဂျာနှင့် ဒေါ်တင်တင်ဦးတို့က လက်ခံရယူကြပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း၊ တိုင်းဒေသကြီးမန်နေဂျာနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ မန်နေဂျာများ၊ မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **သီဟကိုကို(မန္တလေး)**

# လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ပိုမိုသုံးစွဲလာ



**ငါးသရောက် နိုဝင်ဘာ ၆**
မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ မြေယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများသည် ယခင်က စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ တောင်သူလုပ်ငန်းခွင် အသုံးပြုရန်အတွက် မိမိတို့အိမ်တွင်မွေးမြူထားရှိသည့် နွားများဖြင့်သာ မိရိုးဖလာလုပ်ကိုင်ဆောင်ရွက်ကြလေ့ရှိပြီး ယခုအခါ တောင်သူစိုက်ပျိုးရေးလုပ်ငန်းသုံး ခေတ်မီနည်းပညာနှင့် စက်ကိရိယာများ ဖွံ့ဖြိုးတိုးတက်လာချိန်တွင် သီးနှံစိုက်ပျိုးမှုလုပ်ငန်းများနှင့် သီးနှံသိမ်းဆည်းမှုလုပ်ငန်းများတွင် အချိန်ကုန်လူပင်ပန်းသက်သာသည့် စက်ကိရိယာများကို တစ်နှစ်ထက်တစ်နှစ် ဝယ်ယူအသုံးပြုမှု ပိုများလာခဲ့ကြောင်း ငါးသရောက်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါးသရောက်မြို့နယ်မှာရှိတဲ့ အညာကျေးလက်ဒေသတွေက ပြည်သူတွေဟာ မြေယာစိုက်ပျိုးရေး လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ယခင်က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ အညာကျေးလက်ဒေသတွေမှာရှိတဲ့ တောင်သူတွေက တောင်သူလုပ်ငန်းခွင် အသုံးပြုဖို့ရန်အတွက် မိမိတို့အိမ်မှာ မွေးမြူထားရှိသည့် နွားများဖြင့်သာ စိုက်ပျိုးလုပ်ကိုင်ကြလေ့ရှိပြီး ယခုအခါ ခေတ်မီနည်းပညာတွေနဲ့ စက်ကိရိယာတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အချိန်မှာ ငွေကုန်ကြေးကျနည်းပြီး အချိန်ကုန်လူပင်ပန်းသက်သာတဲ့ စက်ကိရိယာတွေကို တစ်နှစ်ထက်တစ်နှစ် ဝယ်ယူအသုံးပြုမှု ပိုများလာပါတယ်။

"အခုအချိန်ဟာ ကျွန်တော်တို့မြို့နယ်မှာ တောင်သူတွေ မိုးဦးမိုးနဲ့စိုက်ပျိုးထားတဲ့ ပင်ပြန့်မြေပဲခင်းတွေ သိမ်းဆည်းနေတဲ့အချိန်ဖြစ်ပါတယ်။ ပင်ပြန့်မြေပဲခင်းတွေ သိမ်းဆည်းတဲ့လုပ်ငန်းကို လုပ်ကိုင်ရာမှာ တောင်သူတွေက မြေပဲခါးခုတ်တဲ့ လယ်ထွန်စက်တွေကို ယခုနှစ် ဝယ်ယူအသုံးပြုမှုတွေ ပိုများလာတာတွေ့ရပါတယ်။ ဒါ့အပြင် မြေပဲခါးခုတ်တဲ့ လယ်ထွန်စက်တင်မကပါဘူး၊ မြေပဲခြွေလှေ့စက်တွေကိုလည်း ငှားရမ်းအသုံးပြုမှုတွေ ရှိလာပါတယ်။ ဒီလိုမျိုး စက်ကိရိယာတွေကို ငှားရမ်းအသုံးပြုခြင်းဟာ တောင်သူတွေအတွက် အလုပ်ခရီးတွင်ပြီး ငွေကုန်ကြေးကျမှုကိုလည်း နည်းပါးစေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့မြို့နယ်က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့တောင်သူတွေက လယ်ယာသုံးစက်ကိရိယာတွေကို အသုံးပြုမှု ပိုများလာတာဖြစ်ပါတယ်။ တချို့ စိုက်ပျိုးလုပ်ငန်းမလုပ်တဲ့သူတွေကလည်း လယ်ယာသုံးစက်ကိရိယာတွေကိုဝယ်ယူပြီး ငှားရမ်းလုပ်ကိုင်ကြပါတယ်။

"ကျွန်တော်တို့ဆီမှာ မြေပဲခါးခုတ်တဲ့ထွန်စက်က တစ်နာရီကို ငွေကျပ် ၁၇၀၀၀ ခန့်၊ မြေပဲခြွေလှေ့စက်က တစ်နာရီကို ငွေကျပ် ၇၅၀၀ ခန့်နဲ့ ငှားရမ်းလုပ်ကိုင်ရပါတယ်။ နောက်ပြီး မြေပဲခါးခုတ်စက်နဲ့ ခုတ်ရင် တစ်နာရီကို မြေပဲဆန်တစ်တောင်းခွဲ၊ နှစ်တောင်းကျအထိပြီးတဲ့အပြင် မြေပဲပင်ခါးကောက်စရာလည်းမလိုတာကြောင့် အငှားသမားစရိတ်မနည်း သက်သာသွားပါတယ်။ နေ့စား အငှားလိုက်အမျိုးသား၊ အမျိုးသမီးတွေကို ငှားမယ်ဆိုရင်လည်း အမျိုးသားတစ်ဦးကို ငွေကျပ် ၅၀၀၀ ခန့်၊ အမျိုးသမီးတစ်ဦးကို ငွေကျပ် ၃၀၀၀ ခန့် ပေးပြီး ငှားရမ်းလုပ်နေရတာကြောင့် ယခုလို လယ်ယာသုံးစက်ကိရိယာတွေကို ငှားရမ်းအသုံးပြုခြင်းဟာ လူငှားခစရိတ်ထက်စာရင် ပိုပြီးငွေကုန်ကြေးကျသက်သာစေပါတယ်။

"ဒါကြောင့် ကျွန်တော်တို့ ငါးသရောက်မြို့နယ်မှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့ တောင်သူတွေဟာ သီးနှံစိုက်ပျိုးတဲ့အချိန်နဲ့ သီးနှံသိမ်းဆည်းတဲ့အချိန်တွေမှာ အချိန်ကုန် လူပင်ပန်းသက်သာပြီး အလုပ်ခရီးတွင်တဲ့ လယ်ယာသုံးစက်ကိရိယာတွေကို တစ်နှစ်ထက်တစ်နှစ် ငှားရမ်းအသုံးပြုမှု ပိုများလာတာ ဖြစ်ပါတယ်" ဟု ငါးသရောက်မြို့နယ် ဖြူကြီးကျေးရွာမှ မြေပဲခါးခုတ်ထွန်စက်အငှားလိုက်သူ ဦးရဲစိုးက ပြောပြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ဗန်းမောက်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဗန်းမောက် နိုဝင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၂၉၂+၆ ဦးပိုင်အမှတ် ၃၂ ရှိ တောင်သူဦးမောင်နီ၏ စိုက်ပျိုးထားသော မိုးစပါးဆင်းဧကရီသုံးစပ်မျိုးစပါး ၃ ဒသမ ၂၀ ဧကကို စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၉၈ ဒသမ ၆၇ တင်း(အစို) ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဌာနမှူး ဦးဝင်းနိုင်နှင့် စံကွက်ရိတ်သိမ်းရေးအဖွဲ့များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကွင်းဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

## မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျောက်ကြီးမြို့နယ်၌ကျင်းပ

**ကျောက်ကြီး နိုဝင်ဘာ ၆**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာအုပ်စု ကွင်းအမှတ် ၆၃၊ ဦးပိုင်အမှတ် ၃၂ တောင်သူဒေါ်တင်တင်လှ(ခ)ဒေါ်ဝက်မ လယ်မြေတွင် မိုးစပါးဆင်းသုခ (RS to CS) မျိုးသန့်မျိုးပွားစိုက်ခင်းအားစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံကိန်းဦးစီးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမောင်ဒိုနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ယင်းနောက် ဆင်းသုခမိုးစပါး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအစိုတင်း ၁၂၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးမြေပဲစိုက်တောင်သူများ အရှုံးဖြင့် ရင်ဆိုင်ရ

**မြိုင် နိုဝင်ဘာ ၆**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မြေပဲစိုက်တောင်သူများသည် မိုးမြေပဲကို ဇွန်လဆန်းက စိုက်ပျိုးခဲ့ကြရာ ဇူလိုင်၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် မိုးများမကြာခဏရွာသွန်းမှုကြောင့် မြေပဲပင်များ ဖြစ်ထွန်းမှုအားကောင်းပြီး မြေပဲဥတွင် အဥနည်းခြင်း၊ မြေပဲဥဖော်ရက်တွင် နှစ်စဉ်က အောက်တိုဘာလလယ်တွင် မြေပဲဥများဖော်ကြရသော်လည်း ယခုနှစ်တွင် မိုးများရွာသွန်းနေသဖြင့် နိုဝင်ဘာလဆန်းတွင် ဖော်ကြရသောကြောင့် မြေပဲအညှာများမှာ ဆွေးမြည့်၍ မြေသို့ကြွေကျ ပြုတ်ကျခြင်း၊ အလုပ်သမားတစ်ဦးလျှင် တစ်နေ့လုပ်အားခ ကျပ်၃၀၀၀ ပေးချေရခြင်းနှင့် စိုက်ပျိုးစရိတ် ကုန်ကျမှုများခြင်းတို့ကြောင့် မြေပဲရောင်းရငွေထက် ကုန်ကျငွေစရိတ်က ပိုနေသောကြောင့် မြေပဲစိုက်တောင်သူများ အရှုံးဖြင့်ရင်ဆိုင်နေရကြောင်း မြေပဲစိုက်တောင်သူတစ်ဦးကပြောပြ၍ သိရသည်။ **အောင်ကျော်မြင့်**

## ကြက်သွန်နီပေါ်သော်လည်းဈေးကွက်ကျဆင်းကာ ဝယ်လက်ပျောက်နေ

**စဥ့်ကိုင် နိုဝင်ဘာ ၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် စောရဲကျေးရွာတွင် ကြက်သွန်နီများ လှိုင်လှိုင်ပေါ်လျက်ရှိသည်။ စောရဲကျေးရွာတွင် ကြက်သွန်နီကို ဝါဆို၊ ဝါခေါင်တွင်စိုက်ပျိုးကြသည်။ ဝါဆိုစိုက်ပျိုးသည့် ကြက်သွန်များမှာ တန်ဆောင်မုန်းလဆန်းတွင်ပေါ်ကာ ဝါခေါင်လစိုက်ကြက်သွန်များမှာ တန်ဆောင်မုန်းလပြည့်ကျော်တွင် ပေါ်လေ့ရှိသည်။

လက်ရှိကာ၌ ဝါဆိုလတွင်စိုက်ပျိုးသော ကြက်သွန်နီများ လှိုင်လှိုင်ပေါ်နေသည်။ ကြက်သွန်နီပေါ်သော်လည်း ဈေးနှုန်းကျကာ ဝယ်လက်ပျောက်နေသည်။ အဖွင့်ဈေးတွင် ကြက်သွန်ဥကောင်းပါက တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ကျော်၊ ကျပ် ၆၀၀ ဈေးပေါက်သည်ဟုဆိုသော်လည်း လက်တွေ့တွင်မူ ဝယ်လက်ပျောက်ကာ တွင်ကျယ်စွာဝယ်ယူမှု မရှိသေးပေ။ စဥ့်ကိုင်မြို့နယ် စော်ရဲကျေးရွာမှာ အိမ်ခြေ ၅၄၀၊ အိမ်ထောင်စု ၅၄၀ ရှိပြီး တောင်သူလုပ်ငန်းကိုအားထားကာ သီးနှံစုံစိုက်ပျိုးကြသည်။ ယခုနှစ် ကြက်သွန်နီဈေးနှုန်းကျဆင်းနေပြီး အသစ်ဝယ်သူနည်းပါးနေလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## စိုက်ပျိုးရေ ၂၆၉၈ ဧက အကျိုးပြုနေသော ဆည်တော်လေးရေလှောင်ဆည်

**ပုသိမ်ကြီး နိုဝင်ဘာ ၆**
မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သော နိုင်ငံဖြစ်သောကြောင့် စိုက်ပျိုးရေရရှိမှုသည် သီးနှံစိုက်ပျိုးရေးအတွက် အရေးပါသောကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆည်တော်လေးကျေးရွာအနီးတွင်တည်ရှိသော ဆည်တော်လေးရေလှောင်ဆည်သည် ရေသောက်ဧရိယာ ၂၆၉၈ ဧက ရေပေးဝေလျက်ရှိသောကြောင့် တောင်သူများ သီးနှံစိုက်ပျိုးရေးအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဒေသကတော့ စပါးကို အဓိကအားထား စိုက်ပျိုးကြပါတယ်။ မိုးရေနဲ့ဆိုရင် တစ်သီးပဲစားရတာ။ ဆည်ရေပေးထားတော့ နှစ်သီး၊ သုံးသီး စိုက်ကြပါတယ်။ ဆည်ရေပုံမှန်ပေးနေတော့ သီးနှံတွေ ရာသီမရွေး စိုက်ပျိုးနိုင်တယ်လေ။ ကျွန်တော်တို့ဒေသက ဆည်ရေနဲ့ သီးနှံတွေ ပုံမှန်စိုက်ပျိုးနေရတော့ အဆင်ပြေပါတယ်" ဟု ပုသိမ်ကြီးမြို့နယ်မှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

ဆည်တော်လေးရေလှောင်ဆည်သည် ချောင်းအမည် နားချောင်းကျချောင်း၊ ရေဆင်းဧရိယာ ၁၃၉ စတုရန်းမိုင်၊ ရေလှောင်ဆည်အလျား ၂၂၂ ပေ၊ ရေပေးတူးမြောင်းရေတံခါးအရေအတွက်သုံးခု၊ အရွယ်အစား ၆ ပေ× ၆ ပေ ၈ လက်မ၊ တူးမြောင်းအလျားမှာ မြောင်းမတော် ၅ ဒသမ ၉ မိုင်၊ လက်တံမြောင်းများ ၇ ဒသမ ၂ မိုင်၊ မြောင်းမတော်ရေသယ်အား ၁၉၀ ကျူးဆက်နှင့် ရေသောက်ဧရိယာ ၂၆၉၈ ဧက ရှိကြောင်း ဆည်တော်လေးရေလှောင်ဆည်ဆိုင်ရာ အချက်အလက်မှတ်တမ်းများအရသိရပြီး သီးနှံစိုက်ပျိုးရေးအတွက် အကျိုးပြုနေသော ရေလှောင်ဆည်တစ်ခုဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ GAP စနစ်စိုက် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**သံဖြူဇရပ် နိုဝင်ဘာ ၆**
မြို့နယ်စိုက်ပျိုးရေးဌာနသည် သံဖြူဇရပ်မြို့နယ်အတွင်း တောင်သူများစိုက်ပျိုးမည့် လယ်ယာမြေများတွင် GAP စိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးအထွက်ကောင်း မျိုးသန့်စပါးစိုက်ပျိုးရန် တောင်သူပညာပေးဆောင်ရွက်ခဲ့သော လယ်ယာများမှ စပါးရင့်မှည့်ရိတ်သိမ်းနိုင်မည့် လယ်မြေများတွင် စံကွက်ရိတ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ တောင်ဖလုကျေးရွာရှိ မိုးစပါးဧက ၅၀ စံပြစိုက်ကွက်မှ ကွင်းအမှတ် ၉၁၈ (ဂ) လယ်ရှင် ဦးအေးမောင်၏ ပေါ်ဆန်းရင်စိုက် ၁၀ ဧကမှ သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃ ရက် နံနက်က ကျင်းပခဲ့သည်။

စံကွက်ရိတ်သိမ်းရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းလှိုင်မင်းထက်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းကင်ကျော်နှင့် မြေတိုင်းဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်အိန်နှင့် ကွင်းဆင်းဝန်ထမ်းများ၊ တောင်သူလယ်သမားများမှ ရောက်ရှိလေ့လာကြပြီး အဆိုပါလယ်မြေမှ တစ်ဧက ၆၈ ဒသမ ၇၀ တင်းထွက်ရှိကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။* (စာတည်းအဖွဲ့)

# အစိုးရယန္တရားအတွင်း အပြန်အလှန်ထိန်းကျောင်းခြင်းစနစ် အမှန်တကယ်အလုပ်ဖြစ်ပါစေ

oef;zdkif(unif;)

ကျွန်ုပ်တို့နိုင်ငံသည် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ်အရောက်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးခြင်းနှင့်အတူ ယှဉ်တွဲပါရှိလာသည်မှာ ဥပဒေပြုလွှတ်တော်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် တရားစီရင်ရေးအဖွဲ့များ သီးခြားခွဲထွက်ပြီး ပေါ်ပေါက်ခဲ့ခြင်းပင်ဖြစ်သည်။ ဥပဒေပြုလွှတ်တော်များ ပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်ကို အောင်မြင်အောင်ဖော်ဆောင်ကြရာတွင်လည်း ယခင်ကာလများတွင် ကန့်သတ်ချက်များရှိသဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများမှာ ထွေထွေထူးထူး ပြောင်းလဲခဲ့ခြင်းမျိုး မရှိခဲ့ပေ။ ထို့မှတစ်ဖန် အစိုးရတစ်ရပ်သက်တမ်းကုန်ဆုံးပြီးချိန် ၂၀၁၅ ခုနှစ်အရောက်တွင် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ အစိုးရတစ်ရပ် ဖွဲ့စည်းခွင့်ရခဲ့ပြီးနောက်ပိုင်း ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းများ၊ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းပွင့်သွားခဲ့သော်လည်း အစိုးရယန္တရားအတွင်းတွင်မူ အပြန်အလှန်စစ်ဆေးထိန်းကျောင်းရေးကိစ္စများမှာ တိုးတက်ဖြစ်ထွန်းမှုများ မရှိခဲ့ဘဲ အချိန်များကုန်ဆုံးခဲ့ရသည်ဟု နိုင်ငံ့အရေး လေ့လာသုံးသပ်သူများက ဆိုခဲ့ကြသည်။

**စိန်ခေါ်မှုများနှင့်ရင်ဆိုင်**

အထူးသဖြင့် အုပ်ချုပ်ရေးဌာနများ၏ ဘတ်ဂျက်ရေးဆွဲတင်ပြမှုများနှင့် သုံးစွဲမှုများအပေါ် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဘတ်ဂျက်ဝေဖန်စစ်ဆန်းမှုနှင့် ဝန်ဆောင်မှုပေးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်ဟုလည်း ပြောဆိုသံများထွက်ပေါ်လာနေသည်။ ထို့ကြောင့်ပင် ပညာရေး၊ ကျန်းမာရေးကဲ့သို့သော လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် အစိုးရ၏ဘတ်ဂျက်အသုံးစရိတ်များ ခွဲဝေသုံးစွဲရာတွင် ထိရောက်မှုရှိစေရေးအပေါ် ဆိုးကျိုးများဖြစ်ပေါ်စေလေသည်။ နိုင်ငံတကာစံနှုန်းများအရ ကြည့်လျှင်အဆိုပါ ကဏ္ဍများတွင် သုံးစွဲသော အစိုးရ၏ GDP ရာခိုင်နှုန်းအရ သုံးစွဲရမည့် အသုံးစရိတ်သည် နည်းပါးနေလျှင် နိုင်ငံ၏ နေရာတိုင်းရှိပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် အသိပညာအရည်အသွေးပိုင်းဆိုင်ရာအခြေအနေတို့ကို မြှင့်တင်ပေးရန် အကန့်အသတ်များဖြစ်ပေါ်နေမည်ဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသည့် တိုင်းရင်းသားပြည်နယ်များအတွက်မူ ပို၍ခက်ခဲစေနိုင်လေသည်။

အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများအတွက် ယခု၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျင့်သုံးနေသည့် နိုင်ငံတော်ဘတ်ဂျက်များကိစ္စကို ပြန်ဆန်းစစ်ကြည့်ရလျှင် ယခင်အစိုးရလက်ထက် သက်တမ်းကုန်ဆုံးခါနီးအချိန်တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၂၁) ဖြင့် ၂၅-၁-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စု၏အရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ သို့သော်လည်း အစိုးရသစ်လက်ထက်တွင် ဝန်ကြီးဌာနများကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးသည့်နောက်ပိုင်းတွင် အဆိုပါဥပဒေအား နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းကာ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေးအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေအဖြစ် ၁၁-၈-၂၀၁၆ ရက်တွင် ထပ်မံထုတ်ပြန်ပြဋ္ဌာန်းခဲ့ကြသည်။

သို့သော်လည်း ထိုဥပဒေကိုပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး နှစ်လအကြာတွင် အဆိုပါဥပဒေပါ နိုင်ငံတော် ဘတ်ဂျက်ငွေများနှင့်ပတ်သက်ပြီး လွှတ်တော်ကခွင့်ပြုပေးသော ရငွေများထက် နောက်ထပ်ပိုမိုရရှိနိုင်သည့် အခွင့်အရေးပေါ်ပေါက်ခြင်း၊ လွှတ်တော်ကခွင့်ပြုပြီးသော အသုံးစရိတ်ထက်ပို၍လိုအပ်ခြင်း၊ လုပ်ငန်းအသစ်တစ်ရပ်ရပ်အတွက်လွှတ်တော်ခွင့်ပြုချက် ထပ်မံလိုအပ်သော အသုံးစရိတ်ဖြစ်ခြင်းနှင့် ယခင်ကလျာ့ပေါ့သတ်မှတ်ခဲ့သဖြင့် ထပ်မံလိုအပ်ခြင်းတို့အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကိုတင်သွင်းဆွေးနွေးရန်လိုအပ်လာခဲ့ပြန်သည်။ သည့်အတွက်ပင် ပြီးခဲ့သည့်လ အောက်တိုဘာ ၃၁ ရက်နေ့တွင် အစိုးရသစ်လက်ထက်တွင် ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၆) အစည်းအဝေးကို ယနေ့ နိုင်ငံတော်သမ္မတ အိမ်တော် အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတကဦးစီးပြီးကျင်းပခဲ့ကြသည်။

> ပြည်သူ့ ဘဏ္ဍာငွေများဖြင့် ချမှတ်ပေးသည့် နိုင်ငံတော်ဘတ်ဂျက်များသည် ပြည်သူများအတွက်သာ ဖြစ်စေရမည်ဖြစ်ပြီး ဌာနဆိုင်ရာများအတွက် . . .

**အသေးစိတ်ဆန်းစစ်**

နိုင်ငံတော်သမ္မတဦးစီးသည့် အုပ်ချုပ်ရေးအဖွဲ့၏ ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုခဲ့သည့် အဆိုပါပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို လာမည့်နိုဝင်ဘာလ ၁၆ ရက်တွင် ပြန်လည်ကျင်းပတော့မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တင်သွင်းဆွေးနွေးကြရတော့မည်ဖြစ်သည်။ ထိုသို့ တင်သွင်းဆွေးနွေးကြရာတွင်လည်း ဆွေးနွေးမှုမတိုင်မီ လွှတ်တော်အတွင်းဖွဲ့စည်းထားသည့် ဆိုင်ရာကော်မတီအသီးသီးတို့က တစ်ဖန်ဆန်းစစ်ကြရဦးမည်ဖြစ်သည်။ ထိုသို့ဆန်းစစ်ကြပြီး အုပ်ချုပ်ရေးအဖွဲ့မှ တင်ပြလာသည့် အသုံးစရိတ်များကို သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့်လျှော့၍ ခွင့်ပြုခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်က ပြုလုပ်နိုင်ရန် အခွင့်အာဏာအပ်နှင်းထားမှုနှင့်အညီ အသေအချာအသေးစိတ်ဆန်းစစ်ကြရမည်ဖြစ်သည်။ ဌာနဆိုင်ရာများမှတင်ပြလာသည့် အသုံးစရိတ်များနှင့် ပတ်သက်၍လည်း တတ်နိုင်သမျှခေါ်ယူကြားနာကာလိုအပ်နေသည့် နေရာများအတွက် ထပ်မံထည့်သွင်းလျာထားမှုများ ဆောင်ရွက်ကြရမည်။ ပိုနေသည့်နေရာများနှင့် ယခင်ကာလများက တင်ပြခဲ့ဖူးသည့် အသုံးစရိတ်များအတွက်မူငြင်းပယ်ဖြတ်တောက်မှု ပြုကြရမည်။ အုပ်ချုပ်ရေးအဖွဲ့ဌာနဆိုင်ရာများက တင်ပြလာသည့် အချို့သောအသုံးစရိတ်များမှ ဒေသန္တရပေါက်ဈေးထက် အဆမတန်များလွန်းနေပြီး အပိုတွက်ချက်တင်ပြထားမှုများအပေါ် အသေအချာအသေးစိတ်ပြန်လည်တွက်ချက် ဆန်းစစ်ကြရမည်ဖြစ်ပြီး လျှော့ပြီးခွင့်ပြုပေးရမည်။ တွက်ချက်မှု လိုနေသည့်နေရာများကို တိုး၍ခွင့်ပြုပေးရမည်။ ပြည်သူ့ရေးရာဝန်ဆောင်မှု လုပ်ငန်းများအတွက် နိုင်ငံတော်၏ GDP ရာခိုင်နှုန်းကိုကြည့်ပြီး တတ်နိုင်သမျှ တိုးပေးရမည်။

**ဦးစားပေးစဉ်းစား**

ပြည်သူတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် အသိပညာပိုင်းဆိုင်ရာ ပညာရေး၊ ကျန်းမာရေးနယ်ပယ်များတွင် တိုးနိုင်သလောက်တိုးပေးရမည်။ ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေကြရသည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဖြစ်စဉ် (Globilization Of Weather Changes) အတွင်း ရင်ဆိုင်နေကြရသည့် မိုးကြီးရေကြီး ရေလွှမ်းမြေပြိုမှုများအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများအတွက် တိုးပေးရမည်။ ဆည်မြောင်းတာတမံကြံ့ခိုင်ရေး၊ တာတမံများ ပိုမိုများပြားလာရေး ဦးစားပေးထည့် သွင်းလျာထားပေးကြရမည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမား အလုပ်သမားအခြေခံလူတန်းစားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ၊ မျိုးကောင်းမျိုးသန့်များနှင့် ကာကွယ်ဆေးများအတွက် ဦးစားပေးစဉ်းစားကြရမည်။ ပြည်သူအများ သွားရေးလာရေးလွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် လမ်း၊ တံတား ကွန်ရက်များအတွက် ထည့်သွင်းတွက်ချက်ကြရမည်။ အလုပ်အကိုင်ရရှိရေးနှင့် တစ်နေ့တာဝင်ငွေ တိုးမြှင့်စေရေးအတွက် နိုင်ငံတော်၏ စက်မှုစီမံကိန်းကြီးများကို အားပေးအားမြှောက်ပြုကာ အဆင့်မြှင့်တင်ပေးရေး ထည့်သွင်း တွက်ချက်လျာထားကြရမည်သာဖြစ်သည်။

အုပ်ချုပ်ရေးအဖွဲ့ ဌာနဆိုင်ရာများအတွက် ရုံးသုံးစာရေးကိရိယာများ၊ စက်ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် ခြိုးခြံချွေတာပြီး လျှော့ချဖြတ်တောက်ကြရမည်ဖြစ်သည်။ ထိုသို့သော ဆောင်ရွက်ချက်များသည် မကြာမီကျရောက်လာမည့် လာမည့် ၂၀၁၇ ခုနှစ်ဘဏ္ဍာရေးနှစ် ဧပြီလအတွင်းတွင် ထပ်မံပြဋ္ဌာန်းကြရဦးမည့် ဘတ်ဂျက်ဥပဒေအတွက်လည်း အလေ့အကျင့်ကောင်းတစ်ခု၊ အခြေခံကောင်းတစ်ရပ်အဖြစ် ဆက်လက်ပြင်ဆင်ထားကြရန် လိုလာမည်။

**ပြည်သူ့အကျိုးကြည့်**

မလိုသည့်အသုံးစရိတ်များကို အသေးစိတ်စိစစ်လျှော့ချဖြတ်တောက်ပြီး လတ်တလောမလိုသေးသည့် လုပ်ငန်းစီမံကိန်းများကို လုံးဝငြင်းပယ်ဖြတ်တောက်ပစ်ရမည်ဖြစ်သည်။ သာမညနှင့် အဓိကကိုခွဲခြားပြီး လွှတ်တော်အပိုင်းက အုပ်ချုပ်ရေးအဖွဲ့ပိုင်းကို သမာသမတ်ကျကျ၊ အဂတိတရားကင်းကင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးမျက်နှာတစ်ခုတည်းကိုသာလျှင် ကြည့်ပြီး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့လွှတ်တော်ကိုယ်စားလှယ်များအပိုင်းမှ သေချာစွာစိစစ်ကြပ်မတ်လျှော့ချ၊ ငြင်းပယ်၊ ဖြတ်တောက်ပြီး ခွင့်ပြုကာ ဥပဒေတစ်ရပ်အဖြစ်ပြဋ္ဌာန်းပြီး နောက်ပိုင်းတွင်လည်း မြေပြင်တွင် အမှန်တကယ် အောင်မြင်အောင်အကောင်အထည်ဖော်ရမည့် ဌာနများအနေဖြင့် နိုင်ငံတော်သမ္မတ၏ အပိတ်အမှာစကားနှင့်အညီ နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်ပြီး ပြည်သူအများစိုးရိမ်ပူပန်နေကြသဖြင့် နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်းများ၊ ဘတ်ဂျက်များဖြစ်ရန် အစိုးရဌာန ဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုအပြည့်အဝရှိရန် အရေးကြီး ပြည်သူ့ဘဏ္ဍာငွေများကို ကိုင်တွယ်သုံးစွဲကြရာတွင် ပြည်သူ့အကျိုးအတွက် စနစ်တကျရှိကြရန် အထူးလိုအပ်လာနေပြီဖြစ်သည်။

ၾင်းအပြင် လွှတ်တော်က ခွင့်ပြုပေးလိုက်သည့် ဘတ်ဂျက်ငွေများနှင့် မြေပြင်တွင်အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းများ၏ ကုန်ကျမှုများမှာ အမှန်တကယ် ကိုက်ညီမှု ရှိ-မရှိ၊ ပြည့်ပြည့်ဝဝ သုံးစွဲခြင်း ရှိ မရှိ၊ အရည်အသွေးစံချိန်မီ-မမီ၊ ဌာနဆိုင်ရာများအနေဖြင့်လည်း အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကနဦးလုပ်ငန်းစဉ်ဖြစ်သည့် တင်ဒါခေါ်ယူရေးလုပ်ငန်းများတွင်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်-မဖြစ်၊ ဥပဒေကို လက်တစ်လုံးခြားပြုလုပ်ပြီး ဌာနအကြီးအကဲများနှင့် နွယ်ယှက်သည့်သူများကိုသာ လက်သိပ်ထိုးပေးအပ်ပြီး ဥပဒေနှင့်ကိုက်ညီအောင် ပြုလုပ်ထားခြင်း ဟုတ်-မဟုတ်တို့ကို လွှတ်တော်ကိုယ်စားလှယ်များကပင် ပြန်လည်ထိန်းကျောင်းကြရမည်ဖြစ်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကပေါ်လွင်အောင် စစ်ဆေးပေးကြရမည်။

**မှန်ကန်တိကျစွာစစ်ဆေး**

ၾင်းအပြင် မြေပြင်တွင်အမှန်သုံးစွဲမှုကိစ္စများအတွက် စစ်ဆေးမည့် အုပ်ချုပ်ရေးအဖွဲ့၏ ပြည်ထောင်စုစာရင်းစစ်ချုပ်အနေဖြင့်လည်း မှန်ကန်တိကျစွာ စစ်ဆေးရန်နှင့် စစ်ဆေးတွေ့ရှိမှုများကိုလည်း ပြည်သူများထံမှ ကောက်ခံထားသည့် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲထားမှုကို ပြည်သူများသိရှိစေရေးအတွက် ပြည်ထောင်စု လွှတ်တော်ကို ပေးအပ်ထားသည့် ဥပဒေအရ တစ်ဖန်အစီရင်ခံရာတွင်လည်း အမှန်အတိုင်းတင်ပြရန် အထူးလိုအပ်ပြီး အရေးကြီးပါသည်။ ထိုကိစ္စသည် အရေးကြီးပြီး စစ်ဆေးတွေ့ရှိမှုအပေါ်မူတည်ပြီးမှသာ လွှတ်တော်အတွင်း တစ်ဖန်ပြန်လည် ဆွေးနွေးသုံးသပ်ကာ ဆိုင်ရာဌာနများသို့ သတိပေးခြင်းများ၊ ပြင်ဆင်စေခြင်းများနှင့် အားနည်းချက်၊ အားသာချက်များကို ပြည်သူများသို့ အသိပေးခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ ထိုသို့သော စစ်ဆေးမှုကိစ္စတိုင်းတွင် အကျင့်ပျက်ခြစားမှု၊ အဂတိတရားလိုက်စားမှု မဖြစ်ပေါ်ရန် အရေးကြီးလှပါသည်။ ထိုစနစ်ကို အုပ်ချုပ်ရေးအဖွဲ့အစည်းအတွင်းကို ဥပဒေပြုရေးအပိုင်းက ထိန်းကျောင်းခြင်းဟုခေါ်သည်။

ယနေ့လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် နိုင်ငံတော်သမ္မတမှလည်း သိရှိနေပြီး ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် ပြောကြားခဲ့သည့် စကားများလည်းရှိသည်။ ထိုအစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် အထူးခြားဆုံးပြောကြားမှုမှာ "နိုင်ငံတော် အနေဖြင့် ငွေရေးကြေးရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေပြီး အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိရန်၊ နိုင်ငံပိုင်လုပ်ငန်းများ ပြန်လည်တည်ဆောက်ရန်၊ ပြောင်းလဲနိုင်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် တစ်ဖက်တွင်လည်း ကမ္ဘာ့စီးပွားရေး နွေးကွေးကြပ်တည်းနေသည့် ယခုအချိန်တွင် နိုင်ငံတော်၏ဘဏ္ဍာငွေများကို သုံးစွဲရာတွင် စိစိစစ်စစ်၊ အကျိုးရှိရှိ သုံးစွဲကြရန်၊ သုံးစွဲမှုများနှင့်ပတ်သက်၍လည်း ပွင့်လင်းမြင်သာမှု မြှင့်တင်ပြီး စောင့်ကြည့်မှုခံယူနိုင်ရန်" ဟု ဖြစ်သည်။

**တိတိကျကျအရေးယူ**

သို့ဖြစ်၍ နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ပြည်သူ့ဘဏ္ဍာငွေများဖြင့် ချမှတ်ပေးသည့် နိုင်ငံတော်ဘတ်ဂျက်များသည် ပြည်သူများအတွက်သာဖြစ်စေရမည်ဖြစ်ပြီး ဌာနဆိုင်ရာများအတွက်မဟုတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ထို့ပြင် ဌာနဆိုင်ရာများအနေဖြင့် ပြောင်းလဲလာနေသည့် ခေတ်စနစ်အချိန်အခါများအရ နိုင်ငံတော်သမ္မတ၏ စကားအတိုင်း လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ စိစစ်ထိန်းသိမ်းသုံးစွဲကြရန် အထူးတာဝန်ရှိသည်။ အဆိုပါ ဘတ်ဂျက်သုံးစွဲမှုများအပေါ် လွှတ်တော်အပိုင်းကလည်း အထူးစောင့်ကြပ်ကြည့်ရှုထိန်းကျောင်းပြီး အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာလျှင်လည်း တရားစီရင်ရေးအပိုင်းသို့ လွှဲအပ်ကာ တည်ဆဲဥပဒေများနှင့် တိတိကျကျအရေးယူကြရမည်ဖြစ်သည်။ သို့မှသာ အဆိုပါနိုင်ငံ့ဘတ်ဂျက်၊ ပြည်သူ့ဘဏ္ဍာငွေများအပေါ် တလေးတစားရှိလာပြီး အမှန်တကယ် ထိထိရောက်ရောက်သုံးစွဲတတ်လာမည်ဖြစ်ပြီး ပြည်သူများလည်း ပြည့်ပြည့်ဝဝ ခံစားကြရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။


ကောင်းမွန်စွာ အိပ်စက်အနားယူလိုက်ပါ...
SOMINO ဟာ အိပ်ဆေးများကဲ့သို့မဟုတ်ဘဲ လူ့ခန္ဓာကိုယ်အတွင်းရှိ
အိပ်စက်ခြင်းကိုအထောက်အကူပြုတဲ့ သဘာဝဟော်မုန်းကို တိုးမြှင့်စေခြင်းဖြင့်
ကောင်းမွန်စွာ အိပ်စက်အနားရစေပါတယ်။
Time Release
Dietary Supplement
SOMINO-SLEEP
Melatonin 3mg
Promote Restful Sleep & Wake Up Fresh
- Non Sedative
- Natural Aid to Sleep
အိပ်စက်ခြင်းအတွက်သဘာဝဓါတ်စာ
ဆိုမီနို
K.T.Z Company Limited

# မင်္ဂလာဆုမွန်လွှာ

**ဦးထင်ပေါ်(ဒု-ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်သန်းသန်းမြင့်(အကြီးတန်းအထွေထွေမန်နေဂျာ)** အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တို့၏ ၇-၁၁-၂၀၁၆ ရက်တွင် ကျရောက်သော (၁၇)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သားလေး မောင်လင်းမြတ်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သည့် မိသားစုဘဝကို အတူထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်တပည့်များ** - ဆွေဆွေ၊ ချိုမာ၊ စိန်မင်းလင်း၊ သူရိန်၊ မတင့်၊ အေးသန့်၊ ခိုင်ခိုင်၊ သန္တာ၊ ကိုလင်း၊ မြတ်စု

**(အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်)**

---

## မိုးမြင့်ကြယ်

| | |
|---|---|
| ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်း) | 33000 |
| ရောင်းသာ (Guest - ငြိမ်း) | 33000 |
| (နေ့စဉ်) (Hotel - ငြိမ်း) | 42000 |
| ငွေဆောင် (Hotel - ငြိမ်း) | 50000 |
| (နေ့စဉ်) (Hotel+ကား) | 45000 |
| ပုဂံ/ပုပ္ပါး (Hotel - ငြိမ်း) | 110000 |

ကားအမျိုးစုံ ငှားရမ်းဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

---

DADDY (ဒယ်ဒီ) Travels & Tours
ဂေါ်ရန်ဂျီကျွန်း (2 ည/ 3 ရက်)
Ks-70000/85000
Nov 11,12,18,23,25 ထွက်မည်။
Ph: 09 448001903
(စရံငွေဖြင့်)

---

# "ပုလဲရတုမင်္ဂလာဆုတောင်း"

ချစ်ဖခင် – Captain ဦးထွန်းမင်း
ချစ်မာမီ – ဒေါ်နှင်းနှင်းဝေ (တော်ဝင် ရတနာရွှေဆိုင်)

(၇-၁၁-၁၉၈၆)မှစခဲ့တဲ့ ချစ်ခရီး ပုလဲရတုမှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်ခြင်းတို့ဖြင့် သစ္စာစောင့်သိစွာဖိုက်လျက် လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး တူညီဖြိုး၍ ကျန်းမာသက်ရှည် အနာမဲ့စေ၊ ကာယစိတ္တ နှစ်ဖြာချမ်းသာသုခ ပြည့်စုံပါစေ၊ အဝေးနေ ချစ်သားသမီးတို့က ဆုမွန်ခြွေလျက် .....

ချစ်သမီး – Dr. Sandy Tun Min MBBS (Sydney)
Hunter New England Health, Newcastle
ချစ်သား – Dr. Randy Aung MD MSc Candidate
Paediatric Resident
Bronx - Leanon Hospital Center, New York

---

# ဖွေးနေ့ဆုတောင်း

၇-၁၁-၂၀၁၆ နေ့တွင် ကျရောက်သော
ဦးဝင်းဖေ (နေပြည်တော်)
B.Sc(Maths),MBA,DMA, D.C.S.C,
ဓမ္မ

[illegible]

တိုင်းပြည်တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း။
အခွင့်အလမ်းကျွန်ုပ်တို့မိသားစု
Two-Four DMA Media Group
EMBA 3rd Batch နှင့် 2002-2004 DMA
သင်တန်းမှ သူငယ်ချင်းများ

---

APM Group (Car Rental)
မြို့တွင်း/နယ်ဝေး/လချုပ် ကားလေးမျိုးစုံ ဈေးနှုန်းချိုသာစွာဖြင့် အငှားလိုက်သည်။
၀၉-၉၆၀၀၂၇၇၆၆၊ ၀၁-၅၄၆၇၈၈

---

မင်္ဂလာပါ

[illegible]

09-450042784
09-250095116
09-420086786

---

ကိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်။
09 25 358 2510, 09 515 8803

---

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၃)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

---

FULLY LIGHT ခရီးသွားလုပ်ငန်း
ထူကြီးခင်းထဲ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
01-503815, 09-333 777 82, 09-42 101 3085

---

မြန်မာနိုင်ငံသားတိုင်း အကောင်းစား laptop တလုံးကိုပိုင်ဆိုင်နိုင်ရန်
Core2Duo, RAM-1GB, HDD-40GB, DVD, WiFi ကို 95000ကျပ်
Core2Duo, RAM-2GB- HDD-80GB, DVD, WiFi ကို 110000ကျပ်
FMV
သတိုးအောင်ဓေယျ ကွန်ပြူတာဆိုင်မှ
(7.11.16) မှ (14.11.16) အထိ ဖြင့်ရောင်းချပေးနေပါပြီ...
Facebook တွင် ttazy ရိုက်လိုက်ပါ
သိချင်တာအားလုံးကို ရှင်းလင်းစွာဖော်ပြထားပါသည်။
အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုပါက ဆက်သွယ်ရမည့်ဖုန်း၊ ၀၉၅၀၇၁၇၈၉၊ ၀၉၇၇၇၂၂၁၉၉၁၊ ၀၉၇၈၄၅၅၉၃၀၉
အမှတ်(၁၀၆)၊ ဆိပ်ကမ်းသာလမ်း(မဟာဗန္ဓုလနှင့် ကုန်သည်ကြား)၊ ဖုန်း 01-250084, 095071789, 09977221991, 09784559309
အမှတ်(၆၆/၆၈)၊ တိုက်(A)၊ အခန်း(B)၊ ဝဇ္ဇီရိဝင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 09-43085310, 09-43023939, 09-977221334
အမှတ်(ပ-၅၃)၊ ပွဲရုံအထွက်လမ်း၊ ဈေးတော်ဘက်လမ်း၊ မြို့မဈေး၊ နေပြည်တော်မြို့၊ ဖုန်း ၀၉-၄၂၀၈၈၀၃၃၄၊ ၀၉-၉၇၇၂၂၁၃၃၄

---

# OK Parquet (ပါကေး)

[illegible]



www.okparquet.com,
E-mail.okparquet@gmail.com
Ph : 09 5402605, 09 420097762, 09 799286916, 09 798195659
Office - 09 775 614 556

---

## ကျောင်းသားသုံး လိုတိုရှင်း အင်္ဂလိပ်စကားပြော

[illegible]

## လက်တွေ့အသုံးချ လွယ်ကူလေ့လာ အင်္ဂလိပ်သဒ္ဒါ

[illegible]

## အကောင်းဆုံး အင်္ဂလိပ်စကားပြော

[illegible]

စာအုပ်များကို အိမ်တိုင်ရာရောက်မှာယူလိုပါက စာအုပ်တန်ဖိုး+ပို့ခတစ်အုပ်လျှင် ၁၀၀၀ကျပ်နှုန်းဖြင့်ပို့ပေးပါသည်။ စာအုပ်ရောက်မှ ငွေပေးချေရပါမည်။ မှာယူလိုပါက ဖုန်း – ၀၉၂၅၃၈၀၆၆၀၀၊ ၀၉၂၆၂၅၆၀၀၀၅ ကို မနက်(၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအတွင်း ဖိတ်ခေါ်မှာယူနိုင်ပါသည်။

**မဇ္ဈိမစာပေ**
အမှတ်(၂၃၇)၊ ၃၃လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း – ၀၁-၃၉၂၃၁၅၊ ၀၉ ၇၇၃၇၇၄၇၃၃



**SUCCESS Language Academy**

ကျောင်းသားသစ် (15% Discount) နှင့် ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)

Ph: 01-503472, 09 73001453, 09 30775232

| | | | |
|---|---|---|---|
| 7:30 - 9 (Mon – Thurs) 7 Nov | 1 - 2:30 (Mon – Thurs) 7 Nov | 10 - 11:30 (Mon – Thurs) 21 Nov | 7:30 - 10:30 (Sat + Sun) 6 Nov |
| 9 - 12:00 (Sat + Sun) 13 Nov | 10 - 11:30 (Mon – Thurs) 9 Nov | 3:30 - 5 (Mon – Thurs) 28 Nov | 7:30 - 9 (Mon – Thurs) 8 Nov |
| 10 - 11:30 (Mon – Thurs) 21 Nov | 6 - 7:30 (Mon – Thurs) 15 Nov | 1 - 2:30 (Mon – Thurs) 7 Nov | 1 - 2:30 (Mon – Thurs) 16 Nov |
| 1 - 2:30 (Mon – Thurs) 28 Nov | 3:30 - 5 (Mon – Thurs) 7 Nov | 7:30 - 10:30 (Sat + Sun) 3 Dec | 9 - 12:00 (Sat + Sun) 26 Nov |
| 7:30 - 10:30 (Sat + Sun) 13 Nov | 7:30 - 9 (Mon – Thurs) 15 Nov | 12:30 - 3:30 (Sat + Sun) 3 Dec | 3:30 - 5 (Mon – Thurs) 28 Nov |
| 7:30 - 9 (Mon – Thurs) 15 Nov | 1 - 2:30 (Mon – Thurs) 28 Nov | 7:30 - 9:30 (Mon – Thurs) 16 Nov | 3:30 - 5 (Mon – Thurs) 16 Nov |
| 10 - 11:30 (Mon – Thurs) 15 Nov | 1 - 4:00 (Sat + Sun) 19 Nov | 1 - 4:30 (Sat + Sun) 19 Nov | 7:30 - 9 (Mon – Thurs) 21 Nov |
| 9 - 12:00 (Sat + Sun) 19 Nov | 10 - 11:30 (Mon – Thurs) 16 Nov | 7:30 - 9 (Mon – Thurs) 5 Dec | 7:30 - 9 (Mon – Thurs) 15 Nov |
| 3:30 - 5 (Mon – Thurs) 21 Nov | 7:30 - 9 (Mon – Thurs) 16 Nov | 10 - 12:00 (Mon – Thurs) 7 Nov | 10 - 11:30 (Mon – Thurs) 26 Dec |
| 1 - 4:00 (Sat + Sun) 26 Nov | 9 - 12:00 (Sat + Sun) 26 Nov | | 7:30 - 9 (Mon – Thurs) 28 Nov |
| 6 - 7:30 (Mon – Thurs) 28 Nov | | | |

**GOLDEN STAR**

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

ဒေါင်းမင်း 09425355758, 09255913926
ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
Guest - 100000
Guest - 70000
Hotel Package - 65000
Hotel Package - 65000

**Highway Star**

Nov 12 5+1
Nov (11) (10+1 Discount)
Nov (23)
09-253235411-22 / 253241300 / 36220108 / 250277537
English Speaking Classes (2)လ-60000 Ks
09-65129358, 263916051, 73129558

**Special Promotion @ Global Art Myanmar**



Global Art Myanmar Think Creative
Special Promotion
Core Programmes နှင့် Enhancement Programmes
Course Fees
10% DISCOUNT
Promotion period ( 1st Nov – 30th Nov )

**CROWN EDUCATION** Learning Centre

**IELTS**
Special Exam Practice Class



- IELTS Preparation Course
- IELTS Exam Practice Course

Enroll now for Nov Intake

- Foundation English Course
- Intermediate English Course
- Advanced English Course

Call us : 01 527 838, 09 732 56 965, 09 2548 28311



Home
နံရံကပ်အလှဆင်
Wall Leather
Special Promotion !
Terms & Condition Applied
Buy 1 လိပ် Korean Wall Leather → Get FREE 2 လိပ် Vinyl Wall Covering
☎ 09 79 700 70 74, 09 79 700 70 84

ကြော်ငြာအိမ်တိုင်ရာရောက် (Door-to-Door) ဝန်ဆောင်မှု

ကြော်ငြာထည့်သွင်းနိုင်ရန် အိမ်တိုင်ရာရောက် (Door-to-Door) ဝန်ဆောင်မှုပေးနေပါပြီ။

(FMG Media)

09-43185295, 09,264476886, 09-786349871

**Yuri Japanese Language School**

| Starting Date | Class | Time | Month | Fees |
|---|---|---|---|---|
| 8-11-2016 | N5 Basic Special Class | 6:30~7:30 (Mon~Thu) | 3.5 (months) | 80,000 Kyats |
| 30-11-2016 | N4 Intermediate Special Class | 10:00~12:00 (Mon~Thu) | 3.5 (months) | 80,000 Kyats |
| 5-12-2016 | N3 Pre advanced | 6:30~7:30 (Mon~Tue~Wed) | 6 (months) | 100,000 Kyats |
| 5-11-2016 | N5 Sat + Sun Class | 1:00~3:00 (Sat+Sun) | 4.5 (months) | 80,000 Kyats |
| 6-11-2016 | N4 Sunday Only Class | 10:00~1:00 (Sun) | 4.5 (months) | 80,000 Kyats |

၂၀၁၇ July Intake ဂျပန်နိုင်ငံ Tokyo Oct 24,2016 မှ Jun 31,2017 (Discount)

ဆက်သွယ်ရန်ဖုန်း ၀၉ ၄၂၀၀၀၇၉၄၉၊ ၀၉ ၄၂၀၀၅၅၀၀၀

မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်း ထောက်ခံချက်ရရှိထားသည်

**နေဗာတိုင်းဆောင်စား**

Since 2001


Rain Flower

3 Years


အရောင်း / ဝန်ဆောင် / ဖြည့်



**apple**



Ginseng Silky Hair Coat



Apple Production Co., Ltd.

## ကြော်ငြာ


**GOLDEN STAR** Travels & Tours
- ပုဂံ(ရွှေစည်းခုံ)–ပုပ္ပါး–ဓနုဖြူ Nov-11, 23
- မန္တလေး–ပြင်ဦးလွင်(မိုးညှင်း)–စစ်ကိုင်း Nov-11, 23
- တောင်ကြီး(ဖိုးဝင်း)–အင်းလေး–ဝင်းဘယ Nov-11, 23

ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)
09-2028080, 09-5081580, 09-5036640, 09-5080860

**Asia Top** မှ တန်ဆောင်တိုင်ဘုရားဖူးခရီးစဉ်
Nov 11,18,23,25
094316418,09421099574,098635520

**UNIQUE STAR** TRAVELS & TOURS
Vietnam-Cambodia (6D/5N) Nov: 12,19 (650 / 750$)
Saigon-MuiNe-Dalat (5D/4N) Nov: 12,19 (360/460$)
NhaTrang-Hua An (6D/5N) Nov:12,19 (550 / 650$)
DaNang-BaNa Hill (6D/5N) Nov:12,19 (750 / 850$)
Saigon-Hanoi-Halong (6D/5N) Nov:5,12 (650/ 750$)
Hanoi-Halong Bay (4D/3N) Nov: 12,19 (490/ 590$)
S'pore-Malay (7D/6N) Nov:19 /Dec: 10,29 (950 / 1150 $)
Singapore / Bali (5D/4N) Nov:10 / Dec:29 (650/ 950 $)
Bangkok-Pattaya (6Days/5Nights)
Nov: 19, Dec: 29 (490 $) Air Ticket Included
Tiger Zoo,Nong Nooch,Alcaza Show,Dream /Safari World,
Emerald Buddha, Ayuttaya, Baiyoke Sky / Cruise Dinner.
Bangkok-Chiangmai (6Days/5Nights)
Bangkok-Phuket (6Days/5Nights)
Bangkok-Cambodia (6Days/5Nights)
70/A,Kabaaye Pagoda Rd,Bahan Tsp.01-708 353,705 723,09 514 8079,09 540 1568 -69,09 7310 9133-44.

**မြတ်ဗောဓိ** ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
၈ ရက်ခရီး - ၉သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၃) ဌာန(အိန္ဒိယ - နီပေါ)
၁၂ ရက်ခရီး - ၉ . ၅သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ (သက်သာနဂိုရ်) ဘုရားဌာနအားလုံး ၊ (အိန္ဒိယ-နီပေါ)
၁၅ ရက်ခရီး -၁၀. ၅သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ ဝဂ်ဂြိမ်၊ အာဂရာ(တပ်ချုပ်မဟာ)၊နယူးဒေလီ နေရာစုံ (အိန္ဒိယ - နီပေါ)

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများအတွက်
**ဂုဏ်ထူး ဦးအောင်ဒိုင်**
2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919






Ph : 09-5097001
09-49259491
09-421177464

TRUE
Ph: 01-680828, 0973080656, 0973040665.




# အာဆီယံယူ-၁၈ ပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာယူ-၁၈ အသင်း အချိန်ယူပြင်ဆင်မည်

ရန်ကုန် နိုဝင်ဘာ ၆

**၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာယူ-၁၈ အသင်းသည် ၁၀ လနီးပါး အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်သည်။**

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✻



မြန်မာယူ-၁၈ အသင်းအဖြစ်ပြောင်းလဲဖွဲ့စည်းမည့် MFF Youth အသင်းအား ပထမတန်းလူငယ်ပြိုင်ပွဲတွင် ဗိုလ်စွဲစဉ်က တွေ့ရစဉ်။


ဒုတိယသမ္မတ ဦးမြင့်ဆွေ ခန္တီးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းသူများ ချုပ်ထားသည့် လက်မှုပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

# ခန္တီးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့ကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ရောက်ရှိပြီး ခန္တီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း၌ ဒုတိယကျောင်းအုပ်၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် တွေ့ဆုံရာ ဒုတိယကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းသူများအား နှစ်အလိုက် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နယ်စပ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားများမှာ မြို့ပြတွင် နေထိုင်ကြသူများထက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟခြင်းမှာ အလုပ်အကိုင်နည်းပါးမှုကြောင့် ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် သက်မွေးပညာသင်တန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင်ဆောင်ရွက်နေပါကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪

# မောင်တောခရိုင်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထင်ယောင်ထင်မှားဖြစ်စေရန် စွပ်စွဲပြောဆိုမှုများမှာ ကောလာဟလများသာဖြစ်

**မောင်တော နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံးဒဏ်ရာရရှိခဲ့သည့်အပြင် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်စဉ် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ဝါးပိတ်၊ ပြောင်ပိုက်၊ ငါးစာကြူးနှင့် ငါးခုရကျေးရွာများမှ ရွာသူ ရွာသားများသည် နီးစပ်ရာကျေးရွာများနှင့် ၎င်းတို့၏ ဆွေမျိုးများ၏ နေအိမ်များသို့ တိမ်းရှောင်ခဲ့ကြရာမှ ယခုအခါ နယ်မြေတည်ငြိမ်မှုရှိလာသဖြင့် ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိကြသည်။

ထိုသို့ နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုအပေါ် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများ၊ နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ကျေးရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ထွက်ပြေးပြီး ရွာသူရွာသားများ နေရပ်စွန့်ခွာထွက်ပြေးစေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် အခြေအနေရှုပ်ထွေးပြီး မတည်မငြိမ်ဖြစ်စေရန် ပြည်ပသတင်းဌာနအချို့ထံ မဟုတ်မမှန်သတင်းများပေးပို့ကာ လုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်လျက်ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐



# ကျေးဇူးအထူးတင်ရှိခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

CIM — CULINARY INSTITUTE OF MYANMAR

Culinary Institute of Myanmar (CIM) မှ သင်ကြားပို့ချသော Baking Science and Technology Course (2nd Batch) တွင် ဈေးကွက်ဝင်မုန့်မျိုးစုံကို တစ်ဦးချင်း တက်မြောက်အသေးစိတ်သင်ကြားပေးရုံမျှမက ဂျုံမုန့်ပိုင်းဆိုင်ရာ ဇဟုသုတများ၊ ခေတ်မှီမုန့်နည်းပညာပိုင်းဆိုင်ရာများ (Baking Science)ကိုပါ တတ်မြောက်အောင် စာတွေ့လက်တွေ့သင်ကြားပြသပေးခဲ့သည့် CIM မှ သင်တန်းဆရာ/ဆရာမများနှင့် တက်ရောက်ခွင့်ရရှိရန် ဆက်သွယ်ဖိတ်ကြားပေးခဲ့သည့် " ဦးကြူ မိသားစု "ဂျုံစက်မှ တာဝန်ရှိသူများအားလုံးကိုကျေးဇူးအထူးတင်ရှိပါသည်။

ယခုလိုနိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်သော သင်ကြားရေးအဆင့်မြင့်မုန့်ဖုတ်နည်းပညာသင်တန်းကျောင်း (CIM) သည်လည်း မုန့်ပညာရပ်များ ပိုမိုပြန့်ဝေနိုင်ပြီးဆထက်တပိုးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

CIM 2nd Batch မှ သင်တန်းသား/သူများ









# Forever Gems by ရွှေနန်းတော်






Forever Gems By ရွှေနန်းတော်မှ မြန်မာ့ပထမဦးဆုံးကမ္ဘာ့အဆင့် Jewelry Online Shopping Store ကို (7-11-2016)တွင် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် စတင်မိတ်ဆက်ရောင်းချလိုက်ပါပြီ၊

Save your time, Save your money @ Digital Economy Era

အသေးစိတ်ကြည့်ရှုရန်
www.forever-gems.com/
www.facebook.com/ForeverGemsbyGoldenPalace/
www.instagram.com/ForeverGemsbyGoldenPalace/

Online Shop

5-50% off

**Grand Opening Program (7-11-2016) မှ (31-5-2017) အထိ**

- ပထမဦးဆုံးဝယ်ယူသည့် Customer (၂၀)ဦးအား White Gold လက်စွပ် (၁)ကွင်းစီချီးမြှင့်မည်။
- ၃၁-၁၂-၂၀၁၆ ရက်နေ့တွင်ဖွင့်လှစ်မည့်အထူးကံစမ်းမဲကြီးတွင် Toyota Brand Newကား(၃)စီးနှင့် ရွှေသားကံစမ်းမဲစုစုပေါင်း(၄၀)တွင်ကံစမ်းခွင့်ရှိ။
- ရွှေသားကံစမ်းမဲ (၈ပဲ)၊ (၄ပဲ)၊(၂ပဲ)၊ (၁ပဲ) စုစုပေါင်း(၄၅)ခုနှင့် အခြားအဖိုးတန်ဆုမဲများ(ချက်ချင်းပေါက်ချက်ချင်းယူဗလာမပါကံစမ်းမဲ)
- အများဆုံးဝယ်ယူသူ(၁၀)ဦးအတွက် ရွှေသားဆုမဲ(၁ကျပ်)၊ (၁၂ပဲ)၊ (၈ပဲ)၊ (၄ပဲ) စုစုပေါင်း(၁၀)မျိုး ချီးမြှင့် (31-5-2017)
- ဝယ်ယူသည့်တန်ဖိုးကျပ်သိန်း(၆၀)ပြည့်လျှင်ငွေသားကျပ်(၂၅၀၀၀)ချက်ချင်းခံစားခွင့်ရရှိမည် (Golden Palace Super Diamond card )

Head Office : No(27),U Kyaw Hla Street, Mayangone Township, Yangon, Myanmar.Tel: 09-778808902, 09-778808903, 09-778808904

# Nurturing World Class Leader

STI MYANMAR UNIVERSITY

University of Bedfordshire

## STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်။

### Faculty of Business

- Master of Business Administration
- BA (Hons) Business Administration
- BA (Hons) Accounting

### Faculty of Health Science

- MBA (Hospital and Health Services Management)
- Master of Science in Public Health
- Master of Science in Nutrition & Dietetics

### Faculty of Engineering

- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil & Architectural Engineering
- BEng (Hons) Electronic Engineering
- BSc (Hons) Construction Management

(နိုင်ငံတကာတက္ကသိုလ်ကြီးများရှိ Engineering Lab များအတိုင်း လက်တွေ့သင်ကြားခြင်း)

- ★ Auto CAD Design Lab
- ★ Drawing Lab
- ★ Construction Engineering Workshop
- ★ Surveying Lab
- ★ Structure Materials & Concrete Lab
- ★ Soil Mechanic Lab
- ★ Water Resource Lab
- ★ Electronic Circuit Lab
- ★ Architectural Design Studio
- ★ Hydraulic Lab

### Faculty of Education & Linguistics

- MA Education ( Leadership & Management )




INTERNSHIP
JOB PLACEMENT
AVAILABLE

### Why Study@ STI MU?

- ဘွဲ့ကြိုနှင့် မဟာဘွဲ့အမျိုးအစားအစုံအလင်ဆုံး တစ်ခုတည်းသော ကျောင်းဖြစ်ခြင်း
- UOB, UK ၏ သင်ကြားမှု သင်ယူမှုစနစ်နှင့် နည်းပညာအတိုင်း အရည်အသွေးအာမခံချက်ရရှိထားသည့် တစ်ခုတည်းသောကျောင်းဖြစ်ခြင်း
- သင်တန်းအောင်မြင်ပြီးသူများ MNC ကြီးများတွင် အလုပ်အကိုင်ကောင်းများရရှိခြင်း
- မဟာဘွဲ့တက်ရောက်နေသူများမှာ နယ်ပယ်အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများဖြစ်ခြင်း
- Queen's Award ရရှိထားသော University of Bedfordshire-UK မှတိုက်ရိုက်ချီးမြှင့်သောဘွဲ့ကို နောက်ဆုံးနှစ်အထိ STIMU တွင် တက်ရောက်နိုင်ခြင်း
- Go Global Experience အစီအစဉ်ဖြင့် UOB,UK သို့ သွားရောက်ပညာသင်ကြားနိုင်ခြင်း
- CB Bank ဖြင့် ချိတ်ဆက်ထားသော Education Loan Program ရှိခြင်း

Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507046/48, 09 250064451 www.stiedu.net https://www.facebook.com/STIMyanmarUni

